# အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

[Book.147(2361-2376)

တာအိုသခင်အဆင့် သို့တက်လှမ်းခြင်း

.May Be:

....အပိုင်း ၂၃၆၁

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယွဲ့က '' မင်းတစ်ခုခုလိုအပ်ရင် ငါ့ကိုဆက်သွယ်ပါ။ အတတ်နိုင်ဆုံး ငါအမြန်ဆုံးပြန်လာမယ်''

စကားပြောပြီးသည်နှင့် ယန်ယွဲ့သည် ကောင်းကင်ထက်သို့ပျောက်ကွယ်သွားသည်။

မျောက်ဝံနက်သည် နေရာတွင် တိတ်ဆိတ်စွာရပ်နေခဲ့ပြီး ကောင်းကင်ကိုမော့ကြည့်လိုက်သည်။

ယန်ယဲ့သည် ဓားပျံကိုစီးနှင်းရင်း
တိမ်တိုက်များကြားထဲတွင်
လျင်မြန်စွာပျံသန်းနေသည်။
သူ၏ရည်ရွယ်ချက်က
ကောင်းကင်ကမ္ဘာဖြစ်သည်။ ဇီအာကို
ပြန်ခေါ်ရမည့်အကြောင်း သူ မမေ့ခဲ့ပေ။
သူမကိုပြန်ခေါ်ဖို့အချိန်တန်ပါပြီ။

''ကလေး...ငါထွက်သွားချိန်ရောက်ပြီ''
ဤအချိန်တွင် ယန်ယဲ့၏စိတ်ထဲမှ

အသံတစ်သံ

ရုတ်တရက်ထွက်ပေါ်လာသည်။

ယန်ယဲ့က ရပ်လိုက်သည်။ သူ့ရှေ့တွင်

သက်လတ်ပိုင်းအမျိုးသားတစ်ဦးပေါ်လာ

သည်။

ဟိုချင်။

ဤအချိန်တွင် ဟိုချင်၏ ခန္ဓာကိုယ်က

လုံးဝပြန်လည်ကောင်းမွန်လာသည်။

ယန်ယဲ့က ''အကြီးအကဲ...မင်းက

ရှာမန်ကမ္ဘာကို

ပြန်သွားဖို့ပြောနေတာလား''

ဟိုချင်က ခေါင်းညိတ်လိုက်သည်။ ''

ငါ့ခန္ဓာကိုယ်နှင့်ခွန်အားတွေ

ပြန်ကောင်းမွန်လာပြီ။ ဒါကြောင့်မို့

ရှာမန်ကမ္ဘာမှာ

ငါ့ကိုပစ်မှတ်ထားရဲတဲ့သူတစ်ယောက်မှရှိ

တော့မှာမဟုတ်ဘူး''

ယန်ယဲ့က ခေါင်းညိတ်ပြီး

''ငါမင်းကိုပြန်လိုက်ပို့ပေးမယ်''

ဟိုချင်က ''ဒါဟာ

ငါမင်းရဲ့အကူအညီတစ်ခုလိုချင်တာရှိလို့

ပဲ''

ယန်ယဲ့က ''ဘာလဲ''

ဟိုချင်ဓါ်ပါးစပ်ထောင့်များ

အနည်းငယ်ကွေးညွတ်သွားကာ

''ရှာမန်ကမ္ဘာမှာရှိတုန်းက ငါ့နယ်မြေကို

ရှာမန်ဘုရင်အသစ်က

သိမ်းပိုက်သွားတာထင်တယ်။

ငါပြန်သွားရမယ်။ အဲဒီလူက

ညက်ကောင်းရင်ပြန်ပေးလိမ့်မယ်။

ဒါပေမဲ့ သူပေးလိမ့်မယ်မထင်ဘူး''

ယန်ယဲ့ကပြုံးပြီး ''ဒါဆိုပြန်ယူလိုက်ပေါ့''

ဟိုချင်က ပြုံးလိုက်ပြီး '' ငါလည်း ဒါပဲတွေးနေတာ'' ထို့နောက်တွင် နှစ်ယောက်စလုံးပျောက်သွားကြသည်။

ရှာမန်ကမ္ဘာ။

ယန်ယဲ့နှင့်ဟိုချင်တို့သည် ယင်ဟောင်နေထိုင်သော ယင်နတ်ဘုရားနန်းတော်သို့ရောက်လာခဲ့

ကြသည်။ ယန်ယဲ့ကိုမြင်သည်နှင့်
ရင်ဟောင်၏အကြည့်က ဘေးနားရှိ
ဟိုချင်ဆီသို့ရောက်သွားသည်။

ယန်ယဲ့က ပုခုံးတွန့်ပြီးထွက်သွားသည်။ ၂
နာရီခန့်အကြာတွင် ယန်ယဲ့သည်
ခန်းမထဲသို့ရောက်လာသည်။
ရင်ဟောင်နှင့်ဟိုချင်သာ
ဤနေရာတွင်ရှိနေသည်။ ရင်ဟောင်က
ယန်ယဲ့ကိုစိုက်ကြည့်လိုက်ပြီး

''မင်းကိုသေဆုံးခြင်းကမ္ဘာဆီပို့လိုက်တာ

မှန်ကန်တဲ့ဆုံးဖြတ်ချက်ဖြစ်ပုံရတယ်။

ဒီလောက်ထိအင်အားကြီးလာမယ်လို့

ငါမမျှော်လင့်ထားဘူး ''

ယန်ယဲ့က ပြုံးပြီး

''ကျွန်တော်ကံကောင်းလို့

မဟုတ်ရင်ပြန်မလာနိုင်တော့ဘူး''

ရင်ဟောင်က ပြုံးပြီး ''ဒါပေမဲ့

နင်ပြန်လာနိုင်တယ်။ ဒါပေမဲ့ နင်ဟာ

အလားတူဒုက္ခကိုရင်ဆိုင်နေရတုန်းပဲ

ဒါကြောင့်နင် သတိထားပါ''

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး

''အကြီးအကဲဟိုချင် ငါတို့က

ရှာမန်ဧကရာဇ်ကိုသွားတွေ့မလား

ဒါမှမဟုတ် မင်းရဲ့နယ်မြေကိုသွားမလား''

ဟိုချင်က ပြုံးပြီး "ငါ့အတွက်

တရားမျှတမှုကို ဘယ်သူကမှ

ကူညီပေးမှာမဟုတ်ဘူး

ကိုယ့်အတွက်ကိုယ်လုပ်ရမဲ့အရာတစ်ခုပဲ

ငါ့နယ်မြေကိုပြန်ရတဲ့အခါမှ

ရှာမန်ဧကရာဇ်နဲ့စကားပြောခွင့်ရှိမှာ

အရာအားလုံးက ခွန်အားလိုတယ်"

ယန်ယဲ့က ခေါင်းညိတ်ပြီး

''ဒါဆိုသွားလိုက်ရအောင်''

ခန်းမထဲမှထွက်သွားသည်။

မိုးတိမ်တောင်တန်း။

မိုးတိမ်တောင်တန်းသည်

ဟိုချင်၏နယ်မြေဖြစ်ခဲ့ဖူးသည်။

ယင်နတ်ဘုရားနန်းတော်နှင့်

သိပ်မဝေးလှပေ။ ထိုကြောင့်

သူတို့အဖွဲ့က
မိုးတိမ်တောင်တန်းသို့ရောက်ရန် အချိန်
၂နာရီလောက်သာကြာသည်။

ဟိုချင်က
မိုးတိမ်တောင်တန်းကိုစိုက်ကြည့်နေသည်
။ မျက်လုံးထဲ၌
ရှုပ်ထွေးသောခံစားချက်များထွက်ပေါ်
လာသည်။ အချိန်အတော်ကြာအောင်
သူထွက်ခွာသွားပြီးနောက်

တောင်တန်းများပင်

အရင်ကနှင့်မတူတော့ပေ။

အရာအားလုံးပြောင်းလဲသွားခဲ့သည်။

ဟိုချင်က သူ့အတွေးကိုထိန်းကာ

ညာခြေကိုဆောင့်ချလိုက်သည်။

''ဘုန်း...''

မီတာရာချီကျယ်ပြန့်သောမြေပြင်သည်

ပြင်းထန်စွာတုန်ခါသွားပြီး

အချိန်တော်တော်ကြာပြီးနောက်

သူတို့ရှေ့တွင်

သက်လတ်ပိုင်းအမျိုးသားတစ်ဦးပေါ်လာ

သည်။

သက်လတ်ပိုင်းအမျိုးသားက

ယင်ဟောင်ကိုစိုက်ကြည့်ရင်း

''ကေရီယင်ဟောင်၊
ဒါကဘာအဓိပ္ပါယ်လဲ''

ရင်ဟောင်က ပြုံးပြီး ''ရှာမန်ဘုရင်လီဥ
ငါဒီနေ့နင့်ကို ဒုက္ခရှာနေတာမဟုတ်ဘူး။
ငါ့ဘေးကလူပဲ''

ရှာမန်ဘုရင်လီက ဟိုချင်ကို
ချက်ချင်းလှည့်ကြည့်လိုက်သည်။
ဟိုချင်ကိုမြင်သောအခါ

အနည်းငယ်ထိတ်လန့်သွားသည်။

ခဏအကြာတွင် ''ဟိုချင်၊

မင်းအသက်ရှင်နေလိမ့်မယ်လို့

ငါမမျှော်လင့်ထားဘူး''ဟုလေးနက်စွာ

ပြောခဲ့သည်။

ဟိုချင်က ပြုံးပြီး

''မင်းစိတ်ပျက်နေသလား ''

ရှာမန်ဘုရင်လီက ''နည်းနည်းတော့

မင်းရဲ့နယ်မြေကိုပြန်ယူဖို့ရောက်နေတာ

ထင်တယ်''

ဟိုချင်က အနည်းငယ်ခေါင်းညိတ်ပြီး

''ဟုတ်တယ် ဒါပေမဲ့ကြည့်ရတာ

မင်းငါ့ကိုယူခွင့်မပြုဘူးထင်တယ်

ဒါဆိုတိုက်ခိုက်လိုက်ရအောင်''

ရှာမန်ဘုရင်လီက ''ဒါဆိုလာယူပါ။

အတိတ်တစ်ချိန်က

ရှာမန်ကေရာဇ်ဟိုချင်က

ဘယ်လောက်သန်မာသလဲကြည့်လိုက်ရ

အောင်'' စကားပြောပြီးနောက်

ညာခြေကိုတစ်ချက်ပုပ်ကာ

ကောင်းကင်ထက်သို့ပျောက်သွားသည်။

ဟိုချင်က သူ့နောက်မှလိုက်သွားသည်။

ဤနေရာတွင် ယန်ယဲ့နှင့်ရင်ဟောင်သာ

ကျန်ခဲ့သည်။ ယန်ယဲ့က ''အနိုင်ရတဲ့သူက

ဆက်နေရမလား''

ရင်ဟောင်က

အနည်းငယ်ခေါင်းညိတ်လိုက်ပြီး

''ဒါကပုံမှန်ပဲ တကယ်တော့

ရှာမန်မျိုးနွယ်မှာ ဘယ်သူမှ

သေတဲ့အထိတိုက်ခိုက်ချင်စိတ်မရှိဘူး။

ဟုတ်တယ်၊ ချွင်းချက်ရှိတယ်။

သူတို့နှစ်ယောက်အတွက်ကျ

ချင်းချက်မရှိဘူးလို့ ငါမျှော်လင့်ပါတယ်''

ယန်ယဲ့က သူ၏မျက်လုံးများကို

ဖြည်းညင်းစွာမှိတ်လိုက်ပြီး

''ငါလည်းမျှော်လင့်ပါတယ်''

တစ်ချိန်တည်းမှာပင် ရင်ဟောင်က

''နင်အခု

ဘယ်လောက်သန်မာနေပြီလဲ''ဟုမေးလို

က်ပါသည်။ ယန်ယွဲ့ကခဏမျှစဉ်းစားပြီး "ဗျာန်အဆင့်အောက်ကတစ်စုံတစ်ယောက်ကိုချက်ချင်းသတ်ပစ်နိုင်တယ်"

ရင်ဟောင်က စကားမပြောနိုင်တော့ပေ။ တစ်နာရီခန့်အကြာတွင် ဟိုချင်နှင့်ရှာမန်ဘုရင်လီတို့ သူတို့ရပ်နေသည့်နေရာတွင် ပြန်ပေါ်လာကြသည်။ နှစ်ယောက်စလုံး၏မျက်နှာက

ဖြူဖျော့သွားကြသည်။ သို့သော်

ဟိုချင်က '' မင်းအခုထွက်သွားလို့ရပြီ''

ထိုစကားကြားသောအခါ ရင်ဟောင်က

သိသိသာသာစိတ်အေးသွားသည်။

ရှာမန်ဘုရင်လီက မျက်နှာတွင်

အတော်လေးရှုပ်ထွေးသောအမူအရာရှိ

နေသည်။ ဤအချိန်တွင်

ကောင်းကင်ယံထက်မှ

လူတချို့ရုတ်တရက်ပေါ်လာသည်။

သိပ်မကြာလိုက်ပေ

ရှာမန်ဘုရင်လီအနားတွင်

သက်လတ်ပိုင်းအမျိုးသားသုံးယောက်နှ

င့် အဘိုးကြီးတစ်ယောက်ပေါ်လာသည်။

သူတို့က ဟိုချင်ကိုစိုက်ကြည့်နေသည်။

အဘိုးကြီးက ''ဟိုချင်၊

မင်းဒီလောက်ကံကောင်းမယ်လို့မမျှော်လ

င့်ထားဘူး''

ဟိုချင်က ပြုံးပြီး ''ဒါတကယ်ပါပဲ

ဒါပေမဲ့အခုချိန်မှာတော့

တော်တော်များများကစိတ်ပျက်နေကြပြီ'

' သူက ယန်ယဲ့ကို စိုက်ကြည့်ကာ '' ငါက

သူတို့နဲ့ဆက်ဆံရေးသိပ်မကောင်းဘူး''

ဟုလှည့်ပြောလိုက်သည်။

ယန်ယဲ့က

အနည်းငယ်ခေါင်းညိတ်ပြသည်။

''ငါနားလည်ပြီ'' သူက

အဖွဲ့ကိုဦးဆောင်နေသော
အဘိုးကြီးအားစိုက်ကြည့်နေသည်။
အဘိုးကြီးက ဤနေရာတွင်
အသန်မာဆုံးပါ။ သူက
အထွတ်အမြတ်တာအိုသခင်ဖြစ်သည်။

အဘိုးကြီးက စကားပြောရန်ပြင်လိုက်စဉ်
ယန်ယွဲ့သည်နေရာတွင်
ရုတ်တရက်ပျောက်သွားသည်။ ထို့နောက်
အလင်းတန်းတစ်ခုလင်းလက်လာသည်။

ယန်ယဲ့ပျောက်ကွယ်သွားသည့်နှင့်

အဘိုးကြီး၏အမူအရာက

သိသိသာသာပြောင်းလဲသွားသည်။

သူတိုက်ခိုက်တော့မည်ဖြစ်သော်လည်း

ဓားတစ်ချောင်းက

နဖူးအလယ်သို့ထိကပ်ထားလေသည်။

ယန်ယဲ့၏နောက်တွင်

အနက်ရောင်တောင်ပံကြီးတစ်စုံရှိနေခဲ့သ

ည်။ ပတ်ဝန်းကျင်သည်

ရုတ်တရက်တိတ်ဆိတ်သွားသည်။

ဟိုချင်ပင်

အတော်လေးအံ့အားသင့်သွားပုံရသည်။

အကြောင်းမှာ

ယန်ယွဲ့ကချက်ချင်းတိုက်ခိုက်ဖို့မမျှော်လ

င့်ထားပေ။ ထိုအပြင် ယန်ယွဲ့သည်

အထွဋ်အမြတ်အဆင့်တာအိုသခင်ကို

တစ်ချက်တည်းနှင့်အနိုင်ယူလိုက်ပါသည်

။

ယန်ယဲ့သည်

သူ့စားကိုရှေ့သို့အနည်းငယ်ထိုးသွင်းလို

က်ရာ အဘိုးကြီး၏နဖူးမှ

သွေးများချက်ချင်းစိမ့်ထွက်လာသည်။

ယန်ယဲ့က "ဒီနေ့ကစပြီး ဒီနေရာကို

အကြီးအကဲဟိုချင်ပိုင်တယ်။

အဲဒါနဲ့ပတ်သက်ပြီး

ပြဿနာရှိသေးသလား"

အဘိုးကြီးက ယန်ယဲ့ကိုကြည့်ပြီး

''မင်းကဘယ်သူလဲ''

ယန်ယဲ့က ''ဒါဟာ

မင်းရဲ့အကြောင်းကိစ္စမဟုတ်ဘူး ငါ

ပြောတာကိုကြားလား''

အဘိုးကြီးက ယန်ယဲ့ကို

တိတ်ဆိတ်စွာစိုက်ကြည့်နေသည်။

ဤအချိန်တွင် ယန်ယဲ့က

သူ့ဓားကိုရှေ့သို့အနည်းငယ်ထပ်၍
ဖိသွင်းလိုက်သည်။
''မင်းငါပြောတာကိုကြားသလား''

အဘိုးကြီးက ယန်ယဲ့ကို
အချိန်တော်တော်ကြာစိုက်ကြည့်ရင်း
''ငါသိတယ်''

ယန်ယဲ့က သူ့ဓားကိုပြန်ရုတ်လိုက်သည်။
ထို့နောက်

ဟိုချင်နှင့်ရင်ဟောင်တို့ကိုစိုက်ကြည့်ရင်း

''အကြီးအကဲတို့

ငါ့မှာလုပ်စရာရှိသေးတယ်

ဒီမှာပဲနှုတ်ဆက်လိုက်ပါတယ်''

ဟိုချင်က ''သတိထားပါ''

ယန်ယဲ့က ပြုံးပြီး ''ဒါပေါ့''

ထို့နောက်အလင်းတန်းတစ်ခုအဖြစ်ပြော

င်းလဲကာ ယန်ယဲ့သည်

ကောင်းကင်ထက်သို့ပျောက်ကွယ်သွား

သည်။

ဟိုချင်က ''မျိုးနွယ်ခြားအားလုံးက

အခုလောလောဆယ်

သူ့ကိုသတ်ဖို့အတော်ခက်လိမ့်မယ်''

ယင်ဟောင်က

အနည်းငယ်ခေါင်းညိတ်လိုက်ပြီး

''သူ့ရဲ့ကြီးထွားမှုအရှိန်က
ငါတို့အားလုံးကိုအရှက်ရစေတယ်''

ဟိုချင်က ပြုံးပြီး ''ငါလည်းသိတယ်''

ထိုအချိန်တွင်
အဘိုးကြီးကရုတ်တရက်မေးလိုက်သည်။
''သူကဘယ်သူလဲ''

ဟိုချင်က အသက်ပြင်းပြင်းရှူပြီး

''သူ့နာမည်က လောကသုံးပါးလုံးကို

ထိတ်လန့်တုန်လှုပ်သွားစေနိုင်လို့

သိပ်မကြာခင်မှာ ငါယုံကြည်တယ်

အဲဒီအချိန်ကျရင် သူဘယ်သူလဲဆိုတာ

မင်းသိလာမှာပါ''

နောက်တစ်ရက်ခန့်အကြာ

ကောင်းကင်ကမ္ဘာဂိတ်တံခါး၀။

ယန်ယဲ့၏မျက်လုံးများသည်

အနည်းငယ်ကျဥ်းမြောင်းသွားသည်။

ဇီအာ၊ ငါ့ကိုစောင့်နေပါ။... ယန်ယဲ့သည်

ပြောပြီးသည်နှင့်

ကောင်းကင်ကမ္ဘာထဲသို့ဝင်တော့မည်ဖြစ်

သော်လည်း

တစ်စုံတစ်ခုကိုခံစားလိုက်ရသည်။

သူ့ဘေးဖက်သို့လှမ်းကြည့်လိုက်သည်။

ဤအချိန်တွင်သက်လတ်ပိုင်းအမျိုးသား

တစ်ဦးက

သူ့ဆီသို့ဖြည်းညင်းစွာလျှောက်လာနေသ

ည်။

သက်လတ်ပိုင်းအမျိုးသားက

ရိုးရိုးရှင်းရှင်းဝတ်စုံတစ်စုံကိုဝတ်ဆင်

ထားပြီး

အနက်ရောက်လုံတစ်ချောင်းဆုတ်ကိုင်

ထားသည်။

အထွတ်အမြတ်အဆင့် တာအိုသခင်။

သက်လတ်ပိုင်းအမျိုးသားက

ဝင်ပေါက်ကိုလှမ်းကြည့်ကာ

ယန်ယဲ့ကိုစိုက်ကြည့်ပြီး ''

မင်းကောင်းကင်ကမ္ဘာကိုထွက်ပြေးဖို့

စီစဉ်နေသလား''

ယန်ယဲ့က

ခဏမျှလေးလေးနက်နက်စဉ်းစားလိုက်

သည်။

''မင်းတစ်ခုခုလိုသေးလား''ဟုပြန်မေးလိုက်သည်။ သက်လတ်ပိုင်းအမျိုးသားကရယ်မောရင်း '' မင်းခေါင်းကိုဒွားချင်လို့မင်းစိတ်မဆိုးဘူးမလား''

ယန်ယဲ့က သူ့ခေါင်းကိုညွှန်ပြပြီး ''ဘာလို့ကိုယ်တိုင်လာမယူတာလဲ''

သက်လတ်ပိုင်းအမျိုးသား၏အပြုံးက

တဖြည်းဖြည်းအေးစက်လာကာ

''ကောင်းပြီ ငါလာယူမယ်'' သူ၏လုံက

လျှပ်စီးလက်သကဲ့သို့

ရှေ့သို့ပစ်ထုတ်လိုက်သည်။

ဤအချိန်တွင် ယန်ယဲ့၏ဓားက

ရုတ်တရက်ရှေ့သို့ထိုးခွဲသွားသည်။

လက်နက်နှစ်ခုလေထဲမှာပင်

တိုက်မိသွားသည်။ ထိုအချိန်တွင်

အချိန်များအေးခဲသွားသလိုပါ။

နှစ်ယောက်စလုံးရုတ်တရက်

နောက်ပြန်ဆုတ်သွားခဲ့သည်။

''ဘုန်း...''

နောက်ဆုံးရပ်တန့်မသွားခင် နှစ်

ယောက်စလုံးသုံးမီတာအကွာထိဆုတ်

သွားခဲ့ကြသည်။ သူတို့နောက်မှ

အာကာသပြင်သည်

မှန်တစ်ချပ်ကဲ့သို့ပွင့်ထွက်သွားသည်။

သက်လတ်ပိုင်းအမျိုးသားက

သူ့လက်ကိုငုတ်ကြည့်လိုက်သည်။

ဤအချိန်တွင်သူ့လက်မောင်းက

သွေးအများအပြားရှိနေသည်။

ယန်ယဲ့၏ဓားစွမ်းရည်ကြောင့်ပင်။

သူ့၏မျက်လုံးများ

လေးနက်သောအမူအရာပေါ်လာသည်။

ထို့နောက်

ယန်ယဲ့ကိုမော့ကြည့်လိုက်သည်။ ''မင်းက

ငါထင်ထားတာထက်အများကြီးသန်မာ

တယ် လူသားအင်ပါယာအရှင်က

မင်းခေါင်းအတွက်

ဒီလောက်မြင့်မားတဲ့တန်ကြေးပေးဆပ်ဖို့

ဆန္ဒရှိနေတာအံ့သြစရာမဟုတ်ဘူး

မင်းဟာပေးဆပ်ရတဲ့တန်ကြေးနဲ့တန်ပါ

တယ်''

ယန်ယဲ့ကထပ်မပြောပေ။

မျက်လုံးများကိုဖြည်းညင်းစွာမှိတ်လိုက်

ပြီး ညာလက်ဝါးကိုမြှောက်လိုက်ရာ

ဓားတစ်ချောင်းက

လက်ဝါးပေါ်တွင်ဖြည်းညင်းစွာလည်ပတ်

နေတော့သည်။ ခဏအကြာတွင်

ဆူးရှသောဓားလှိုင်းတစ်ခုက

သက်လတ်ပိုင်းအမျိုးသားဆီသို့တည့်တ

ည့်တိုးဝင်သွားသည်။

ဖိအား။

ဤအခိုက်အတန့်တွင်

သက်လတ်ပိုင်းအမျိုးသားက

ပြင်းထန်သောဖိအားကို

ခံစားလိုက်ရသည် ။

သူသည်မပေါ့ဆဝံ့ဘဲ

ဆန်းကြယ်ချီစွမ်းအင်များတဟုန်ထိုးမြင့်

တက်လာသည်။

အချိန်အနည်းငယ်အကြာတွင်

သက်လတ်ပိုင်းအမျိုးသား၏အထက်

ကောင်းကင်က

တိမ်ညိုတိမ်မဲများဖုံးလွှမ်းကာ

လျှပ်စီးများတဖျပ်ဖျပ်လက်လာသည်။

ထို့နောက်သူ၏အနက်ရောင်လှုံကိုမြှောက်

ကာထိုးလိုက်သည်။

ထိုခဏလေးအတွင်းမှာပင် အနက်ရောင်

တိမ်တိုက်များကြားမှ

လျှပ်စီးကြောင်းများဆင်းသက်လာကာ

သူ၏လုံထဲသို့စီးဝင်လာသည်။

သက်လတ်ပိုင်းအမျိုးသားက

သူ၏မျက်လုံးကိုမှိတ်ကာ

လုံကိုတင်းကြပ်စွာဆုတ်ကိုင်ထားသည်။

ခဏအကြာတွင်မျက်လုံးဖွင့်လိုက်ပြီး

ယန်ယဲ့၏ဦးတည်ရာဆီသို့

''မိုးကြိုးနဂါးလုံ''စကားဆုံးသည်နှင့်

ရောမမိုးခြိမ်းသံကြီးပွဲတင်ထပ်လာကာ

လုံကြီးတစ်ချောင်းက

ယန်ယွဲ့ကိုပစ်ခတ်လိုက်သည်။

လုံဖြတ်သွားသည့်နေရာတိုင်းက

လျှပ်စီးကြောင်းများပွင့်ထွက်သွားကာ

အာကာသတွင်းနက်များပေါ်လာခဲ့သည်။

ဤအတောအတွင်း

ယန်ယွဲ့၏လက်ထဲမှဓားက

ရုတ်တရက်ပျောက်သွားခဲ့သည်။

Translated By NyiNyiSoe

May Be:

...အပိုင်း ၂၃၆၂

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယွဲ့၏လက်ထဲမှ ဓားက

ရုတ်တရက်ပျောက်ကွယ်သွားသည်။

ယန်ယွဲ့၏ဓား

ပျောက်သွားသည့်အခိုက်တွင်

သက်လတ်ပိုင်း အဘိုးအို၏စကားသံက

လေထဲ၌ ရုတ်တရက် ရပ်တန့်သွားသည်။

ဓားတစ်ချောင်းက

သူ၏လက်ထိပ်များကို

တားဆီးထားလို့ပင်။ ခဏမျှ

တိတ်ဆိတ်သွားပြီးနောက် ဓားက

လှည့်ပတ်လာသည်။ ထို့နောက် ဓားအူသံ

တစ်သံပဲ့တင်ထပ်လာ၏။ လုံက

ပွင့်ထွက်သွားပြီးနောက်

အလင်းတန်းတစ်ခု

လင်းလက်သွားသည်။

သက်လတ်ပိုင်းအမျိုးသားက

ထိတ်လန့်သွားသည်။

သူ့ခန္ဓာကိုယ်ကိုဘေးသို့

ရွှေ့လိုက်သော်လည်း လက်တစ်ဖက်က

သူနဲ့အတူပါမလာပေ။

သက်လတ်ပိုင်းအမျိုးသားက

မီတာ၃၀၀အကွာတွင် ရပ်တန့်သွားသည်။

သူ၏ညာဘက်ပခုံးမှ

သွေးများစီးကျလာသည်။

သက်လတ်ပိုင်းအမျိုးသားက သူ့ကိုယ်သူ

ရပ်တန့်လိုက်သည်နှင့် ဓားတစ်ချောင်းက

ယန်ယဲ့၏ လက်ဝါးအပေါ်တွင်

လှည့်ပတ်လာပြန်သည်။

၎င်းကို မြင်လိုက်ရသောအခါ

သက်လတ်ပိုင်း အမျိုးသား၏ မျက်နှာက

စိတ်ပျက်အားငယ်သော အမူအရာများ

ပေါ်လာသည်။ ထိုအချိန်တွင်
သက်သတ်ပိုင်းအမျိုးသား၏ခေါင်းနော
က်တွင်
ဓားတစ်ချောင်းထိုးသွင်းလာသည်။

သက်လတ်ပိုင်းအမျိုးသားက
ယန်ယဲ့ကိုစိုက်ကြည့်ရင်း "မင်းရဲ့ဓားကို
ငါရှုံးခဲ့တယ် မင်းကိုယ်တိုင်မဟုတ်ဘူး ..."

"ဆူး..."

စကားဆုံးသည်နှင့် သူ၏နဖူးမှ သွေးများ
ဖြန်းခနဲ ပန်းထွက်လာသည်။
ခေါင်းတစ်ခုလုံးကွဲထွက်သွားသည်။
ယန်ယဲ့သည်
သက်လတ်ပိုင်းအမျိုးသားနောက်တွင်
ပေါ်လာပြီး အစိပတိစားကို
ပြန်ဆင့်ခေါ်လိုက်သည်။

သူက ထိုလူကိုကြည့်ပြီး ပြုံးကာ
“အသုံးပြုတဲ့သူက မသန်မာဘူးဆိုရင်
ဓားရဲ့အစွမ်းက ဘာကွာခြားသွားမလဲ…”

ထို့နောက် ယန်ယဲ့သည်
ကောင်းကင်ကမ္ဘာ၏ ဂိတ်တံခါးဝကို
စိုက်ကြည့်ကာ
ဝင်သွားရန်ပြင်လိုက်သည်။
သို့သော်လည်း အဝေးတစ်နေရာရှိ
ကောင်းကင်သည် တုန်ခါသွားကာ

ထိုနေရာမှ

ပုံရိပ်တစ်ချို့ထွက်ပေါ်လာသည်။

သန်မာထွားကျိုင်းသော သက်လတ်ပိုင်း

အမျိုးသားတစ်ဦး၊ အဘိုးကြီးတစ်ဦးနှင့်

ဝတ်ရုံဖြူဝတ်ဆင်ထားသော

အမျိုးသမီးတစ်ဦးတို့ပင်။

ယန်ယဲ့က ထိုထဲမှ နှစ်ယောက်ကို

မှတ်မိလိုက်သည်။ ၎င်းသည်

နတ်မိစ္ဆာမျိုးနွယ်မှ ကွမ်ရှီနှင့်

သေဆုံးခြင်းကမ္ဘာသို့ မသွားရောက်ခင်
သူ့အားလိုက်လံတိုက်ခိုက်ခဲ့သော
နတ်ဆိုးမျိုးနွယ်မှ အမျိုးသမီးပင်
ဖြစ်သည်။ အဘိုးကြီးက
သူ့ကိုလိုက်ရှာသောအဖွဲ့တွင်
ပါဝင်သော်လည်း မမှတ်မိလိုက်ပေ။

ကွမ်ရှီက  လျစ်လျူရှုပြီး
“ယန်ယဲ့မတွေ့တာတောင် ကြာပြီ”

ယန်ယွဲ့က သူတို့ကို ကြည့်လိုက်ပြီး

“ဘာလဲ နတ်မိစ္ဆာမျိုးနွယ်၊

နတ်ဆိုးမျိုးနွယ် နဲ့ ဒီလူအိုကြီးက

ဘယ်မျိုးနွယ်ကလဲ ငါ့ကိုသတ်ပြီး

ဓားကိုယူချင်သေးတာလား…”

ကွမ်ရှီက “ငါတို့မလုပ်နိုင်ဘူးလား…”

ယန်ယွဲ့က ရယ်မောလိုက်သည်။

သူက ကွမ်ရှီကို မကြည့်ခင် ခဏမျှ ရယ်မောလိုက်ပြီး “မင်းက လူမိုက်လား…”

ထိုစကားကြားသွားသောအခါ ကွမ်ရှီက မျက်နှာပျက်သွားသည်။

သူပြောခါနီးတွင် ယန်ယဲ့က အရင်ဆုံး ဖြတ်ပြောလိုက်သည်။

“အခြေအနေတွေကို နားမလည်သေးဘဲနဲ့

မင်းငါ့ကိုလာရှာရဲ့သလား…။ မင်းရဲ့ အသိညဏ်မဲ့တာကို ငါတကယ်ပဲ စိတ်မကောင်းဖြစ်မိတယ်”

စကားပြောပြီးသည်နှင့် ယန်ယွဲ့လက်ထဲမှဓားက ပျောက်ကွယ်သွားပြီး အလင်းတန်းတစ်ခု လင်းလက်သွားသည်။ ထိုခဏလေးမှာပင် ကွမ်ရှီ၏ခန္ဓာကိုယ်က တောင့်တင်းသွားသည်။ အဘိုးကြီးနှင့်

အမျိုးသမီးကကွမ်ရှီကိုစိုက်ကြည့်ရင်း

မျက်လုံးများ ပြူးကျယ်သွားသည်။

ကွမ်ရှီ၏

ခန္ဓာကိုယ်တောင့်တင်းလာသည်ကို

တွေ့လိုက်ရသည်။ ထို့အပြင်

ဓားတစ်ချောင်းက

သူ၏ခေါင်းနောက်တွင်

ထိုးစိုက်နေသည်။

“မင်း”

ကွမ်ရှီက ယန်ယဲ့ကို စိုက်ကြည့်ရင်း
"ဒါကမဖြစ်နိုင်ဘူးလေ"

"ဆူး..."

ကွမ်ရှီ၏လည်ချောင်းတွင်
အက်ကွဲရာတစ်ခုပေါ်လာပြီးနောက်
သူ၏ခေါင်းဟာ လည်ပင်းမှ
ပြုတ်ထွက်သွားသည်။

ထိုသူ၏လည်ပင်းမှ
သွေးများစမ်းရေအသွင် စီးကျလာသည်။
အဘိုးကြီးနှင့်အမျိုးသမီးလည်း
အံ့သြသွားခဲ့သည်။ အမျိုးသမီးက
ထိန့်လန့်နေရာကနေ
သတိပြန်ဝင်လာသည်။

ထို့နောက် ယန်ယဲ့ကို စိုက်ကြည့်ကာ
“ငါ့နတ်မိစ္ဆာမျိုးနွယ်က နင့်ကို

မဆန့်ကျင်တော့ဘူး ဒါ့ကြောင့်

ကျေးဇူးပြုပြီး...”

“နောက်ကျသွားပြီ”

ယန်ယဲ့၏စားက

ဖျတ်ခနဲပျောက်သွားခဲ့သည်။

ဤအချိန်တွင် အမျိုးသမီး၏

အမူအရာသည်

သိသိသာသာပြောင်းလဲသွားခဲ့သည်။

သူမက တံ့ဆိုင်းမနေရဲဘဲ

လက်နှစ်ဖက်ကို မြောက်ကာရှေ့သို့

ပုတ်လိုက်သည်

“ဘုန်း...ဘုန်း...”

ပေါက်ကွဲသံ နှစ်ချက်ဆင့်

ထွက်ပေါ်လာပြီးနောက်

အလင်းတန်းများပျောက်ကွယ်သွားခဲ့သ

ည်။ သို့သော် ယန်ယဲ့က
အမျိုးသမီး၏နောက်တွင်
ရုတ်တရက်ပေါ်လာသည်။ ထို့နောက်
ဓားကို ထိုးသွင်းလိုက်သည်။

"ဆူး..."

အမျိုးသမီး၏ခေါင်းက
ပြုတ်ထွက်သွားပြီး

သူမ၏မျက်လုံးများက
ပြုံးကျယ်နေဆဲပင်။

ယန်ယဲ့က အဘိုးကြီးကို
လှည့်ကြည့်လိုက်သည်။

အဘိုးကြီးက ထွက်ပြေးဖို့ မကြိုးစားဘဲ
"သေဆုံးခြင်းကမ္ဘာကို
တစ်ခေါက်လောက် ခရီးထွက်တာက
မင်းကိုဒီလောက်အတိုင်းအတာထိ

အင်အားကြီးလာလိမ့်မယ်လို့

မမျှော်လင့်ထားဘူး

ငါ့ရဲ့အတောင်ပံမျိုးနွယ်က ဒီအချိန်မှာ

အသိဉာဏ်မရှိတဲ့

အလုပ်တစ်ခုလုပ်ခဲ့မိတယ်”

အဘိုးကြီးက စကားပြောပြီးနောက်

သေသည်အထိ

တိုက်ခိုက်ရန်ပြင်လိုက်သည်။

သို့သော်လည်း ယန်ယဲ့က ရုတ်တရက် "ဘယ်လို...မင်းက အတောင်ပံမျိုးနွယ်က လာတာလား..."ဟု မေးလိုက်သည်။

အဘိုးကြီးက "ဘာဖြစ်လို့လဲ"ဟု ပြန်မေးသည်။

ယန်ယဲ့က ခဏမျှ လေးလေးနက်နက် စဉ်းစားပြီး "ကောင်းပြီ ငါ့ကို

တောင်ပံမျိုးနွယ်ဆီ ခေါ်သွားပါ”ဟု
ပြန်ဖြေလိုက်သည်။

သူသည် သေဆုံးခြင်းကမ္ဘာရှိ
လျှို့ဝှက်ဆန်းကြယ်သောလူအား
ကတိပေးခဲ့သည့်အရာကို မမေ့ခဲ့ပေ။
ထိုလူဆီက
အကျိုးအမြတ်ယူထားသောကြောင့်
ကတိအတိုင်း လုပ်ဆောင်ပေးရမည်မှာ
သဘာဝပင်ဖြစ်သည်။

အဘိုးကြီး၏မျက်လုံးများ အနည်းငယ်

မှိတ်သွားကာ

“မင်းဘာတွေစီစဉ်နေတာလဲ...”

ယန်ယွဲ့က အချိန်မဖြုန်းဘဲ

နတ်တောင်ပံများကို

ထုတ်ဖော်လိုက်သည်။

အဘိုးကြီးက ၎င်းကို

မြင်လိုက်ရသောအခါ

အံ့အားသင့်သွားပြီး အချိန်အနည်းငယ်

ကြာမှ သတိပြန်ဝင်လာကာ “မင်း အဲ့ဒါ

မင်း ဘာလုပ်နေတာလဲ...”

ယန်ယဲ့က  “ဒါကို ဘယ်သူ့ဆီက

ရမယ်ထင်လဲ...”

အဘိုးကြီးက “ငါတို့ဘိုးဘေး”

ယန်ယဲ့က "ကောင်းပြီ အခု မင်းတို့ရဲ့
လက်ရှိ ဘိုးဘေးဆီခေါ်သွားပါ
ငါစကားထပ်မပြောချင်သလို
အချိန်ပိုမဖြုန်းချင်တော့ဘူး
နားလည်လား..."

အဘိုးကြီးက ခဏမျှ တုံ့ဆိုင်းသွားပြီး
"ငါနဲ့အတူလာပါ"ဟုပြောခဲ့သည်။

တစ်ရက်အကြာတွင် ယန်ယဲ့သည်

တောင်ပံကမ္ဘာသို့ရောက်လာပြီး

အဘိုးကြီးပြောသည့်စကားပေါ်အခြေခံ

၍ တောင်ပံမျိုးနွယ်က

အခြေအနေသိပ်မကောင်းလှပေ။ပထမ

ဦးစွာ

တောင်ပံမျိုးနွယ်အဖွဲ့ဝင်တစ်သန်းခန့်သာ

ရှိခဲ့သည်။

လူသားမျိုးနွယ် သို့မဟုတ်

နတ်ဆိုးမျိုးနွယ်၏

အဖွဲ့ဝင်အရေအတွက်နှင့် နှိုင်းယှဉ်ပါက

အလွန်ကိုနည်းပါလှသည်။

ဒုတိယအချက်မှာ ၎င်း၏နယ်မြေသည်

အလွန်ကြမ်းတမ်းသောကြောင့်

ဝိညာဉ်စွမ်းအင်က အခြားမျိုးနွယ်များနှင့်

လုံးဝမယှဉ်နိုင်ပါ။

အဓိပတိဓားကိုယူချင်သည့်အကြောင်းအ

ရင်းမှာ တောင်ပံမျိုးနွယ်ကို ကယ်တင်ဖို့ နောက်ဆုံးကြိုးပမ်းမှုပင်ဖြစ်သည်။ တောင်ပံမျိုးနွယ်ကရင်းကိုမလိုအပ်သော်လည်း လူသားမျိုးနွယ် သို့မဟုတ် ကောင်းကင်မျိုးနွယ်နှင့် မိတ်ဆွေဖြစ်လျှင် အကျိုးကျေးဇူးများစွာ ရနိုင်ပေသည်။ ယန်ယွဲ့သည် အဘိုးအိုနှင့်အတူ

အနက်ရောင်ခန်းမတစ်ခုသို့လိုက်ပါသွား

သည်။

ထို့နောက် အဘိုးကြီးက ရပ်လိုက်ပြီး

“ခဏစောင့်ပါ”စကားပြောပြီးနောက်

ခန်းမအထဲသို့ ဝင်သွားသည်။

ယန်ယွဲ့သည်

ပတ်ဝန်းကျင်ကိုတစ်ချက်ကြည့်လိုက်သ

ည်။ ပတ်ဝန်းကျင်တွင်

အစွမ်းထက်စိတ်အာရုံအသိ

အများအပြား ဖွံ့ဖြိုးနေကာ

သူ့အားစစ်ဆေးနေပုံရသည်။

ခဏအကြာတွင် အဘိုးကြီးက

ခန်းမထဲကနေ ပြန်ထွက်လာသည်။

သူက "ဘိုးဘေးက

မင်းကိုတွေ့ဖို့အဆင်သင့်ဖြစ်နေပြီ"

ဟုပြောကာ

ခန်းမထဲသို့ပြန်ဝင်သွားသည်။

ယန်ယဲ့က အနည်းငယ် ခေါင်းညိတ်ပြပြီး

ဝင်လာခဲ့သည်။

ခန်းမထဲရောက်လာသည့်အခါ

ထိပ်ဆုံးထိုင်ခုံတွင်

အနက်ရောင်ဝတ်စုံဝတ်

သတ်လတ်ပိုင်းအမျိုးသားတစ်ဦးထိုင်နေ

သည်ကို မြင်လိုက်ရသည်။ ထိုပြင် ၎င်း၏

ဘေးတစ်ဖက်တစ်ချက်စီ၌

အနက်ရောင်ဝတ်စုံဝတ်အဘိုးကြီးသုံး
ယောက်ရှိနေသည်။

သတ်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို
စူးစိုက်ကြည့်ကာ “ငယ်ငယ်ရွယ်ရွယ်နဲ့
ဒီလိုခွန်အားတွေပိုင်ဆိုင်ထားတယ်။
ဒါ့အပြင် လူသားမျိုးနွယ်ရဲ့
လူငယ်မျိုးဆက်မှာ
ကောရာဇ်တစ်ပါးအဖြစ်

သတ်မှတ်ခံရတဲ့သူ မင်းဟာ

သူတို့အားလုံးထဲမှာ အကြီးမြတ်ဆုံးပဲ ”

ယန်ယဲ့သည်

သက်လတ်ပိုင်းအမျိုးသားကို

တစ်ချက်စိုက်ကြည့်လိုက်သည်။

ထို့နောက် “တစ်စုံတစ်ယောက်က

မင်းကိုတစ်ခုခုပေးဖို့ တောင်းဆိုခဲ့လို့

ငါဒီကိုရောက်နေတာ”

စကားပြောပြီးနောက် ယန်ယဲ့က

သူ့လက်ညိုးကိုပွတ်လိုက်ရာ

လျှို့ဝှက်ဆန်းကြယ်လူ ပေးခဲ့သော

သိုလှောင်လက်စွပ်က

သက်လတ်ပိုင်းအမျိုးသားဆီ

လွင့်မျောသွားသည်။

သက်လတ်ပိုင်းအမျိုးသားက

သိုလှောင်လက်စွပ်ကို

တစ်ချက်ကြည့်လိုက်ပြီး သူမျက်နှာတွင်

လေးနက်သောအမူအရာ ပေါ်လာသည်။

သူ့ဘေးနားရှိ အကြီးအကဲများလည်း

အကြည့်ချင်းဖလှယ်ကြပြီး လက်စွပ်ကို

စိတ်အာရုံအသိဖြင့် စစ်ဆေးကြသည်။

ခဏအကြာတွင် သူတို့၏

အမူအရာများက

အလွန်လေးနက်သွားသည်။

ထိုလက်စွပ်က အခြားမဟုတ်ပေ။

တောင်ပံမျိုးနွယ်က ဆုံးရှုံးသွားခဲ့သော

နည်းစနစ်များစွာပါရှိခဲ့သည်။ ထိုပြင်

အားလုံးက ပညာရှင်အဆင့် သို့မဟုတ်

အထက်အဆင့် နည်းစနစ်များ

ရတနာများသည်သာ။

သက်လတ်ပိုင်း အမျိုးသားက ယန်ယဲ့ကို

စိုက်ကြည့်ရင်း

”ဒါကိုဘယ်သူကပေးလိုက်တာလဲ…”

ဟုမေးလိုက်သည်။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

“ဘယ်သူလဲတော့ မသိဘူး။

အခုမင်းကိုငါပေးလိုက်ပြီဆိုတော့

ငါ့တာဝန်က ပြီးသွားပြီ

နှုတ်ဆက်ပါတယ် ”

စကားပြောပြီးနောက် ယန်ယဲ့က

လှည့်ထွက်သွားသည်။ သို့သော်လည်း

တစ်ခုခုကိုတွေးတောနေပုံရသည်။

“ဒီစားက

ငါ့အပိုင်ဖြစ်နေပြီဆိုတော့ထပ်ပြီး

ပြသနာမရှာဖို့ပြောချင်တယ်”

ထို့နောက်လှည့်ထွက်သွားပါတော့သည်။

ဤအချိန်တွင် အဘိုးကြီးတယောက်က

ရှေ့တက်လာပြီး “ခဏလေး”

ယန်ယဲ့က ရပ်လိုက်သည်။

အဘိုးကြီးကို စိုက်ကြည့်ကာ “ငါ့ကို ကျေးဇူးတင်စရာလဲမလိုပါဘူး ဒီအတွက် ငါဆုလာဘ်ရထားပြီ ”

အဘိုးကြီးက ယန်ယဲ့ကိုစိုက်ကြည့်လိုက်ပြီး “မင်း ဒီသိုလှောင်လက်စွပ်ထဲက အကြောင်းအရာတွေကို ကြည့်ပြီးပြီလား…”

ယန်ယဲ့က ခေါင်းခါလိုက်သည်။

“မဟုတ်ဘူး”

ထိုအဘိုးကြီးက “ငါမင်းကို မယုံဘူး ”

ယန်ယဲ့၏ မျက်လုံးများက

ချက်ချင်းကျဉ်းမြောင်းသွားသည်။

ဤအချိန်တွင် အဘိုးကြီးက
သက်လတ်ပိုင်းအမျိုးသားကို
စူးစိုက်ကြည့်ကာ “ဘိုးဘေး
ငါတို့တောင်ပံမျိုးနွယ်ရဲ့
နည်းစနစ်တွေက
ဒီသိုလှောင်လက်စွပ်ထဲမှာ ရှိနေတယ်။
ဒါ့ကြောင့် တစ်ခြားသူတွေကိုသိဖို့
လုံးဝခွင့်မပြုနိုင်ဘူး။ ဒီတော့ ဘိုးဘေး
သူ့ကို သတ်ဖို့အမိန့်ပေးပါ”

သက်လတ်ပိုင်းအမျိုးသားက

မျက်မှောင်ကြုတ်ကာ အတော်လေး

ချီတုံချတုံ ဖြစ်နေသည်။

“မိုက်မဲလိုက်တဲ့လူတွေ”

တစ်ချိန်ထဲမှာပင် ယန်ယွဲ့က

အစိပတိအားကို ရုတ်တရက်

ဆွဲထုတ်လိုက်ပြီး

“ငါသူ့ရဲ့တောင်းဆိုမှုကြောင့် ဒီကိုလာပြီး

ကောင်းကောင်းလုပ်ပေးတာ ဒါပေမဲ့

ငါပြန်ရတာက ဒါလား

လူကောင်းတစ်ယောက်ဖြစ်ဖို့က

ကံပါမလာဘူးထင်တယ်”

စကားပြောပြီးသည်နှင့် ယန်ယဲ့က

သက်လတ်ပိုင်းအဘိုးကြီးဆီသို့

ဖြည်းညင်းစွာလျှောက်လာခဲ့သည်။

ယန်ယဲ့

နောက်ပြန်လှည့်လာသည်ကိုမြင်သောအ

ခါ အဘိုးကြီးသုံးယောက်စလုံး

မျက်တောင်များတွန့်သွားသည်။ ယန်ယွဲ့

တောင်ပံမျိုးနွယ်၏ နယ်မြေတွင်

တိုက်ခိုက်ရဲမည်ဟု မမျှော်လင့်ထားခဲ့ပေ။

သို့သော် သူတို့က သဘာဝအားဖြင့်

ယန်ယွဲ့ကိုမကြောက်ဘဲ

တိုက်ခိုက်ရန်ပြင်လိုက်ကြသည်။

သို့သော် တောင်ပံမျိုးနွယ်များ၏

ဘိုးဘေးက "ခဏစောင့်စမ်း"

အဘိုးကြီးသုံးယောက်က ဘိုးဘေးကို
စူးစိုက်ကြည့်လိုက်သည်။

ဤအချိန်တွင် ဘိုးဘေးက ယန်ယဲ့ကို
စူးစိုက်ကြည့်ကာ “ညီငယ်
ကျေးဇူးပြုပြီးစိတ်လျှော့ပါ။
ငါ့အတောင်ပံမျိုးနွယ်က
တစ်ခြားတစ်ယောက်ရဲ့ ကျေးဇူးကြွေးကို

ဘယ်လိုမျိုးတန်ဖိုးထားရမလဲဆိုတာ

ကောင်းကောင်း သိတယ်”

ယန်ယဲ့က ရပ်လိုက်ပြီး “ အဲ့ဒါကို

ငါတစ်ခါမှ ကြည့်ဖူးတာမရှိဘူး”

Translated by NyiNyiSoe

May Be:

....အပိုင်း ၂၃၆၃

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

တောင်ပံမျိုးနွယ်၏ ဘိုးဘေးက ပြုံးပြီး "သူတို့ရဲ့ ခေါင်းတွေက ကောင်းကောင်း အလုပ်မလုပ်တော့ဘူး။ အဲ့ဒီလူဟာ မင်းကို ပေးလိုက်တဲ့အတွက် မင်းဟာ အဲ့ဒီလူရဲ့ ယုံကြည်မှုကို ရခဲ့တယ်ဆိုတာ သက်သေပဲ။ မင်းအတွက်

သိမ်းယူထားချင်ရင် ဒီကို

လာမှာတောင်မဟုတ်ဘူး”

ယန်ယဲ့ “မင်းကြည့်ရတာ

ယုတ္တိမတန်တာတော့ မဟုတ်ဘူးဘဲ”

တောင်ပံမျိုးနွယ်၏ ဘိုးဘေးက ပြုံးပြီး

“ဘာပဲဖြစ်ဖြစ် ဒါကို

ငါတို့ဆီပြန်ပို့ပေးတယ်ဆိုတော့

မင်းပြသခဲ့တဲ့ ကြင်နာမှုကို ငါတို့ မှတ်ထားမှာပါ”

“အဆင်ပြေပါတယ်” ယန်ယဲ့က ပြုံးပြီး “ငါအခု ကောင်းကင်ကမ္ဘာကို သွားတော့မယ်။ ငါက သူတို့နဲ့ ပဋိပက္ခဖြစ်နိုင်တယ်။ ဒါဆို ငါနဲ့အတူလိုက်ဖို့ ပညာရှင်အချို့ ဘာလို့ ထည့်မပေးလိုက်တာလဲ...”

ဘိုးဘေး၏မျက်နှာက အေးခဲသွားသည်။

ဤအချိန်တွင် ယန်ယဲ့သည် ခန်းမထဲမှ ပျောက်ကွယ်သွားသည်။ သူ၏ ရယ်မောသံသာ ကျန်နေခဲ့သည်။

ယန်ယဲ့ထွက်သွားပြီးနောက် အဘိုးကြီးတစ်ယောက်က “ဘိုးဘေး ဘာလို့ သူ့ကိုမတားတာလဲ။ နတ်တောင်ပံတွေက

သူ့လက်ထဲမှာရှိနေတယ်။
ငါတို့တောင်ပံမျိုးနွယ်စုရဲ့
အမြင့်မြတ်ဆုံးရတနာတစ်ခုပဲ ဒီတော့
အပြင်လူရဲ့လက်ထဲကို ဘယ်လိုနည်းနဲ့
ကျရောက်ခွင့်ပြုမလဲ…”

တောင်ပံမျိုးနွယ်၏ဘိုးဘေးက
မျက်လုံးများ
ဖြည်းညင်းစွာမှိတ်ထားသည်။
ထိုနောက်သူကပြောလိုက်သည်။

"မင်းက ငတုံးလား... အဲ့ဒီမြင့်မြတ်တဲ့

နတ်အတောင်ပံတွေကို ဘယ်သူက

ပေးလိုက်တယ်ဆိုတာ

မစဉ်းစားမိသေးဘူးလား...။

ငါတို့ဘိုးဘေးက သူ့ကို

ဘာလို့ပေးလိုက်တာလဲ...ပြီးတော့

သူဘာလို့ ဒီကို တစ်ယောက်တည်း

လိုက်လာရဲတယ်ဆိုတာ

မင်းမစဉ်းစားဖူးဘူးလား..."

အဘိုးကြီးက

ဘာပြန်ပြောရမှန်းမသိသဖြင့်

ငြိမ်သက်သွားသည်။

ဘိုဘေးက မျက်လုံးပြန်ဖွင့်လိုက်သည်။

“အခြေအနေတွေက

မငြိမ်မသက်ဖြစ်နေပြီး

ငါတို့တောင်ပံမျိုးနွယ်မှာ

အရင်းအမြစ်တွေနဲ့ အရံအင်အား

အချို့တော့ရှိတယ်။ ဒါပေမဲ့

နည်းနည်းလေးမှားသွားတာနဲ့

တောင်ပံမျိုးနွယ်တစ်ခုလုံး

ပျက်စီးသွားနိုင်တယ်။

သူ့အတွက်ကတော့ လူသားမျိုးနွယ်နဲ့

တခြားမျိုးနွယ်စုတွေအကုန်လုံး

သူ့ကိုသတ်ချင်နေကြတယ်။ ဒါပေမဲ့

သူက အသက်ရှင်နေသေးတယ်။

မဟုတ်ဘူးလား...။ မင်းအမြင်မှာ

ဒီလူငယ်က သာမန်လူတစ်ယောက်လို့ မြင်နေသေးတာလား...”

အဘိုးကြီးက နှုတ်ဆိတ်နေသည်။

တောင်ပံမျိုးနွယ်၏ဘိုးဘေးက တိုးတိုးလေး ဆက်ပြောခဲ့သည်။ “သူက သာမန်လူမဟုတ်ဘူး...”

ယန်ယဲ့ တောင်ပံကမ္ဘာမှ

ထွက်လာပြီးနောက်တွင် ယန်ယဲ့သည်

ကောင်းကင်ကမ္ဘာသို့ တန်းတန်းမတ်မတ်

သွားခဲ့သည်။

အချိန်အတော်ကြာကြီးနောက်

ယန်ယဲ့သည် ကောင်းကင်ကမ္ဘာ၏

ဂိတ်တံခါးဝသို့ ရောက်လာခဲ့သည်။ သူက

တွန့်ဆုတ်မနေဘဲ ဂိတ်တံခါးဝကို

ဖြတ်ဝင်လာခဲ့သည်။

သို့သော် သူဝင်လာသည်နှင့် တစ်ပြိုင်နက်
ချပ်ဝတ်တန်ဆာဝတ်
တပ်သားအနည်းငယ်က
ဝိုင်းထားခဲ့သည်။

သူတို့ထဲမှ တစ်ယောက်က
“ကိုယ်နာမည်ကို မိတ်ဆက်ပါ။ မင်းမှာ
သင်္ကေတရှိသလား...”

“သင်္ကေတလား...”

ယန်ယွဲ့က ခေါင်းခါလိုက်ပြီး "မရှိဘူး"

ထိုလူက "မင်းမှာမရှိရင် ကောင်းကင်ကမ္ဘာကို ဘယ်လိုလုပ် ခိုးဝင်လာရဲတာလဲ..."

တပ်သားတစ်ယောက်က "သူ့ကို အချိန်ဖြုန်းပြီး စကားများမနေ နဲ့"

“ကောင်းပြီ သူကို
သတ်လိုက်ကြရအောင်”

စကားပြောပြီးနောက် ယန်ယဲ့ဆီသို့
ခုန်ဝင်လိုက်သည်။ သို့သော်
ယန်ယဲ့အရှေ့သို့ ရောက်သောအခါ
ထိုလူက ရုတ်တရက် ရပ်သွားသည်။
ဓားတစ်ချောင်းက
သူ၏နဖူးတည့်တည့်ကို ဖိကပ်ထားလို့ပါ။

ယန်ယဲ့က သူ့စားကို ရှေ့သို့ အနည်းငယ်
ဖိလိုက်သည်။

“အခု ကောင်းကင်ကမ္ဘာကို သွားလည်ဖို့
ငါ့မှာ ပြဿနာရှိသေးလား…”
ဟုမေးလိုက်သည်။

ထိုလူ၏ မျက်နှာက ဖြူဖျော့နေ၏။
ဤအချိန်တွင် ယန်ယဲ့၏ဓားက

ရုတ်တရက် နစ်သွားကာ သွေးများ

ထွက်ကျလာသည်။

ထိုလူက “မဟုတ်ဘူး…။ မဟုတ်ဘူး…”

ဟု ကမန်းကတန်း ပြောလိုက်ပါသည်။

ယန်ယဲ့က စကားပြန်မပြောဘဲ

ဓားကိုပြန်သိမ်းကာ

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲပြီး

ကောင်းကင်အထက်သို့

ပျောက်သွားခဲ့သည်။ ဤအချိန်တွင် ထိုလူက နဖူးထက် အေးစက်သော ချွေးများ စီးကျလာသည်။

အခြားတစ်ယောက်က “ဒါကိုငါတို့ အကြောင်းကြားရမှာလား…”ဟု မေးလိုက်သည်။

ထိုလူက ခေါင်းညိတ်ကာ “သူက ခွင့်ပြုချက်မရှိဘဲ

ကောင်းကင်ကမ္ဘာထဲဝင်လာတဲ့

ပထမဆုံးသူမဟုတ်ဘူး။ ဒါကို

သတင်းပို့တာက ငါတို့အထက်

အာဏာပိုင်တွေကို စိတ်အနှောင့်အယှက်

ဖြစ်စေရုံလောက်ပဲ”

အခြားလူက ခေါင်းညိတ်သည်။

“မင်းမှန်တယ်”

လေး နာရီခန့် ကြာပြီးနောက်တွင်

ယန်ယွဲ့သည် ကောင်းကင်မြို့တော်သို့

ရောက်ရှိလာသည်။ သူ့ရှေ့ရှိ

ကောင်းကင်မြို့တော်ကို ငေးကြည့်ရင်း

ပါးစပ်ထောင့်တွင် အေးစက်သော

အပြုံးတစ်ခုပေါ်လာသည်။ ထိုနေ့က

သူထွက်သွားခဲ့စဉ်တွင်

“ပြန်ရောက်လာမယ်”ဟု ပြောခဲ့သည်။

ယခုအချိန်တွင် သူ၏စကားအတိုင်း ကောင်းကင်မြို့တော်သို့ နောက်တစ်ကြိမ် ပြန်ရောက်လာပါပြီ။

“ နတ်ဆိုးမျိုးနွယ်ရဲ့ ဂူကန်းယန်၊ အခု လူငယ် ဉာဏ်ကြီးရှင် အဆင့် (၇)မှာရှိတယ်”

“အဆင့် (၇)လား…”

ဤအခိုက်အတန့်တွင် အဝေးမှ အံ့အားသင့်နေသော အာမေဍိတ်သံ ထွက်ပေါ်လာသည်။

“အဆင့် (၇) လား…။ မနေက သူက အဆင့် (၂၀) မှာ မဟုတ်ဘူးလား…။ အခုသူက (၇) ယောက်မြောက်တောင် ဖြစ်နေပြီး။ မင်းပြောသလိုပဲ မနေ့က ဖြစ်ခဲ့တယ်။ ဒါပေမဲ့ သူက ကျင့်ကြံသူ (၁၃)ယောက်စလုံးကို တစ်ညလုံး

စိန်ခေါ်ခဲ့တယ်။ တော်သေးတာပေါ့။

ဒါပေမဲ့သူက အဆင့် (၆)က

လင်းယုရှန်ကို စိန်ခေါ်နေပြန်ပြီး”

“လင်းယုရှန် ရှုံးသွားပြီ” ထိုစကားများ

ပြောလိုက်သည်နှင့် ပတ်ဝန်းကျင်သည်

တိတ်ဆိတ်သွားသည်။

အချိန်အနည်းငယ်ကြာသောအခါ

တစ်စုံတစ်ယောက်က

သက်ပြင်းချလိုက်ပြီး “အဲ့ဒီလူက သူ့အပေါ်မှာရှိတဲ့ လူတွေအကုန်လုံးကို လိုက်စိန်ခေါ်ဖို့ စီစဉ်နေတုန်းပဲ။ သူတကယ်အောင်မြင်သွားမယ် ဆိုရင်တော့ ငါတို့ကောင်းကင်မျိုးနွယ်က အခြားမျိုးနွယ်ခြားတွေ ရယ်မောစရာ ဖြစ်လာလိမ့်မယ်”

လူငယ်ပညာရှင်အဆင့်
(စွမ်းရည်အဆင့်များ)

ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး
တစ်ခုခုကို တွေးနေပုံရ၏။ ထိုနောက်
သူ၏ပါးစပ်ထောင့်တွင် အပြုံး
အနည်းငယ် ပေါ်လာသည်။ ယန်ယဲ့က
ထပ်ပြီး တံ့ဆိုင်းမနေတော့ဘဲ မြို့ထဲသို့
ဝင်သွားလိုက်သည်။
သူ၏အသွင်းအပြင်ကို
ဖုံးကွယ်ထားသောကြောင့်
လူသားဖြစ်မှန်း မည်သူမှ

သတိမထားမိပေ။

စုံစမ်းမေးမြန်းမှုများပြုလုပ်ပြီးနောက်

ယန်ယဲ့သည် နောက်ဆုံးတွင်

စွမ်းရည်အဆင့်သတ်မှတ်ချက်က

မည်သည့်အရာ ဖြစ်ကြောင်းကို

သိရှိသွားခဲ့သည်။ ၎င်းသည်

ကောင်းကင်မျိုးနွယ်မှ ဖန်တီးထားသော

အဆင့်တစ်ခုပင်ဖြစ်သည်။

၎င်းသည် ကောင်းကင်မျိုးနွယ်၏

လူငယ်မျိုးဆက်များကို ပြိုင်ဆိုင်မှု

ရှိစေရန်အတွက် သဘာဝအတိုင်း

ဖန်တီးထားသည်။ သို့သော်

ဤအခိုက်အတန့်တွင် နတ်ဆိုးမျိုးနွယ်မှ

ညာဏ်ကြီးရှင်သည်

ကောင်းကင်မျိုးနွယ်မှ

ညာဏ်ကြီးရှင်များကို စိန်ခေါ်နေ၏။

နတ်ဆိုးမျိုးနွယ်နှင့်

ကောင်းကင်မျိုးနွယ်၏ဆက်ဆံရေးသည်

။ လူသားမျိုးနွယ်နှင့်

ကောင်းကင်မျိုးနွယ်၏

ဆက်ဆံရေးထက် ပို၍ပင်

ဆိုးရွားခဲ့သည်။

ထိုမျိုးနွယ်ကြီးနှစ်ခုအကြားမှ

ဆက်ဆံရေးသည်။ လူသားမျိုးနွယ်နှင့်

ရှာမန်မျိုးနွယ်အကြား ဆက်ဆံရေးနှင့်

ဆင်တူသည်ဟု ဆိုနိုင်သည်။

တစ်ဖက်နှင့်တစ်ဖက်

အမြင်မကြည်ကြပေ။ ဤအချိန်တွင်

နတ်ဆိုးမျိုးနွယ်၏ ဉာဏ်ကြီးရှင်က

ကောင်းကင်မျိုးနွယ်၏

အဆင့်သတ်မှတ်ချက်တွင်

အဆင့်တက်လာနေသောကြောင့်

ကောင်းကင်မျိုးနွယ်အတွက်

သေချာပေါက် အရှက်ရစရာပင်။

“ကြောက်စရာ ကောင်းလိုက်တဲ့
ပါးရိုက်ချက်ပဲ”

ယန်ယွဲ့သည် တစ်ခုခုကို တွေးနေပုံရပြီး
သူ့မျက်နှာပေါ်ရှိ အပြုံးက
ကျယ်လာသည်။ ခဏအကြာတွင်တော့
နေရာမှာပင် ပျောက်ကွယ်သွားခဲ့သည်။

ကောင်းကင်မြို့တော်
စွမ်းရည်အဆင့်သတ်မှတ်ချက် စင်မြင့်။

စွမ်းရည်အဆင့် သတ်မှတ်ချက်

ကွင်းပြင်သည် အဆုံးအစမဲ့သော

သမုဒ္ဒရာများဝန်းရံထားသည်။

ဤအခိုက်အတန့်တွင် စင်မြင့်အထက်၌

ခရမ်းရွှေရောင် ဝတ်ရုံဝတ်

လူငယ်တစ်ယောက် ရပ်နေခဲ့သည်။

လူငယ်က သန်မာထွားကျိုင်းပြီး

ပခုံးထက်ထိ ကျဆင်းနေသော

ဆံပင်ရှည်များရှိသည်။ သူ့လက်ထဲတွင်
ဓားမြှောင်တစ်ချောင်းကိုင်ထားသည်။

သို့သော် ဓားမြှောင်က
အရွယ်ရောက်ပြီးသား လူတစ်ယောက်၏
လက်ဝါးနှစ်ဖက် ပေါင်းထားသည်နှင့်
ထူထပ်သည်။ တစ်နည်းအားဖြင့်
အလွန်ထူးဆန်းသော
ဓားတစ်လက်ပင်ဖြစ်သည်။
သေချာသည်မှာ သူသည်

နတ်ဆိုးမျိုးနွယ်၏ ဉာဏ်ကြီးရှင်
ဂူကန်းယန်ဖြစ်သည်။

ဤအခိုက်အတန့်တွင်
ကောင်းကင်မျိုးနွယ်မှ ဉာဏ်ကြီးရှင်
အများအပြားဟာ စင်မြင့် တစ်ဝိုက်မှ
ကျိန်ဆဲသံများ ထွက်ပေါ်နေသည်။
သို့သော် ဂူကန်းယန်က မျက်လုံးများကို
မှိတ်ထားပြီး တိတ်ဆိတ်နေခဲ့သည်။
ဤအတောအတွင်း စင်မြင့်အထက်၌

တိမ်ဖြူရောင်ဝတ်ရုံဝတ်လူငယ်တစ်ယောက်ပေါ်လာသည်။

တစ်စုံတစ်ယောက်က
“ဒါကဘာစွမ်းရည်အဆင့်
သတ်မှတ်ချက်က နံပါတ်(၅)
ရှောင်လော့ပဲ”

ယန်ယွဲ့သည် ထိုလူငယ်ကို ခဏ
စိုက်ကြည့်ပြီးနောက်

အနည်းငယ်ခေါင်းညိတ်လိုက်သည်။

စွမ်းရည်အဆင့် သတ်မှတ်ချက်ရှိ

ညာဏ်ကြီးရှင်များ၏ အရည်အချင်းက

မဆိုးဘူးဟု သူခံစားလိုက်ရသည်။

ရှောင်လော့က

အမြင့်တာအိုသခင်ဖြစ်သည်။ သို့သော်

သူ၏အရှိန်အဝါကို အခြေခံသော်

အမြင့်တာအိုသခင်ဖြစ်ရန် ပြင်ပ

အရင်းအမြစ်များကို အသုံးပြုထားသူ

မဟုတ်ချေ။ ဂူကန်းယန်ကတော့

ယန်ယဲ့က ထိုနတ်ဆိုး ညဏ်ကြီးရှင်ကို

တစ်ချက်ကြည့်လိုက်သော်လည်း

မမြင်နိုင်ခဲ့ပေ။ သေချာသည်မှာ

ဂူကန်ယန်ကသူ၏ ကိုယ်ပိုင်ခွန်အားကို

ဖုံးကွယ်ထားခဲ့သည်။

ဤအချိန်တွင် ဂူကန်းယန် က

မျက်လုံးများကို

ဖွင့်လိုက်ပြီး“မင်းအရင်ဆုံးလှုပ်ရှားလိုက်ပါ”

သူ၏အသံက အနည်းငယ်ပြင်းထန်သည်။

ရှောင်လော့က ဂူကန်းယန်ကို ခဏစိုက်ကြည့်နေပြီးနောက် နေရာမှပျောက်သွားခဲ့သည်။ ထိုခဏလေးမှာပဲ ဂူကန်းယန်ရှေ့တွင် ရောက်နေခဲ့သည်။

ထိုနောက် ရှောင်လော့၏လက်ဝါးမှ အေးစက်စက် အလင်းတန်း အနည်းငယ် ထွက်ပေါ်လာသည်။

ဤအချိန်တွင် ဂူကန်းယန်က ရုတ်တရက် လှုပ်ရှားလိုက်သည်။ သူ၏ဓားတို့ကို အလျားလိုက် ထိုးသွင်းလိုက်သည်။ သူ၏လှုပ်ရှားမှုက အလွန်နှေးကွေးသည့် ပုံစံပါ။ ကလေးတစ်ယောက်က ကစားနေသလိုပင်။ သို့သော်

ဂူကန်းယန်၏ နွေးကွေးသော
လှုပ်ရှားမှုဟာ ရှောင်လော့၏ လက်ဝါးမှ
ထွက်လာသော အလင်းတန်းကို
ချက်ချင်း ချေမှုန်းပစ်လိုက်သည်။

တစ်ချိန်တည်းမှာပဲ ရှောင်လော့သည်
စင်မြင့်အထက်မှ လွင့်ထွက်သွားခဲ့သည်။
စင်မြင့် ပတ်ပတ်လည်တွင်
အကာအကွယ်အစီအရင်များ ရှိနေသည်။
သို့သော် ဤအချိန်တွင်တော့

သူ့နောက်ကွယ်ရှိ

အကာအကွယ်အထက်တွင် ဧရာမ

အပေါက်ကြီးတစ်ခု ပေါ်လာသည်။

ရှောင်လော့သည် ထိုအပေါက်ကနေ

စင်မြင့်အောက်သို့ ပြုတ်ကျသွားခဲ့သည်။

ထိုခဏလေးမှာပင် ပတ်ဝန်းကျင်သည်

သေမင်းတမန်အလား

တိတ်ဆိတ်သွားသည်။

ခဏမျှတိတ်ဆိတ်သွားပြီးနောက်

စင်မြင့်အောက်ရှိ လူ့အုပ်ထံမှ
စူးစူးဝါးဝါးအော်သံများ အနည်းငယ်
ထွက်ပေါ်လာသည်။

ဂူကန်းယန်က ဂရုမစိုက်ပဲ
ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး
“နောက်တစ်ယောင်လာဖို့ ပြောလိုက်ပါ”

ယန်ယဲ့က ဂူကန်းယန်ကို

စိုက်ကြည့်နေရင်းမှ ပြုံးလိုက်ပြီး

“တကယ်ကို စိတ်ဝင်စားဖို့ ကောင်းတယ်”

Translated By NyiNyiSoe

May Be:

....အပိုင်း ၂၃၆၄

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ဝူကန်ယန်၏ တိုက်ခိုက်မှုသည်

နှေးကွေးခြင်း မရှိခဲ့ပေ။  ထူးဆန်းသော

မဟာတာအို ဥပဒေသ ဖြစ်ခဲ့သည်။

အလွန်နက်နဲ သိမ်မွေ့သော ဥပဒေသပင်။

ယန်ယွဲ့ပင် မမြင်နိုင်ပေ။ သို့သော်

ဝူကန်ယန်၏တိုက်ခိုက်မှုက အမှန်ပင်

အားကောင်းသည် ဟု ပြောရပေမည်။

ဤအချိန်တွင် စင်မြင့်ထက်၌

အမျိုးသမီးတစ်ယောက်

ရုတ်တရက်ပေါ်လာသည်။ ယန်ယွဲ့သည်
သူမကို မှတ်မိသောကြောင့် အနည်းငယ်
ထိတ်လန့်သွားသည်။

ရှောင်ချီ၏ အစ်မ ဖြစ်သည်။ သူ့အား
ရှောင်ချီနှင့် ရင်းရင်းနှီးနှီးမနေဖို့
သတိပေးခဲ့သော အမျိုးသမီးငယ်ပင်
ဖြစ်သည်။

ဂူကန်းယန်က အမျိုးသမီးကို
ဂရုမစိုက်ဘဲ စိုက်ကြည့်ကာ
“မင်းအရင်ဆုံး လှူပ်ရှားလိုက်ပါ” ဟုသာ
ပြောခဲ့သည်။

အမျိုးသမီးငယ်က ဘာမှပြန်မပြောဘဲ
သူမ၏ လက်ဝါးတစ်ဖက်ကို
လှန်လိုက်သည်။ သူမ၏လက်ထဲ၌
ဓားတစ်ချောင်းပဲ ပေါ်လာသည်။

ကြယ်တာရာဖျက်ဆီးသူ။

ကောင်းကင်မျိုးနွယ်၏

အထွတ်အမြတ်ရတနာများထဲမှ တစ်ခု။

ဓားကို ဆုပ်ကိုင်လိုက်သည်နှင့်

အမျိုးသမီးငယ်က ရုတ်တရက်

ပျောက်သွားခဲ့သည်။ တစ်ချိန်တည်းမှာပဲ

အလင်းတန်းတစ်ခု လင်းလက်လာပြီး

ဂူကန်းယန်ရှေ့သို့

ချက်ချင်းရောက်လာသည်။

ဤအချိန်တွင် ဂူကန်းယန်က
တိုက်ခိုက်ခဲ့သည်။ သူ၏ဓားတိုကို
မြှောက်ပြီး ပင့်ခုတ်လိုက်သည်။

“ဆူး…”

အမျိုးသမီး၏ ဓားစွမ်းအင်များ
ပျောက်သွားခဲ့ကာ ဝူကန်ယန်လည်း
ရုတ်တရက် ပျောက်သွားခဲ့သည်။

“အုန်း…”

သတ္တုချင်းတိုက်မိသောအသံ
ပဲ့တင်ထပ်လာပြီး အမျိုးသမီးငယ်ဟာ
စင်မြင့် အစွန်းအထိ ဆုတ်သွားခဲ့ရသည်။
ဤအချိန်တွင် သူမ၏မျက်လုံးထဲ၌
လေးနက်သောအမူအရာတစ်ခုပေါ်လာသ
ည်။ သူမ၏လက်ထဲ၌
ကြယ်ဖျက်ဆီးသူကို တင်းကျပ်စွာ
ဆုပ်ကိုင်ထားသည်။

ဤအခိုက်အတန့်တွင်
ကောင်းကင်ယံအထက်ရှိ
ကြယ်တာယာများက ရုတ်တရက်
ပြောင်းလဲသွားသည်။ ထိုနောက်
မရေမတွက်နိုင်သော
ကြယ်တာယာစွမ်းအင်များ
ဆင်းသက်လာကာ
ကြယ်ဖျက်ဆီးသူထဲသို့ တစ်ဟုန်ထိုး
စီးဝင်လာတော့သည်။

ကြယ်တာရာစွမ်းအင်များကို

စုပ်ယူပြီးနောက်တွင်

ကြယ်ဖျက်ဆီးသူ၏စွမ်းအားက

ယခင်ထက် ပိုမိုအားကောင်းလာသည်။

သို့သော်လည်း ယင်းက ကွာခြားမှု

မရှိခဲ့ပေ။ ထိုခွန်အားက

အမျိုးသမီးငယ်နှင့် မသက်ဆိုင်လို့ပါ။

ဂူကနယန်က ချက်ချင်းဆိုသလို

ပျောက်ကွယ်သွားပြီး အလင်းတန်းတစ်ခု

လင်းလက်သွားသည်။ သူ၏အရှိန်က
မမြင်ရပေ။ ဆံချည်မျှင် တစ်မျှင်ကဲ့သို့
ပါးလွှာသည်။ ပတ်ဝန်းကျင်သည်
ရုတ်တရက် တိတ်ဆိတ်သွားသည်။
အကြောင်းမှာ ဓားတိုတစ်ချောင်းက
အမျိုးသမီးငယ်၏ လည်ပင်းကို
ထောက်ထားသောကြောင့်ပင်ဖြစ်သည်။
သူမရှုံးသွားပြီ။
သူမ၏အပြင်းအထန်ဆုံး

တိုက်ခိုက်မှုကိုပင် အသုံးမချခဲ့နိုင်ခဲ့ဘဲ

ရှုံးနိမ့်ခဲ့ရသည်။

ဂူကန်းယန်က

ဓားမြှောင်ကိုပြန်သိမ်းလိုက်ပြီး

သူရပ်နေသည့် နေရာသို့ ပြန်သွားခဲ့သည်။

ထိုနောက် ယန်ယဲ့ရပ်နေသည့်ဘက်ကို

ရုတ်တရက် လှည့်လိုက်ပြီး

အံ့အားသင့်သွားသည်။ လူတိုင်းက

လိုက်ပါကြည့်လိုက်ရာ ယန်ယဲ့အပေါ်သို့

ကျရောက်လာသည်။

အမျိုးသမီးငယ်လည်း

အံ့အားသင့်သွားသည်။

ဂူကန်းယန်က ခဏမျှတုံ့ဆိုင်းသွားပြီး

ယန်ယဲ့ကို လက်သီးဆုပ်ပြကာ

“ခွင့်လွှတ်ပါ”

လူတိုင်းအံ့သြသွားခဲ့ကြသည်။

“ခွင့်လွှတ်ပါ ဟုတ်လား…”

ဤနေရာရှိ လူတိုင်း

အံ့အားသင့်သွားကြသည်။ အားလုံးက

ယန်ယွဲ့ကို စိုက်ကြည့်နေကြသည်။

“သူက ဘယ်သူလဲ…”

ယန်ယွဲ့လည်း အနည်းငယ်

ထိတ်လန့်သွားသည်။

သူက ဝူကန်ယန်ကို

တစ်ချက်ကြည့်လိုက်ပြီး "မင်း ငါ့ကို

သိနေတာလား..." ဟုမေးလိုက်သည်။

ဂူကန်းယန်က အနည်းငယ်

ခေါင်းညိတ်လိုက်သည်။ "မင်းကို

တောင်ပိုင်းချီလင်တောင်တန်းမှာ

တစ်ခါတွေ့ဖူးတယ်"

တောင်ပိုင်းချီလင်တောင်တန်းမှ
ကျင့်ကြံသူ။

ယန်ယဲ့သည် အနည်းငယ်
ခေါင်းညိတ်လိုက်သည်။ ဂူကန်းယန်က
ထိုမျှသန်မာနေသည်မှာ မဆန်းတော့ပေ။

ဤအတောအတွင်း ဂူကန်းယန်က
“မင်းကိုတွေ့ဖို့ ငါမမျှော်လင့်ထားဘူး။
ပညာရှင်အဆင့် အပျက်အစီးတစ်ခုက

အခုကစလို့ နောက်သုံးရက်ကြာရင်
ငါ့နတ်ဆိုးကမ္ဘာမှာ ဖွင့်လှစ်လိမ့်မယ်။
မင်းစိတ်ဝင်စားတယ်ဆိုရင်
ငါတို့အတူတူသွားလို့ရတယ်”

ဤအချက်ကြောင့် ကောင်းကင်မျိုးနွယ်မှ
လူတိုင်း အံ့သြသွားကြသည်။
ဂူကန်းယန်က ထိုအမည်မသိလူကို
မျက်နှာသာပေးနေသည် မဟုတ်ပါလား။

ယန်ယဲ့သာ စိတ်ဝင်စားပါက ....။

ဂူကန်းယန်သည် နတ်ဆိုးမျိုးနွယ်ဝင်

ဖြစ်သော်လည်း အလွန်သန်မာပြီး

မာနထောင်လွှားကြောင်း ဝန်ခံရပါမည်။

သို့သော်

အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသားကို

ယဉ်ကျေးသိမ်မွေ့သော အမူအရာဖြင့်

ဆက်ဆံနေခဲ့သည်။ သို့သော်

ဂူကန်းယန်အတွက်တော့ ယန်ယဲ့အပေါ်

ယဉ်ကျေးပျူငှာသည်က

သာမန်ပင်ဖြစ်သည်။ ၎င်းနှင့်

ပတ်သက်ပြီး သူကိုယ်တိုင်

အများအယွင်းမရှိဟု ခံစားမိသည်။

နောက်ဆုံးတွင်

သေဆုံးခြင်းကမ္ဘာတွင်ရှိစဉ်က

ယန်ယဲ့၏ခွန်အားကို လက်တွေ့

မြင်ထားဖူးသည် မဟုတ်ပါလား။ ထိုပြင်

ယန်ယဲ့သည် ဈာန်သခင်တစ်ပါးကိုပင်

ထိပ်တိုက်ရင်ဆိုင်ခဲ့သည်။

ထိုအချိန်တွင် ဈာန်သခင်က

သူ့အတွက်မျှော်ကြည့်ရုံသာရှိသည်။

သို့သော်လည်း ယန်ယဲ့ကတော့

ထိပ်တိုက်ရင်ဆိုင်နေနိုင်ပါပြီး။ ထိုပြင်

လက်ရှိ ယန်ယဲ့က ပို၍ပင်

သန်မာနေလောက်ပါပြီး အကြောင်းမှာ

သူ၏ပင်ကိုယ်အသိအရ ယန်ယဲ့ဟာ

အလွန် အန္တရာယ်များကြောင်း

ပြောနေသောကြောင့်ပါ။ ဤဗီဇက

သေဆုံးခြင်းကမ္ဘာတွင်

သူ၏အားအထားရဆုံးဖြစ်ပြီး

အလွန်တိကျပါသည်။

ပညာရှင်အပျက်အစီးနယ်မြေ။

ယန်ယဲ့က အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။

ခဏကြာသွားပြီးနောက် “အချိန်ရရင်

သွားတာပေါ့” ဟု ပြန်ပြောလိုက်သည်။

ဂူကန်းယန်က “ငါ

နောက်သုံးရက်လောက်အထိ

ကောင်းကင်ကမ္ဘာမှာ ရှိနေမယ်။

မင်းသွားဖို့ ပြင်ဆင်ထားရင် အချိန်မရွေး ဆက်သွယ်လို့ရတယ်”

ယန်ယဲ့က အနည်းငယ် ခေါင်းညိတ်ပြီး ပတ်ဝန်းကျင်ကို လှည့်ကြည့်ကာ “နောက်တစ်ယောက် ထပ်ပို့ဖို့ပြောလိုက်”

ဂူကန်းယန်ရှေ့ရှိ အမျိုးသမီးက “သူဒီကို မကြာခင်ရောက်တော့မယ်”

ဂူကန်းယန်က အနည်းငယ်
ခေါင်းညိတ်လိုက်ပြီး
“ငါသူ့ကိုစောင့်နေမယ်”
စကားပြောပြီးသည်နှင့် မျက်လုံးကို
ဖြည်းညင်းစွာ မှိတ်လိုက်သည်။

အမျိုးသမီးက အကြည့်ကို ယန်ယွဲ့ဆီသို့
ပို့လိုက်ပြီး “နင်ပြန်လာဖို့
သတ္တိရှိတာလား...”

ယန်ယဲ့ကပြုံးပြီး "ဘာဖြစ်လို့လဲ..."

သူမက စူးစူးရဲရဲကြည့်ပြီး

"နင်ဒီလောက်သေချင်နေတာလား..."

ယန်ယဲ့က ပြုံးပြီး

"မင်းအရမ်းစိတ်လှုပ်ရှားနေမယ်ထင်တယ်။ မှန်တယ်။

မင်းကိုတစ်ခုလောက်မေးချင်သေးတယ်။

ရှောင်ချီဘယ်မှာလဲ..."

သူမက “ရှောင်ချီအတွက် စဉ်းစားနေလို့ နင့်ကို အကြံတစ်ခုပေးမယ်။ နင်ရောက်နေတာ အဖေသတိမထားမိခင် ချက်ချင်းထွက်သွား။ နင့်မှာ အခုအချိန်ရှိသေးတယ်။ မဟုတ်လို့ ကောင်းကင်ကမ္ဘာမှာ နင်ရှိနေတာကို သူသတိထားမိရင် ဘယ်သူမှကယ်နိုင်မှာ မဟုတ်ဘူး”

“ဟုတ်လား...”

ယန်ယဲ့က “ငါအရမ်းကြောက်တယ်”

အမျိုးသမီးငယ်က မျက်နှာပျက်သွားပြီး
“ကောင်းပြီ
နင့်ဆန္ဒအတိုင်းပဲလုပ်ပါ”စကားပြောပြီး
နောက် လှည့်ထွက်သွားသည်။

တစ်ချိန်တည်းမှာပဲ ယန်ယွဲ့က

ရုတ်တရက် ပြောခဲ့သည်။ “ရှောင်ချီ

အတွက် မျက်နှာသာ ပေးထားလို့

အကြံတစ်ခုပေးလိုက်မယ်။

ကြယ်ဖျက်ဆီးသူက

ဓားကောင်းတစ်လက်ဖြစ်ပေမဲ့

အသုံးပြုတဲ့သူက အားနည်းတယ်။

ဓားကို လူတစ်ယောက်က

အသုံးပြုနေပေမဲ့ မင်းက ဓားကို အဓိက

အားထားနေတယ်။ ဒီလိုလုပ်ဖို့
မင်းဘယ်လောက်တောင်
မိုက်မဲနေတာလဲ...”

“နင်...”

အမျိုးသမီးငယ်က လှည့်ကြည့်လိုက်ပြီး
ယန်ယွဲ့ကို စိုက်ကြည့်နေသည်။ သို့သော်
ယန်ယွဲ့သည် သူ့အား လျစ်လျူရှုကာ
အဝေးရှိ ကောင်းကင်ကို

စိုက်ကြည့်နေသည်။ ထိုနေရာသည်
တစ်ချက် တုန်လှုပ်သွားပြီး အနက်ရောင်
အက်ကြောင်းတစ်ခုပေါ်လာသည်။
ခဏအကြာတွင် ပုံရိပ်တစ်ခု
ထွက်ပေါ်လာသည်။ အားလုံးက မြို့ထဲကို
အလင်းတန်းများ ဖြာကျလာသည်ကို
မြင်လိုက်ရလသည်။

အမျိုးသမီးငယ်က “သူဒီကို ရောက်လာပြီ” ဟု အသံတိုးတိုးဖြင့် ပြောခဲ့သည်။

စကားဆုံးသည်နှင့် အဖြူရောင်ဝတ်စုံဝတ်လူငယ်တစ်ဦး စင်မြင့်အထက်တွင်ပေါ်လာသည်။ ထိုလူငယ်က အသက် (၂၇)နှစ် ဝန်းကျင်ပါ။ သူသည် အဖြူရောင်သန့်သန့်ဝတ်စုံကို

ဝတ်ဆင်ထားပြီး ချောမောလှပသည်။

ထိုလူငယ်ပေါ်လာသည်နှင့်

မရေမတွက်နိုင်သော အမျိုးသမီးများက

စိတ်လှုပ်ရှားနေသောအသံများဖြင့်

“လော့ဝူရှီ…လော့ဝူရှီ…”

စွမ်းရည်အဆင့် သတ်မှတ်ချက်

နံပါတ်တစ် ပါရမီရှင်ဖြစ်သည်။

ကောင်းကင်မျိုးနွယ်၏

လူငယ်မျိုးဆက်ကို ကိုယ်စားပြုခဲ့သည်။

လော့ဝူရှီက ဝူကန်ယန်ကို စိုက်ကြည့်ရင်း

“နတ်ဆိုးမျိုးနွယ်ထဲက ညဏ်ကြီးရှင်

ငါ့ကောင်းကင်မျိုးနွယ် ကမ္ဘာမှာ

မင်းဘယ်လိုပြဿနာတွေ လုပ်ရဲသလဲ…။

မင်းက ကိုယ်နေရာကို

တကယ်မသိဘူးထင်တယ်”

စကားပြောပြီးသည်နှင့်

သူ၏ညာလက်ကို ရုတ်တရက်

မြှောက်လိုက်ရာ သူ့လက်ကနေ

အလင်းဖျော့ဖျော့ လင်းလက်လာသည်။

ခဏအကြာတွင်

သူ၏လက်ဝါးကိုမြှောက်၍ ဂူကန်းယန်

ကိုရိုက်ချလိုက်သည်။

“ဝုန်း…”

ဂူကန်းယန်၏ ပတ်ဝန်းကျင်ရှိ

အာကာသပြင်သည် ပြင်းထန်စွာ

တုန်ခါသွားသည်။ ထိုနေရာသည်

အက်ကွဲသွားသလို

ဂူကန်ယန်၏မျက်နှာသည်လည်း

ကွဲအက်သွားသည်။ သူက မမြင်နိုင်သော

တိုက်ခိုက်မှုကို ရင်ဆိုင်လိုက်ရပုံပင်။

ခဏမျှတိတ်ဆိတ်သွားပြီးနောက်

ဂူကန်းယန်က ရုတ်တရက်

တိုက်ခိုက်လိုက်သည်။အလင်းတန်းတစ်ခု

လင်းလက်သွားသည်။

“ဆူး...”

တစ်စုံတစ်ရာကို

လှီးဖြတ်လိုက်သောအသံ

ပဲ့တင်ထပ်လာသည်။ အာကာသထဲတွင်

ရောမ အက်ကြောင်းကြီး

ထွက်ပေါ်လာသည်။ အက်ကြောင်းများ

အဆုံးတွင် အလင်းတန်းများက

လော့ဝူရှီ၏ နဖူးရှေ့သို့ရောက်လာသည်။

သို့သော် လော့ဝူရှီ၏ ပါးစပ်ထောင့်တွင်

အေးစက်သော အပြုံးတစ်ခုသာ

ရှိနေသည်။ ထိုနောက်

သူ့လက်ဝါးပေါ်တွင်

ငွေရောင်အလင်းတန်းတစ်ခု

လင်းလက်လာသည်။

“ဖောင်း…”

ဂူကန်းယန်၏ ဓားစွမ်းအင်များ

ပျောက်ကွယ်သွားသည်။

ခဏအကြာတွင် နှစ်ယောက်စလုံးက

မီတာ (၃၀)အကွာ၌ ရပ်နေကြသည်။

လော့ဝူရှီ၏ လက်ထဲ၌ ငွေရောင်

လှံတစ်ချောင်းပေါ်လာသည်။

လှံတစ်ဝိုက်တွင် ငွေရောင်

နဂါးငယ်တစ်ကောင် ရှိနေသည်။

ထိုနောက် လော့ဝူရှီက နေရာမှာပင် ပျောက်သွားခဲ့သည်။

“ဝှစ်...”

လော့ဝူရှီ ပြန်ပေါ်မလာခင် အာကာသပြင်သည် ရုတ်တရက် ပွင့်ထွက်သွားသည်။ ထိုနောက် စင်မြင့်အထက်၌ အာကာသ အက်ကြောင်းကြီး တစ်ခု

ထွက်ပေါ်လာခဲ့သည်။

တစ်ချိန်တည်းမှာပင် တိုက်ပွဲစင်မြင့်သည်

ကွဲထွက်သွားခဲ့သည်။ တိုက်ခိုက်မှုသည်

ပြင်းထန်လွန်းပြီး စင်မြင့်သည်ပင်

မခံနိုင်တော့ပေ။ လော့ဝူရှီ

တိုက်ခိုက်လိုက်သည်နှင့် ဂူကန်းယန်သည်

နေရာတွင် ပျောက်ကွယ်သွားပြီး

အလွန်စူးရှသော အလင်းတန်းကြီးတစ်ခု

လင်းလက်သွားသည်။

ခဏအကြာတွင်

ဓားစွမ်းအင်နှင့်ငွေရောင်အလင်းတန်းက

လေထဲ၌ တိုက်မိသွားသည်။

“ဘုန်း...”

ထိုနောက်တွင်တော့ စွမ်းအင်

လှိုင်းလုံးများ ဖြာထွက်လာသည်။

စွမ်းအင်လှိုင်းများက အလွန်လျင်မြန်စွာ

ရွေ့လျားပြီး လူအုပ်ကြီးရှေ့သို့

ချက်ချင်းရောက်လာသည်။

ဤမြင်ကွင်းကြောင့် လူတိုင်း

ထိတ်လန့်သွားကာ ကမန်းကတန်း

နောက်ပြန်ဆုတ်လိုက်ကြသည်။

နောက်ဆုံးတွင် လူတိုင်း မရပ်တန့်ခင် (၃)

ကီလိုမီတာအကွာအထိ

ပြန်ဆုတ်သွားခဲ့ရသည်။

တစ်ချိန်တည်းမှာပင်

တစ်စုံတစ်ယောက်က နောက်သို့

ပြေးမသွားကြောင်း လူတိုင်း

သတိထားပြုမိလိုက်သည်။

အခြားမဟုတ်ပေ။ ယန်ယွဲ့ပင်ဖြစ်သည်။

ယန်ယွဲ့သည် မကြာသေးခင်က

သူရပ်နေသည့်နေရာတွင် ရပ်နေတုန်းပါ။

ယန်ယွဲ့သည် ပတ်ဝန်းကျင်ကို

ကြည့်လိုက်ရာ အားလုံးက

သူ့အားကြည့်နေသည်ကို

သတိပြုမိလိုက်သည်။

ယန်ယဲ့က အံ့ဩသွားကာ“မင်းတို့အားလုံး ဘာလုပ်နေကြတာလဲ…”

အားလုံးက စကားတစ်ခွန်းမှမပြောဘဲ သူ့ကို စိုက်ကြည့်နေကြသည်။

“အုန်း…”

ဤအချိန်တွင် ကောင်းကင်ယံ၌ ပေါက်ကွဲသံတစ်ချက်

ထွက်ပေါ်လာသည်။

မျှော်ကြည့်လိုက်သည့်အခါ ငွေရောင်

နဂါးကြီးတစ်ကောင် ကောင်းကင်ယံတွင်

ပျံသန်းနေသည်ကို တွေ့လိုက်ရသည်။

တစ်ချိန်တည်းမှာပဲ မီတာ (၃၀၀)ခန့်

ရှည်လျားသော

ဓားစွမ်းအင်အလင်းတန်းကြီးတစ်ခုက

ကြယ်တစ်စင်းအလား ကောင်းကင်ကို

ဖြတ်တောက်ပစ်လိုက်သည်။

ဤအချိန်တွင် တိုက်ပွဲက

အထွတ်အထိပ်သို့ ရောက်ရှိနေကာ

ရလဒ်ကို ဆုံးဖြတ်ရမည်ဖြစ်သည်။

သို့မဟုတ် သေခြင်းရှင်ခြင်းကို မကြာမီ

ဆုံးဖြတ်လိမ့်မည်ဟု ဆိုသင့်သည်။

အကြောင်းမှာ နှစ်ယောက်စလုံးက

နောက်မဆုတ်တမ်း တိုက်ခိုက်နေပြီး

တိုက်ပွဲက အဆုံးအစွန်းအထိ

ရောက်သွားသောကြောင့်ပင်ဖြစ်သည်။

Translated by NyiNyiSoe

May Be:

...အပိုင်း ၂၃၆၅

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

“အုန်း...အုန်း...အုန်း...”

ပေါက်ကွဲသံများ ကောင်းကင်ယံ၌
အဆက်မပြတ် ထွက်ပေါ်လာသည်။
ထိုနေရာသည် သာမန်ဆန်သော
နေရာအဖြစ်သို့
ပြောင်းလဲသွားတော့သည်။ သို့သော်
သိပ်မကြာလိုက်ဘဲ အမှောင်ရိပ်ထဲမှ
စောင့်ကြပ်နေသော ကျင့်ကြံသူများက
ထိုနေရာအား ပြုပြင်လိုက်သည်။

လော့ဝူရှီနှင့် ဂူကန်းယန်တို့၏

တိုက်ခိုက်မှုများသည် ထိုနေရာရှိ

ကောင်းကင်ကို မပျက်စီးနိုင်တော့ပေ။

ဤအချိန်တွင်  လော့ဝူရှီက

ကောင်းကင်သို့ ရုတ်တရက်

ပျံတက်သွားသည်။ သူ့လက်ဝါးပေါ်တွင်

ငွေရောင် အလင်းစက်ဝိုင်းတစ်ခု

ပေါ်လာသည်။

ငွေရောင်အလင်းစက်ဝိုင်း

ပေါ်လာသည်နှင့်

ဂူကန်းယန်၏အမူအရာက

ပြောင်းလဲသွားသည်။

သူ၏ပင်ကိုယ်အသိစိတ်က

အန္တရာယ်အငွေ့အသက်ကို

ခံစားမိလိုက်သောကြောင့်ပင်။

“သွားတော့…”

လော့ဝူရှီက သူ၏ လက်ချောင်းများကို

ပွတ်သပ်လိုက်ရာ

ငွေရောင်အလင်းတန်းအား

ဂူကန်းယန်ဆီသို့ ပစ်လွှတ်လိုက်သည်။

ဂူကန်းယန်၏ မျက်လုံးများက

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

သူ၏ဓားတိုကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်ကာ ငွေရောင်အလင်းတန်းက

မီတာ(၃၀၀)အကွာသို့

ရောက်လာသည်နှင့် ရှေ့သို့ ဆတ်ခနဲ

ပိုင်းချလိုက်သည်။

ဓားပိုင်းချလိုက်သည်နှင့် အချိန်သည်

ရပ်တန့်သွားသလိုပင်။ သို့သော် ငွေရောင်

အလင်းစက်ဝိုင်းက ရုတ်တရက်

ပြင်းထန်စွာ တုန်ခါလာပြီးနောက်

ငွေရောင်အလင်းစက်ဝိုင်းများစွာ

ထွက်ပေါ်လာသည်။

“ဘုန်း…ဘုန်း…ဘုန်း…”

ငွေရောင်အလင်းစက်ဝိုင်းများက
ဂူကန်းယန်၏ ခန္ဓာကိုယ်ကို ထိမှန်ကာ
ချက်ချင်းဆိုသလို
လွင့်ထွက်သွားပါတော့သည်။

ဂူကန်းယန်က
နောက်ဆုံးမရပ်တန့်ခင်အထိ (၃)
ကီလိုမီတာနီးပါး လွင့်ထွက်သွားခဲ့သည်။
သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်

တစ်ကိုယ်လုံး ချက်ချင်း

ကွဲအက်သွားသည်။ သူ၏ခန္ဓာကိုယ်မှ

သွေးများစီးကျလာခဲ့သည်။

အလွန်ထိတ်လန့်ဖွယ်ရာ

မြင်ကွင်းတစ်ခုပင်ဖြစ်ခဲ့သည်။

“လော့ဂူရှီ အနိုင်ရသွားခဲ့ပြီ”

ပတ်ဝန်းကျင်ရှိ မရေမတွက်နိုင်သော

လူများက အော်ဟစ်

အားပေးနေကြသည်။

ဂူကန်းယန်က သူ့ပါးစပ်ထောင့်ရှိ

သွေးများကို သုတ်လိုက်သည်။ ထို့နောက်

လော့ဝူရှီကို မော့ကြည့်လိုက်ပြီး

“ပညာရှင်အဆင့် လက်နက်”

လော့ဝူရှီက ငွေရောင်အလင်းစက်ဝိုင်းကို ဖယ်လိုက်ကာ ပြုံးပြီး “မင်းမှာ တော်တော်ကို စူးရှတဲ့ အကြည့်တွေရှိတယ်”

စကားပြောနေရင်း သူက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။ “လူတိုင်း မင်းတို့ရဲ့အမြင်တွေပြောပါ။ သူ့ကို သတ်သင့်တယ်ထင်လား…”

“သူ့ကို သတ်လိုက်”

မရေမတွက်နိုင်သော လူများက
တညီတညွတ်တည်း
အော်ဟစ်လိုက်ကြသည်။

“ဟုတ်တယ် သူ့ကို သတ်သင့်တယ်”

“မှန်တယ် သူ့ကို သတ်ရမယ်”

“မှန်တယ် ငါတို့ ကောင်းကင်မျိုးနွယ်ကို စော်ကားတဲ့သူကို သတ်ပြစ်ရမယ်”

“သူကိုသတ်”

“မဟုတ်ဘူး၊ သေတဲ့အထိ နှိပ်စက်သင့်တယ်”

လော့ဝူရှီက ဂူကန်းယန်ကို စိုက်ကပ်ကာ လှောင်ပြောင်လိုက်သည်။ “မင်းရဲ့

ခွန်အားကို လွှန်လွှန်ကဲကဲ တွက်ဆနေတာပဲ။ အခု ဒီအကျိုးဆက်ကို ခံလိုက်တော့”

စကားပြောပြီးနောက် သူ၏ငွေလုံးကို ဂူကန်းယန်ဆီသို့ ပစ်လွှတ်လိုက်သည်။

ဂူကန်းယန်က တန်ပြန်တိုက်ခိုက်ရန် ပြင်လိုက်သော်လည်း ပုံရိပ်တစ်ခုက သူ့ရှေ့တွင် ရုတ်တရက်

ပေါ်လာပြီးနောက် ငွေလုံကို
ဖမ်းဆုပ်ထားခဲ့သည်။

ထိုပုံရိပ်က ယန်ယဲ့ပင် ဖြစ်သည်။

ယန်ယဲ့သည် အောက်ရှိ လူအုပ်ကို
တစ်ချက်ကြည့်လိုက်သည်။
“ကောင်းကင်မျိုးနွယ်ရဲ့
ညာဏ်ကြီးရှင်တွေကို စပြီး
စိန်ခေါ်ကတည်းက ရှုံးတဲ့

ပြိုင်ပွဲဝင်တွေကို သူက

သတ်ဖူးသလားလို့ ”

“သူက လူသားပဲ”

တစ်ယောက်ယောက်က

အော်လိုက်သည်။

“လူသားလား…”

“နိမ့်ကျတဲ့ လူသားမျိုးနွယ်လား…”

“ငါတို့ကောင်းကင်ကမ္ဘာမှာ

ဘာလုပ်နေတာလဲ…”

“ဒီမှာ လူသားတစ်ယောက်ရှိဖို့

မမျှော်လင့်ထားဘူး။

ကောင်းကင်ဂိတ်တံခါး၀ အပြင်ဘက်က

အစောင့်တွေက တကယ်ပေါ့ဆတာပဲ။

နိမ့်ကျတဲ့ လူသားကို တကယ်

၀င်ခွင့်ပြုခဲ့တယ်”

စင်မြင့်အောက်ရှိ အမျိုးသမီးငယ်က ယန်ယွဲ့ကိုမော့ကြည့်ရင်း “နင်က ကိုယ့်သေတွင်းကိုယ်တူးလိုက်ပြီ”

ယန်ယွဲ့သည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီးနောက် နှုတ်ခမ်းတွင် အပြုံးတစ်ခုပေါ်လာသည်။ ထို့နောက် ဖျတ်ခနဲ ပျောက်သွားသည်။ ခဏအကြာတွင် သူက လော့ဝူရှီ ရှေ့တွင်

ပေါ်လာပြီး သူက ငွေလုံဖြင့်
ပြန်ပစ်ထိုးလိုက်သည်။

"ဘုန်း..."

လော့ဝူရှီက ခုခံနိုင်လိုက်ခြင်းမရှိချေ။ ၁၀
ကီလိုမီတာအကွာသို့
လွင့်ထွက်သွားခဲ့သည်။
ဤအခြေအနေကြောင့် လူတိုင်း
အံ့အားသင့်သွားခဲ့ကြသည်။ ယန်ယဲ့က

သူ့လက်များကို ပွတ်သပ်လိုက်ပြီး

ပတ်တန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။

"ဒီအချိန်ကစလို့ ငါ့ယန်ယဲ့

ကောင်းကင်မျိုးနွယ်ရဲ့

လူငယ်မျိုးဆက်တွေ အားလုံးကို

စိန်ခေါ်လိုက်တယ်။ ဒီမှာ အခုရှိသလား။

မင်းတို့ငါ့ကို တိုက်ခိုက်ဖို့

ဘယ်နှစ်ယောက်ရွေးချယ်မလဲ။

ကောင်းပြီ အကုန်လုံးရှိရင် လာခဲ့ကြ။

ငါမင်းတို့ကို တိုက်ခိုက်မယ်”

ထိုနောက် သူ၏ပါးစပ်ထောင့်တွင်

အနည်းငယ်

အေးစက်သောအပြုံးတစ်ခုပေါ်လာသည်

။

သူက လောဝူရှီကို ညွှန်ပြပြီး “တစ်ခုတော့ ကြိုပြောပါရစေ။ သူ့လိုလူ တစ်ရာကို တိုက်ခိုက်နိုင်လို့ အမှိုက်တွေ ထပ်မပို့နဲ့”

လောဝူရှီလို အဆင့်တူ ညာဏ်ကြီးရှင် အယောက်(၁၀၀)။ အားလုံးက ယန်ယဲ့ကို စိုက်ကြည့်နေကြသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားကြသည်။

"မင်းဘယ်လိုပြောရဲသလဲ..."

လော့ဂူရှိက ရုတ်တရက် ဒေါသတကြီး

အော်ဟစ်လိုက်ပြီးနောက် သူ့လက်ထဲတွင်

ငွေရောင် အလင်းစက်ဝိုင်းပေါ်လာသည်။

ထိုနောက် သူ၏ ခန္ဓာကိုယ်ထဲရှိ

ဆန်းကြယ်ချီစွမ်းအင်များသည်။

ငွေရောင်အလင်းဝိုင်းထဲသို့

ဒလဟောစီးဝင်လာကာ

ငွေရောင်အလင်းစက်ဝိုင်းသည်
တဖျတ်ဖျတ် တုန်ခါလာသည်။

"သတိထားပါ အဲ့ဒီအရာက..."

ဤအချိန်တွင် ဂူကန်းယန်က ယန်ယဲ့ကို
သတိပေးရန် ပြင်လိုက်သော်လည်း
တစ်ခုခုကို တွေးမိပြီး ရပ်သွားသည်။

သတိထားပါ ဟုတ်လား…။ လော့ဂူရှိက

သွေးနတ်ဆိုးဘုရင်ထက်

အားကောင်းသလား…။ အဖြေက

ရှင်းရှင်းလင်းလင်းပင်။ မဟုတ်ပေ။

သို့သော် ယန်ယွဲ့သည်

သွေးနတ်ဆိုးဘုရင်ကိုပင်

တိုက်ခိုက်နိုင်ခဲ့သည်။ ထိုပြင်

ယန်ယွဲ့သည် အရင်ကထက် အများကြီး

ပိုသန်မာနေမှန်းသိသာပါသည်။

ယန်ယဲ့က ဂူကန်းယန်ကို လှည့်ကြည့်ပြီး

ပြုံးပြကာ “အဆင်ပြေပါတယ်”

ဤအချိန်တွင် လော့ဝူရှီက

ခုန်ထွက်လာပြီး ငွေရောင်

အလင်းစက်ဝိုင်းကို ယန်ယဲ့ဆီသို့

ပစ်ပေါက်လိုက်သည်။

“ဝှစ်...”

ငွေရောင်အလင်းစက်ဝိုင်းက

ယန်ယွဲ့အထက်တွင် ချက်ချင်း

ပေါ်လာသည်။ ထိုနောက်

မရေမတွက်နိုင်သော

အလင်းစက်ဝိုင်းများ ဖြာထွက်လာကာ

ယန်ယွဲ့ကို ဖုံးအုပ်ထားသည်။

ယန်ယွဲ့သည် သူ၏ညာခြေကို

ရှုတ်တရက် ဆောင့်ကာ

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲသွား

သည်။ ထိုနောက် အပေါ်သို့
ခုန်တက်လိုက်သည်။ တစ်ချိန်တည်းမှာပဲ
ယန်ယွဲ့၏ ပုံရိပ်ယောင်များက
ကောင်းကင်အပြည့် လွှမ်းခြုံသွားကာ
တလျှပ်လျှပ် တောက်ပသော
အလင်းတန်းများ ထွက်ပေါ်လာသည်။

အရိပ်ဓား။

အလင်းတန်းများက ကောင်းကင်ယံကို
ဖုံးလွှမ်းထားသည်။ ထိုပြင်
ဓားစွမ်းအင်များပင် ဖြာထွက်လာသည်။
ထိုကဲ့သို့ပင် ဓားစွမ်းအင်သည် အသက်ရှူ
(၃) ရှူကစာခန့်ကြာအောင် တည်ရှိနေကာ
ယန်ယဲ့သည် နေရာတွင်ပင်
ပျောက်သွားခဲ့သည်။
လူတိုင်းအံ့သြသွားပြီး လော့ဝူရှီဆီသို့

လှမ်းကြည့်လိုက်သည်။ လော့ဝူရှီ
ရှေ့တွင် လူတစ်ယောက် ရပ်နေသည်။

သူ၏လက်ထဲမှ ဓားက
လော့ဝူရှီ၏လည်ပင်းကို
ထောက်ထားသည်။ ပတ်ဝန်းကျင်သည်
တိတ်ဆိတ်သွားသည်။ လော့ဝူရှီက
ထိုကဲ့သို့ ရှုံးနိမ့်သွားခဲ့ပြီးဖြစ်သည်။
ဤအချိန်တွင် လော့ဝူရှီက သူ့ရှေ့ရှိလူကို
မယုံကြည်နိုင်စွာ စိုက်ကြည့်နေသည်။

သူသည် ဤကဲ့သို့ တိုက်ခိုက်မှု
တစ်ခုတည်းဖြင့် ရှုံးနိမ့်မည်ဟု
မမျှော်လင့်ထားခဲ့ပေ။

ယန်ယွဲ့သည် သူ့ကို
တိုက်ခိုက်လိုက်သည်နှင့်
တုံ့ပြန်နိုင်စွမ်းပင် မရှိခဲ့ပေ။

ယန်ယွဲ့သည် သူ့ဓားကို ပြန်သိမ်းလိုက်ပြီး
ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ကာ “ငါဒီမှာပဲ

စောင့်နေမယ် အရင်က

ပြောခဲ့တာတွေပြောင်းလဲမှာမဟုတ်ဘူး။

ကောင်းကင်မျိုးနွယ်ရဲ့

လူငယ်မျိုးဆက်က ဘယ်သူမဆို

အရေးအတွက် ဘယ်လောက်ပဲ ဖြစ်ဖြစ်

မင်းတို့အားလုံးက ငါ့ကို

အတူတူစိန်ခေါ်နိုင်တယ်”

ကောင်းကင်မျိုးနွယ်ရှိ
ညာဏ်ကြီးရှင်များ၏ အမူအရာများ၊
မျက်နှာများက အတော်လေးကို
ဆိုးရွားလာခဲ့သည်။ လူတိုင်း
ဒေါသထွက်နေကြသည်။ ဝူကန်ယန်၏
စိတ်ခေါ်မှုက သူတို့အား
ဒေါသထွက်စေရုံလောက်သာ သို့သော်
ယန်ယဲ့၏ လုပ်ရပ်က
သတ်ပစ်ချင်လောင်အောင်ပင်။ သူသည်

စွမ်းရည်အဆင့် သတ်မှတ်ချက်ရှိ
ညဏ်ကြီးရှင်များကို
စိန်ခေါ်ရုံသာမကပေ။ သူသည်
ကောင်းကင်မျိုးနွယ်၏
လူငယ်မျိုးဆက်သစ်အားလုံးကို
စိန်ခေါ်နေခဲ့သည်။

ကောင်းကင်မျိုးနွယ်တစ်ခုလုံး၏
လူငယ်မျိုးဆက်သစ်များ။

ဤအချိန်တွင် အမျိုးသမီးငယ်က
စင်မြင့်ထက်တွင် ရုတ်တရက် ပေါ်လာပြီး
ယန်ယွဲ့ကို စူးစိုက်ကြည့်ကာ
“နင်ဘာလိုချင်လို့လဲ…”
ဟုမေးလိုက်သည်။

“ငါဘာလိုချင်လို့လဲ…”

ယန်ယွဲ့က တဟားဟားရယ်ပြီး
“ကောင်းကင်မျိုးနွယ်က မြင့်မြတ်တဲ့

မျိုးနွယ်မဟုတ်ဘူးလား…။ မင်းတို့ ပိုင်ဆိုင်တဲ့ မြင့်မြတ်တဲ့အရာတွေကို ငါမြင်ချင်တယ်”

ထိုနောက်အောက်မှ အခြားသူတိုင်းကို ငုံ့ကြည့်ကာ “ကြည့်စမ်း ငါက လူသားဖြစ်ပြီး မင်းတို့အားလုံးက ကောင်းကင်မျိုးနွယ်တွေ။ မင်းတို့အမြင်မှာ ငါက နိမ့်ကျတဲ့ လူသားမျိုးနွယ် အခုမင်းတို့လို

မြင့်မြတ်တဲ့ မျိုးနွယ်ကို ငါမေးနေတယ်။

ဘယ်သူက ငါ့ကို တိုက်ခိုက်ရဲသလဲ…”

“ဘယ်သူက တိုက်ခိုက်ရဲမှာလဲ…”

ကောင်းကင်မျိုးနွယ်တွင်

သူ့ရဲ့ဘောကြောင်သော

လူငယ်မျိုးဆက်များမရှိခဲ့ပေ။

အချိန်သိပ်မကြာလိုက်ပေ

စင်မြင့်အထက်၌

လူငယ်တစ်ယောက်ပေါ်လာသည်။ သူသည် ယန်ယဲ့ကို စိုက်ကြည့်ရင်း စကားစလုဆဲဆဲဖြစ်သည်။ သို့သော် ယန်ယဲ့သည် နေရာမှာပင် ဖျတ်ခနဲ ပျောက်ကွယ်သွားခဲ့သည်။

"ဘုန်း…"

ခဏအကြာတွင် ထိုလူငယ်က လေထဲတွင် လွင့်ပျံသွားခဲ့ကာ

ဒလိမ့်ကောက်ကွေးမြေပြင်ပေါ်သို့
ပြုတ်ကျသွားခဲ့သည်။ ထိုပြင်
မြေပြင်ပေါ်သို့ ပြုတ်ကျသွားသည်နှင့်
တစ်ခါတည်း သတိလစ်နေခဲ့သည်။

ယန်ယွဲ့သူ့လက်သီးကို ပွတ်သပ်လိုက်ပြီး
“နောက်တစ်ယောက် ထပ်လာခဲ့”

“နောက်တစ်ယောက်”

ဤတစ်ကြိမ်တွင်တော့ မည်သူမျှ
ယန်ယဲ့ကို အလောတကြီး
စိန်မခေါ်ဝံ့တော့ပေ။ သူတို့အကြား
ခွန်အား ကွာခြားချက်က
ကြီးမားလှသည်။

ဤအချိန်တွင် ယန်ယဲ့ရှေ့ရှိ
အမျိုးသမီးငယ်က သူ့ကို စိုက်ကြည့်ပြီး
“နင်သေလိမ့်မယ်”

ယန်ယဲ့ကပြုံးပြီး “မင်းတစ်ခါက

ဒီလိုပြောခဲ့ဖူးတယ်။ ဒါပေမဲ့ ငါက

အသက်ရှင်နေသေးတယ်။ ဒါအပြင်

ကောင်းကင်မျိုးနွယ်ရဲ့

လူငယ်မျိုးဆက်တွေက တကယ့်ကို

အရည်အချင်းမရှိကြဘူး။

မျိုးဆက်ဟောင်းတွေ စိန်ခေါ်ရင်လည်း

ငါငြင်းလို့မရဘူး။ ဒါပေမဲ့ မြင့်မြတ်တဲ့

ကောင်းကင်မျိုးနွယ်က

လူငယ်မျိုးဆက်ကို အနိုင်ကျင့်မှာတော့

မဟုတ်ဘူး မဟုတ်လား…”

အမျိုးသမီးငယ်က

ထပ်ပြောချင်သော်လည်း ယန်ယဲ့က

သူ့လက်ကို ဝှေ့ယမ်းလိုက်သည်။

“မင်းနဲ့ အချိန်ဖြုန်းဖို့ ငါစိတ်မဝင်စားဘူး

ဒါကြောင့်ထွက်သွားလိုက်ပါ။ ဟုတ်တယ်

ကောင်းကင်မျိုးနွယ်ရဲ့ စွမ်းအားကို

ပြချင်ရင် မင်းငါ့ကို တိုက်ခိုက်နိုင်တယ်”

အမျိုးသမီးငယ်၏

မျက်နှာကဆိုးရွားလာသည်။ သို့သော်

ယန်ယဲ့က မျက်လုံးမှိတ်ကာ သူမကို

လျစ်လျူရှုလိုက်သည်။

ဤအချိန်မှာ ယန်ယဲ့က

လေးလေးနက်နက် တွေးတောနေမိသည်။

သဘာဝအတိုင်း သူသည်
ကောင်းကင်မျိုးနွယ် တစ်ခုလုံးကို
တိုက်ခိုက်ရန် ရောက်လာခြင်း
မဟုတ်ပေ။ သူ၏ခွန်အားက
မဆိုးသော်လည်း
ကောင်းကင်မျိုးနွယ်တစ်ခုလုံးကို
တထုက်ခိုက်ဖို့ မဖြစ်နိုင်သလောက်ပင်။
ပညာရှင်ဖြစ်သွားရင်တောင်
ကောင်းကင်မျိုးနွယ်အား

ယှဉ်နိုင်မိမဟုတ်ပေ။ သို့သော်လည်း

သူသည် ကောင်းကင်မျိုးနွယ်၏

မောက်မာထောင်လွှားနေခြင်းကို

မခံနိုင်တော့ပေ။ ထို့ကြောင့်

ဘာလုပ်သင့်သလဲ…။ ထိုအတွက်

အဖြေရှာဖို့ စဉ်းစားနေခဲ့သည်။

မျိုးဆက်ဟောင်းများကို

အနိုင်မယူနိုင်သောကြောင့်

မျိုးဆက်သစ်များကိုသာ အနိုင်ကျင့်ဖို့

ရည်ရွယ်ခဲ့သည်။

ကောင်းကင်မျိုးနွယ်တစ်ခုလုံး၏

လူငယ်မျိုးဆက်သစ်များ အားလုံးကို

တိုက်ရိုက်စိန်ခေါ်လိုက်သည်။

ကောင်းကင်မျိုးနွယ်သည်

မျိုးဆက်ဟောင်းထဲမှ

တစ်စုံတစ်ယောက်ကို စေလွှတ်မည်

မဟုတ်ပေ။ အကြောင်းမှာ

ထိုသို့လုပ်လျှင် ကောင်းကင်မျိုးနွယ်က

လူငယ်မျိုးဆက်ကို အနိုင်ကျင့်ရာ ရောက်သည့်အပြင် မျိုးဆက်သစ်တွင် ညာဏ်ကြီးရှင် မရှိဟု ထင်သွားပေမည်။ ထိုအခြေအနေတွင် အခြားမျိုးနွယ်ခြားများ၏ ရယ်မောစရာ ဖြစ်လာပေမည်။

Translated by NyiNyiSoe

May Be:

...အပိုင်း ၂၃၆၆

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ဤအချိန်တွင်

အဖြူရောင်ဝတ်ရုံဝတ်အဘိုးကြီးတစ်

ယောက် စင်မြင့်ထက်တွင် ရုတ်တရက်

ပေါ်လာသည်။

အဘိုးကြီးက ယန်ယဲ့ကို စိုက်ကြည့်လိုက်ပြီး “မင်းပြန်လာဖို့ ဘယ်တုန်းကမှ ငါမမျှော်လင့်ထားဘူး”ဟု ပြောခဲ့သည်။

ရှင်းရှင်းပြောရလျှင် သူက ယန်ယဲ့ကို ကောင်းကောင်းကြီး မှတ်မိနေသည်။

သို့သော် ယန်ယဲ့က လစ်လျူရှုပြီး

“မင်းကိုယ်တိုင် ငါ့ကို တိုက်ခိုက်ဖို့

စီစဉ်နေတာတော့ မဟုတ်ဘူးထင်တယ်”

အဘိုးကြီးက

လှောင်ပြောင်ရယ်မောရင်း“ငါက

တိုက်ခိုက်ရမှာလား…”

ယန်ယဲ့က ပြုံးပြီး

“ကောင်းကင်မျိုးနွယ်ရဲ့ ယုံကြည်မှုကို

သဘောကျတယ်။ အဲ့ဒါက

ငါ့ကိုယ်တိုင်လိုပဲ။ ဒီလိုဆိုတော့ မင်းတို့ရဲ့

ကောင်းကင်မျိုးနွယ်ရဲ့ ဉာဏ်ကြီးရှင်

တွေကို လွှတ်လိုက်ပါ။ မင်းတို့ကို

ဘယ်အရာက မြင့်မြတ်စေတယ်ဆိုတာ

ငါလက်တွေ့မြင်ပါရစေ”

အဘိုးကြီးက ယန်ယဲ့ကို

အချိန်အကြာကြီး

စိုက်ကြည့်ပြီးနောက်“မင်းကောင်းကင်က

မ္ဘာကနေ ထွက်သွားနိုင်မှာ မဟုတ်ဘူးလို့

ငါထင်တယ်။ မဟုတ်ဘူး မင်းသေရင်

မင်းရဲ့ အလောင်းကို

ကောင်းကင်ကမ္ဘာကနေ

လွှင့်ပစ်လိမ့်မယ်။ နိမ့်ကျတဲ့

လူသားတစ်ယောက်က

ကောင်းကင်ကမ္ဘာထဲမှာ သေဆုံးဖို့

မထိုက်တန်ဘူး”

ယန်ယဲ့က ရယ်မောပြီး အဘိုးကြီးကို စိုက်ကြည့်ကာ "ငါလား...။ သေခြင်းကို ရှာနေတာလား..."

"ဒါဆို ငါမင်းကို လိုက်ပို့ပေးမယ်"

ကောင်ကောင်ယံမှ အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာသည်။ အားလုံးလှမ်းကြည့်လိုက်သော်လည်း ဘာကိုမှမတွေ့ခဲ့ပေ။ တချို့က

သိပ်မကြာလိုက်ဘဲ အခြေအနေကို

သဘောပေါက်သွားကြသည်။

ထိုနောက်စင်မြင့်ထက်ကို

ပြန်ကြည့်လိုက်သည်။ ထိုအခါ

ယန်ယွဲ့ရှေ့တွင် အပြာရောင်ဝတ်ရုံဝတ်

လူငယ်တစ်ဦးပေါ်လာသည်။

ထိုလူငယ်က အသက် (၂၀) ဝန်းကျင်သာ

ရှိသေး၏။ သူသည်ချောမောပြီး

ထူးထူးခြားခြား ဂရုမစိုက်သောမျက်နှာ

အသွင်အပြင်ကို ပိုင်ဆိုင်ထားသည်။

“ဘယ်သူလဲ…”

မရေမတွက်နိုင်သောလူများ

အံ့ဩသွားကြသည်။

ယန်ယွဲ့အနီးတွင် ရပ်နေသော

အမျိုးသမီးငယ်က မျက်မှောင်ကြုတ်ကာ

“ကောင်းကင်အစောင့် တပ်ဖွဲ့က

တစ်စုံတစ်ယောက် ရောက်လာဖို့တောင်

မမျှော်လင့်ထားဘူး”

ကောင်းကင်အစောင့်။

၎င်းသည် ကောင်းကင်မျိုးနွယ်တွင်

လျှို့ဝှက်ဆန်းကြယ်သော

အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ ၎င်းသည်

ကောင်းကင်မျိုးနွယ်၏

အုပ်ထိန်းသူအောက်မှ

အဖွဲ့အစည်းပင်ဖြစ်သည်။ သို့သော်

လွန်ခဲ့သောနှစ်များက ကောင်းကင်

အုပ်ထိန်းသူ ကျဆုံးပြီးနောက်

ကောင်းကင်အစောင့်တပ်ဖွဲ့သည်

ကောင်းကင်အရှင်အင်ပါယာ၏

လက်အောက်သို့ ကျရောက်ခဲ့သည်။

ကောင်းကင် အင်ပါယာအရှင်က

အာဏာကို ချုပ်ကိုင်ထားသောကြောင့်

အခြား အုပ်ထိန်းသူ ထပ်ပြီး ရွေးချယ်ခွင့်
မပြုခဲ့ပေ။

ထိုပြင် အရေးကြီးဆုံးအချက်မှာ
ကောင်းကင်အစောင့်တပ်ဖွဲ့သည်
ကောင်းကင်မျိုးနွယ်၏
လျှို့ဝှက်ဆန်းကြယ်သော ဝှက်ဖဲ
များထဲမှ တစ်ခုပင်ဖြစ်သည်။ ၎င်းသည်
အရေးအကြီးဆုံး အခိုက်အတန့်တွင်သာ
ထွက်ပေါ်လာတက်သည်။ သို့သော်

ကောင်းကင်အင်ပါယာအရှင်က

ကောင်းကင်အစောင့်တပ်ဖွဲ့မှ

တစ်စုံတစ်ယောက်ကို

စေလွှတ်ဖို့မမျှော်လင့်ထားပေ။

သို့ရာတွင် သာမန်ညာဏ်ကြီးရှင်များက

ယန်ယွဲ့ကိုလုံး၀မယှဉ်နိုင်သောကြောင့်

အစိပ္ပါယ်ရှိပါသည်။

မည်သူတစ်ဦးတစ်ယောက်မှ

မတိုက်ခိုက်နိုင်ခဲ့ပေ။

လူငယ်က ယန်ယွဲ့ကို

စိုက်ကြည့်လိုက်သည်။

“အကြားတာအိုသခင်။

ဟား...ဟား...ဟား...ဟား...။

ဒီနေ့ခေတ်မှာ လူသားကမ္ဘာရဲ့

ညာဏ်ကြီးရှင်တွေက သူတို့မှာ

ကျွမ်းကျင်တာလေးနည်းနည်းရှိလာတော့

မရှုံးနိမ့်နိုင်ဘူးလို့ ထင်နေကြတယ်။

ကလေးဆန်လိုက်တာ

ဘယ်လောက်ရယ်စရာကောင်းလိုက်သလဲ...”

“မင်းပြောတာ လုံးဝမှန်တယ်”

ထိုစကားပြောလိုက်သူက ယန်ယွဲ့တော့မဟုတ်ပေ။ ဂူကန်းယန်ပင်ဖြစ်သည်။

လူငယ်က ဂူကန်းယန်ကို ကြည့်ပြီး “ဘာလဲ...”

ဂူကန်းယန်က ပြုံးရုံသာ ပြုံးလိုက်ပြီး သူက "ဘာမှမဟုတ်ပါဘူး။ မင်းပြောတာ လုံးဝမှန်တယ်လို့ ထင်တယ်"

ထိုနောက် သူက ယန်ယွဲ့ကို စိုက်ကြည့်ကာ ဆက်ပြောလိုက်သည်။ "အစ်ကိုယန်၊ ကောင်းကင်မျိုးနွယ်ရဲ့ အဖွဲ့ဝင်တွေက သူတို့ကို သူတို့မြင့်မြတ်တဲ့ မျိုးနွယ်လို့ ခေါ်ကြတယ်။ ဒါပေမဲ့

သူတို့ရဲ့ လုပ်ရပ်တွေက ပုံမှန်အားဖြင့်
လုံးဝလုံးဝကို မွန်မြတ်နေတာမဟုတ်ဘူး။
သတိထားပါ သေချာတာကတော့
မင်းဟာ ကောင်းကင်မျိုးနွယ်ရဲ့
နယ်မြေမှာရှိနေတော့ မင်းက
အလစ်အငိုက်ဖမ်းတိုက်ခိုက်တာတွေကို
ကာကွယ်ဖို့ ခဲယဉ်းလိမ့်မယ်”

ယန်ယဲ့က ပြုံးပြီး “သတိပေးတဲ့အတွက်
ကျေးဇူးတင်ပါတယ်”

ထိုနောက် လူငယ်ကို လှည့်ကြည့်ကာ

“လာ မင်းအရင်ဆုံးလှူပ်ရှားလိုက်”

လူငယ်က ခေါင်းခါပြီး

“မင်းအရင်လုပ်လိုက်ပါ”

ယန်ယွဲ့က “မင်းသေချာလား...”

လူငယ်က ရယ်မောရင်း “လူသား

မင်းကြည့်ရတာ

အရမ်းယုံကြည်တယ်ထင်တယ်”

ဤအတောအတွင်း

အဖြူရောင်ဝတ်စုံဝတ်အဘိုးကြီးက

“မင်းရဲ့ပြိုင်ဘက်ကို လျှော့မတွက်နဲ့”

လူငယ်က ရယ်မောပြီး “စိတ်မပူပါနဲ့

အစ်ကိုကြီးကျူး”

စကားပြောနေစဉ် သူက ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး ယန်ယဲ့ကို
စူးစိုက်ကြည့်ကာ “ဆယ်ကြိမ်ပဲ ငါမင်းကို
ဆယ်ကြိမ်အတွင်း သတ်မယ်။ ဒီတော့
မင်းနောက်တစ်ကြိမ် တိုက်ခိုက်ဖို့
အခွင့်အရေးမရှိမှာစိုးလို့
အရင်ဆုံးတိုက်ခိုက်ခိုင်းလိုက်တာ”

ယန်ယွဲ့သည်

ဘာပြောရမှန်းမသိတော့ပေ။

“လူမိုက်ပဲ”

ဂူကန်ယန်ကတော့ ခေါင်းသာ

ခါလိုက်သည်။

လောကသုံးပါး၏လူငယ်မျိုးဆက်တွင်

ယန်ယွဲ့အား အနိုင်ယူနိုင်သော

လူငယ်မျိုးဆက်များ ရှိကောင်း

ရှိနိုင်သည်။ သို့သော်လည်း တိုက်ခိုက်မှု ဆယ်ကြိမ်အတွင်း ယန်ယဲ့အား မည်သူမှ အနိုင်ယူဖို့ လုံးဝမဖြစ်နိုင်ပါ။

လောကသုံးပါးအနှံ့ လူငယ်မျိုးဆက် အများအပြား ရှိသော်လည်း ယန်ယဲ့သည် သေဆုံးခြင်းကမ္ဘာ ပြန်ထွက်လာနိုင်သူတစ်ဦးပင်ဖြစ်သည်။ ထိုပြင် ယန်ယဲ့သည် ထိုကြောက်စရာကောင်းသောနေရာတွင်ပ

င် ထိပ်ဆုံးရပ်တည်နေခဲ့သည်ဟု

ယူဆနိုင်သည်။တစ်နည်းအားဖြင့်

သေးဆုံးခြင်းကမ္ဘာမှ နံပါတ်(

၁)ဉာဏ်ကြီးရှင်ဟာ  လောကသုံးပါးရှိ

အခြားသော ဉာဏ်ကြီးရှင်အများစုနှင့်

လုံး၀ မယှဉ်နိုင်သောလူဖြစ်သည်။

ပြန်လည်မွေးဖွားလာသော

ဉာဏ်ကြီးရှင်များ သို့မဟုတ် အခြား

လျှို့ဝှက်ဆန်းကြယ်သော ဉာဏ်ကြီးရှင်

အချို့သောလျှင် ယန်ယဲ့ကို

ယှဉ်နိုင်ပေသည်။ သို့သော် ထိုလူငယ်က

ပြန်လည်မွေးဖွားလာသော

လူဝင်စားကျင့်ကြံသူ သို့မဟုတ်

ထူးခြားသောသူ မဟုတ်ခဲ့ပေ။

ထိုသို့ဆိုလျှင် ယန်ယဲ့အား တိုက်ခိုက်မှု

ဆယ်ကြိမ်အတွင်း

အနိုင်ယူနိုင်မည်လော။

ဂူကန်းယန်၏ အမြင်အရတော့

ဟာသတစ်ခုထက် မပိုပေ။

ဤအချိန်တွင် လူငယ်က ရုတ်တရက်

ပြောခဲ့သည်။

“မင်းအရင်ဆုံးလှုပ်ရှားလိုက်ပါ”

ယန်ယွဲ့က

အနည်းငယ်ခေါင်းညိတ်လိုက်သည်။

“ကောင်းပြီ”

စကားပြောပြီးသည်နှင့်

သူ့လက်ဝါးပေါ်တွင်

ဓားတစ်ချောင်းလျင်မြန်စွာ

လှည့်ပတ်လာသည်။ ဤအချိန်တွင်

ယန်ယွဲ့၏အငွေ့အသက်က လုံးဝပင်

ပြောင်းလဲသွားသည်။

ယန်ယွဲ့ကိုယ်တိုင်က ကောင်းကင်ကို

ထိုးဖောက်တော့မည့်

ဓားတစ်ချောင်းကဲ့သို့ပင်။

အဘိုးကြီး၏

အမူအရာကပြောင်းသွားပြီး လူငယ်ကို

စိုက်ကြည့်ကာ “သူ့ကို လျှော့မတွက်နဲ့” ဟု

သတိပေးလိုက်သည်။

အဘိုးကြီး၏အသံက အနည်းငယ်

လေးနက်နေသည်။ အလားတူပင်

လူငယ်လေး၏အမူအရာသည်လည်း

လေးနက်နေပေသည်။

ယန်ယွဲ့၏လက်ဝါးပေါ်ရှိ ဓားက

ပိုမြန်လာသဖြင့် လူငယ်သည်

အနည်းငယ်

ထိတ်လန့်သွားပါတော့သည်။

သူ၏ပိုင်ကိုယ်အသိက

အန္တရာယ်အငွေ့အသက်ကို

ခံစားမိလိုက်သောကြောင့်ပင်ဖြစ်သည်။

ယန်ယွဲ့၏တိုက်ခိုက်မှုက သေချာပေါက်

အန္တရာယ်များပေမည်။

“သူ့ကို ခွန်အားတွေ မစုမိစေနဲ့”

အဘိုးကြီး၏အသံက လူငယ်၏စိတ်ထဲ၌
ရုတ်တရက် ထွက်ပေါ်လာခဲ့သည်။
လူငယ်က ခဏတုံ့ဆိုင်းသွားပြီးမှ
ခေါင်းညိတ်လိုက်သည်။
ထိုနောက်တွင်တော့ သူ့လက်ထဲတွင်
သွေးစားမြှောင်တစ်ချောင်းပေါ်လာပြီး
နေရာမှာပင် ပျောက်သွားသည်။
တစ်ချိန်တည်းမှာပင် သွေးနီရောင်

အလင်းတန်းတစ်ခုက ရှေ့သို့ ပစ်ခတ်သွားသည်။

ယန်ယဲ့သည် အံ့အားသင့်သွားပြီး “ငါ့ကို အရင်တိုက်ခိုက်ခွင့်ပေးမယ်လို့ မင်းပြောခဲ့တာ မဟုတ်ဘူးလား...။ မင်းဟာ ကိုယ့်စကားကို မတည်တဲ့လူဘဲ”

ပတ်ဝန်းကျင်ရှိ လူတိုင်း အံ့အားသင့်သွားကြသည်။ လူငယ်ကို

အရင်ဆုံး တိုက်ခိုက်လာဖို့
မမျှော်လင့်ထားခဲ့ကြပေ။

တစ်ချိန်တည်းမှာပင် ဂူကနယ်က
တဟားဟားရယ်မောရင်း
အော်ပြောလိုက်သည် "ဒါဟာ မြင့်မြတ်တဲ့
ကောင်းကင်မျိုးနွယ်လား..."

သူ့အသံကို တမင်မြှင့်ထားသည်ဖြစ်ရာ
လူတိုင်းကြားလိုက်ရသည်။ လူငယ်က

အလွန်လျင်မြန်ပြီး ယန်ယဲ့ရှေ့သို့

ချက်ချင်းရောက်လာခဲ့သည်။

ထိုခဏလေးမှာပင်

သွေးစားမြှောင်တစ်ချောင်းက ယန်ယဲ့၏

ခေါင်းအထက်သို့ ထိုးချလာခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့၏လက်ဝါးပေါ်ရှိ

လှည့်ပတ်နေသော ဓားက

ဖျတ်ခနဲပျောက်သွားခဲ့သည်။

ထိုနောက်တွင်တော့ တစ်မြို့လုံး

စူးရှသော ဓားအူသံကြီး

ဖုံးလွှမ်းသွားသည်။

“ဆူး...”

နားကွဲမတတ်တတ်

ဓားအူသံထွက်ပေါ်လာပြီးနောက်

လူငယ်နှင့် သွေးဓားမြှောင်က နောက်ပြန်

လွင့်ထွက်သွားသည်။ လူငယ်က

မရပ်တန့်နိုင်ခင်

၁ကီလိုမီတာအကျော်အထိပင်
လွင့်ထွက်သွား၏။ လူငယ်က
သူ၏ဓားကို တစ်ချက်ကြည့်လိုက်သည်။

ဤအခိုက်အတန့်တွင်
သွေးဓားမြှောင်ပေါ်၌ နက်ရှိုင်းသော
အက်ရာတစ်ခုရှိနေသည်။
လူငယ်၏မျက်နှာက လေးနက်လာသည်။

ထိုနောက် ယန်ယဲ့ကို မော့ကြည့်ကာ
“စိတ်ဝင်စားဖို့ကောင်းလိုက်တာ”

“စိတ်ဝင်စားစရာလား...”

ယန်ယဲ့က တဟားဟားရယ်လိုက်သည်။
“ငါလည်း ဒီလိုပဲတွေးမိတယ်”

စကားပြောပြီးသည်နှင့် နေရာမှာပင်
ပျောက်သွားသည်။ ထိုနောက်

လှူငယ်၏ရှေ့တွင် ရောက်နေပါပြီး။

တစ်ချိန်ချိန်တွင်

ယန်ယွဲ့၏ပုံရိပ်ယောင်များ

အဆက်မပြတ် ထွက်ပေါ်လာသည်။

လှူငယ်၏ မျက်လုံးများက

ကျဉ်းမြောင်းလာပြီး သူ၏စားမြှောင်ကို

ယန်ယွဲ့ဆီသို့ ဆတ်ခနဲ

ထိုးသွင်းလိုက်သည်။

“ဘုန်း…”

ဓားမြှောင်က ဓားကိုထိမှန်ပြီး

နားကွဲမတတ် ပေါက်ကွဲသံ

ထွက်ပေါ်လာသည်။ လူငယ်က

နောက်တစ်ကြိမ်

လွင့်ထွက်သွားပြန်သည်။ သို့သော်

သူလွင့်ထွက်သွားသည်နှင့်

တစ်ချိန်တည်းမှာပင် သွေးဓားမြှောင်က

ပျောက်ကွယ်သွားခဲ့သည်။ ယန်ယွဲ့က

ရပ်လိုက်ပြီး သူ့ဓားကို

ရှေ့သို့လှမ်းထိုးလိုက်သည်။ သူ၏ဓားက သွေးဓားမြှောင်ထိပ်ပိုင်းကို ခုတ်ချလိုက်သည်။

"ခွမ်း..."

ဓားမြှောင်က လွင့်ထွက်သွားသည်။ ဤအချိန်တွင် လူငယ်က လေထဲသို့ ခုန်တက်လာသည်။ ထို့နောက် သူ၏သွေးဓားမြှောင်ကို

ဆတ်ခနဲဖမ်းကိုင်လိုက်ပြီး

ဆန်းကြယ်ချီစွမ်းအင်များ

အဆက်မပြတ် ပို့လွှတ်လိုက်သည်။

သွေးစားမြောင်က စူးရှသော

သွေးနီရောင်များ တလျှပ်လျှပ်

ထွက်ပေါ်လာသည်။

translated by NyiNyiSoe

May Be:

…အပိုင်း ၂၃၆၇

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

လူငယ်က ယန်ယွဲ့ကို ငုံ့ကြည့်ကာ

သွေးဓားမြှောင်ကို

လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ကာ အောက်ကို

ခုတ်ချလိုက်သည်။

“ဝိညာဉ်ဖျက်ဆီးသူ”

ဒေါသတကြီးအော်ဟစ်လိုက်သည်နှင့်

ဓားမြှောင်ထဲမှ

သွေးနီရောင်အလင်းတန်းများ

လင်းထိန်သွားကာ

ယန်ယွဲ့ဆီသို့လွင့်ပျံလာသည်။

ကောင်းကင်ယံရှိ ခိုင်ခံ့နေသော

နေရာသည် ဇင်းရှေ့တွင် ချက်ချင်းပင်

ပြိုကျသွားခဲ့သည်။ သွေးနီရောင်

အလင်းတန်း ဖြတ်လာရာ

အာကာသပြင်တစ်လျှောက်

ရှည်လျားသော အာကာသ

အက်ကြောင်းကြီးပေါ်လာသည်။

ယန်ယဲ့သည်

ရှေ့သို့တစ်လှမ်းတိုးလိုက်သည်။ သူသည်

မည်သည့် နည်းစနစ်ကိုမှမသုံးပေ။

ဓားကို သာမန်အတိုင်း မြှောက်ကာ

အထက်သို့ ပင့်ထိုးလိုက်သည်။ သူ့ဓားကို

သာမန်လွှဲလိုက်သည့်တိုင်

မရေမတွက်နိုင်သော

ဓားနည်းစနစ်များပါရှိသည်။

ဓားထိုးချက်က

အလွန်ရိုးရှင်းပုံပေါက်သော်လည်း

သာမန်မဟုတ်ပေ။ သို့တိုင် သွေးနီရောင်

အလင်းတန်းသည်

ပျောက်ကွယ်မသွားပေ။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့သည် မီတာ

သုံးဆယ် အကွာအထိ

တွန်းထုတ်ခံလိုက်ရသည်။

သွေးနီရောင်အလင်းတန်းက

ယန်ယဲ့၏ဓားကို ဆက်ပြီး

ဖိနှိပ်လာသည်။ ဤအချိန်တွင် ယန်ယဲ့က

သူ၏ဓားကို အနည်းငယ် လိမ်ကာ

“ချိုးဖျက်စမ်း”

သွေးနီရောင် အလင်းတန်းက ချက်ချင်း

ကွဲထွက်သွားပြီး ဖျက်ဆီးခံလိုက်ရသည်။

ဤအချိန်တွင် လူငယ်လေးက

ယန်ယဲ့ရှေ့တွင် ပေါ်လာသည်။ ထိုနောက်

ယန်ယဲ့၏ခေါင်းအထက်၌

ဓားတစ်ချောင်းရောက်လာသည်။

ယန်ယဲ့သည် ကာကွယ်ရန် မကြိုးစားပဲ

လူငယ်၏ ရင်ဘက်ကို ဓားဖြင့်

လှမ်းထိုးလက်သည်။

သူသေကိုယ်သေ

တိုက်ခိုက်လိုက်ခြင်းပင်။

ဤမြင်ကွင်းကြောင့်

လူငယ်၏အမူအရာသည် သိသိသာသာ

ပြောင်းလဲသွားသည်။ အကယ်၍

သူ၏တိုက်ခိုက်မှုကို မရပ်တန့်ဘဲ

ဆက်ပြီးတိုက်ခိုက်လျှင် ယန်ယဲ့၏ဓားက

သူ့ရင်ဘက်ကို ထိုးဖောက်သွားပေမည်။

ထိုပြင် ထိုသို့သော ဓားကျင့်ကြံသူ၏

လက်ထဲရှိ ဓားတစ်ချောင်းက

သူ့ခန္ဓာကိုယ်အား

ထိုးဖောက်လိုက်သည့်အခါ

အတွင်းအင်္ဂါများ

တစ်စစီကွဲကြေသွားပါလိမ့်မည်။

လူငယ်က ယန်ယွဲ့ကဲ့သို့ သူ၏အသက်ကို

စတေးရန် မဝံ့ရဲခဲ့ပေ။ ဓားမြှောင်က

ရုတ်တရက် ပြန်လှည့်လာပြီး

ယန်ယွဲ့၏ဓားကို တားဆီးလိုက်သည်။

“အုန်း…”

ကျယ်လောင်သော အသံတစ်ချက်

ထွက်ပေါ်လာပြီး

လူငယ်က  ဓားမြှောင်နှင့်အတူ နောက်ပြန်

လွင့်ထွက်သွားသည်။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့က

သူ၏လက်ဝါးကို ဖြန့်လိုက်ရာ

ဓားတစ်ချောင်းက သူ့လက်ဝါးပေါ်တွင်
လှည့်ပတ်လာသည်။

ထိုနောက် ဖျတ်ခနဲ
ပျောက်သွားသည်။ လူငယ်၏အမူအရာ
က သိသိသာသာ ပြောင်းလဲသွားသည်။
ရှောင်တိမ်းချင်သော်လည်း
နောက်ကျသွားလေပြီ။
ဓားတစ်ချောင်းက သူ၏နဖူးကို
ထောက်ထားသည်။

“ငါရှုံးသွားပြီးလား…”

အဖြူရောင်ဝတ်စုံဝတ်လူငယ်က

မျက်နှာတွင်

စိတ်ပျက်အားလျော့နေသောအမူအရာ

များရှိနေသည်။ ပတ်ဝန်းကျင်သည်

တိတ်ဆိတ်သွားသည်။

အဖြူရောင်ဝတ်စုံဝတ်အဘိုးကြီး၏

မျက်နှာက မည်းမှောင်နေသည်။

သူ့ဘာကိုတွေးနေသလဲတော့ မသိနိုင်ပေ။

အမျိုးသမီးငယ်သည်လည်း

တိတ်ဆိတ်နေကာ သူမ၏မျက်နှာက

အနည်းငယ် မှုန်ကုပ်နေသည်။

ကောင်းကင်မျိုးနွယ်၏

ညာဏ်ကြီးရှင်တစ်ဦးက

ကောင်းကင်ကမ္ဘာအပြင်ဖက်မှ

လူသားတစ်ဦးကို ရှုံးနိမ့်သွားခဲ့လေပြီ။

ထိုအခြေအနေက

ကောင်းကင်မျိုးနွယ်ကဲ့သို့ မြင့်မြတ်သော မျိုးနွယ်အတွက် လက်ခံဖို့ လုံးဝ ခက်ခဲပါသည်။

ယန်ယဲ့သည် သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ ဓားက သူ့လက်ထဲသို့ ချက်ချင်း ပြန်ပြေးသွားသည်။

ထို့နောက်

အဖြူရောင်ဝတ်စုံဝတ်အဘိုးကြီးကို

တစ်ချက်ကြည့်လိုက်ပြီး “ဒါဟာ မြင့်မြတ်တဲ့ ကောင်းကင်မျိုးနွယ်ရဲ့ ညာဏ်ကြီးရှင်တွေရဲ့ ခွန်အားလား...။ ငါ့လိုလူကိုတောင် အနိုင်မယူနိုင်ဘူးလား...”

အဘိုးကြီးက စကားပြန်မပြောဘဲ ယန်ယဲ့ကို တိတ်ဆိတ်စွာ စိုက်ကြည့်နေသည်။

ဤအချိန်တွင် ယန်ယဲ့က

ရယ်မောလိုက်သည်။

“ငါ့ကိုမကြြည့်နဲ့နောက်တစ်ယောက်

ထပ်ပို့လိုက်”

ဤအချိန်တွင် အမျိုးသမီးငယ်က

ယန်ယဲ့ရှေ့တွင် ရုတ်တရက်

ပေါ်လာသည်။

“နင်ဘာလိုချင်တာလဲ…”

ယန်ယဲ့က မထူးခြားသော လေသံဖြင့် ပြန်ပြောလိုက်သည်။ “ဘာမှမဖြစ်ပါဘူး ကောင်းကင်မျိုးနွယ်ရဲ့ ထူးချွန်ထက်မြက်တဲ့ ဉာဏ်ကြီးရှင်တွေကိုပဲ တိုက်ခိုက်ချင်တယ်”

သူမက “ဒီနည်းလမ်းက ငါ့အဖေနင့်မိတ်ဆွေကို ဘယ်တော့မှ ထုတ်ပေးမှာ

မဟုတ်လောက်ဘူး”ဟု

အသံတိုးတိုးဖြင့်ပြောလိုက်သည်။

ယန်ယဲ့က သူမမျက်လုံးကို

တည့်တည့်စိုက်ကြည့်ပြီး“ငါသူ့ကို

ကောင်းကောင်းစကားပြောရင်ရော ငါ့ကို

ပြန်ပေးမှာမဟုတ်ဘူး။

မင်းတို့အားလုံးအမြင်မှာ ငါလိုလူတွေက

ပုရွက်ဆိတ်တွေပဲ မဟုတ်လား...”

အမျိုးသမီးငယ်က

တိတ်တိတ်သွားသည်။

ဤအချိန်တွင် ယန်ယဲ့က

ကောင်းကင်မျိုးနွယ်မှ အခြားလူတိုင်းကို

လှည့်ကြည့်လိုက်သည်။

ဤအခိုက်အတန့်တွင် ကျယ်လောင်သော

ဆူညံသံများက ပတ်ဝန်းကျင်ကို

လွှမ်းခြုံသွားသည်။

ကောင်းကင်မြို့တော်မှ

လူများ၏ထက်ဝက်ကျော်သည်
ဤနေရာတွင်ရှိနေကြသည်။
ထိုထက်မက အဆက်မပြတ်
အပြေးအလွှားရောက်လာနေကြသည်။

လူပင်လယ်ကြီးတစ်ခုကဲ့သို့ပင်။

ယန်ယွဲ့သည် ပတ်ဝန်းကျင်ရှိ လူအုပ်ကို
ငုံ့ကြည့်ကာ ငါ့ကို ဘယ်သူမှ
မတိုက်ခိုက်ဝံ့ဘူးလားဟု

မေးလိုက်သည်။ သူသည် လုံး၀

သည်းမခံနိုင်တော့ပေ။

ဤအခိုက်အတန့်တွင် ယန်ယွဲ့သည်

အတော်လေးကို ဒေါသထွက်နေခဲ့သည်။

အလားတူပင် ကောင်းကင်မျိုးနွယ်မှ

လူတိုင်း၏မျက်နှာကလည်း

အလွန်ဆိုးရွားသော

အမူအရာများရှိနေသည်။

လူအများအပြားကစတင်အော်ဟစ်ခဲ့ကြ

သည်။ သေချာသည်မှာ ယန်ယဲ့ကို
တစ်ယောက်ယောက်က
သတ်ပစ်ဖို့တောင်းဆိုနေကြသည်။

သို့သော်လည်း ယန်ယဲ့ကို စိတ်ခေါ်ဝင့်သူ
မရှိခဲ့ပေ။ ကောင်းကင်မျိုးနွယ်တွင်
သူရဲဘောကြောင်သောသူများမရှိသော်
လည်း ယန်ယဲ့အား စိန်ခေါ်ခြင်းသည်
အဓိပ္ပါယ်မရှိသလို ၎င်းတို့အတွက်သာ
အရှက်ရစေမည်ကို ကောင်းစွာ

သိရှိထားသည်။ အဘယ်ကြောင့်ဆိုသော်
လက်ရှိလူအုပ်ထဲတွင် ယန်ယဲ့နှင့်
အဆင့်တူ တစ်ယောက်မှမရှိပေ။ ထိုပြင်
ထိုယန်ယဲ့က ရပ်တန့်မည့်ပုံ မရပေ။

“ငါတို့ ဘာလုပ်သင့်လဲ…”

ကောင်းကင်မျိုးနွယ်၏အဖွဲ့ဝင်များအား
လုံး အလားတူ အတွေးများ
ရှိနေကြသည်။ အကယ်၍ ယန်ယဲ့ကိုသာ

ဆက်ပြီး ခွင့်ပြုထားပါက

ကောင်းကင်မျိုးနွယ်သည် သေချာပေါက်

သောက်ရှက်ကွဲပါပြီ။

ဤအချိန်တွင်

အဖြူရောင်ဝတ်စုံဝတ်အဘိုးကြီးက

လက်တစ်ဖက်ကို မြှောက်ပြီး

ယမ်းလိုက်ရာ ပတ်ဝန်းကျင်ရှိ

ကျယ်လောင်သော အသံဗလံများ

ချက်ချင်းပျောက်သွားခဲ့သည်။

အဘိုးကြီးက ယန်ယဲ့ကို စိုက်ကြည့်ရင်း
"ပြောစရာတောင်မလိုပါဘူး။ မင်းဟာ
ငါတို့ကို အလင်းသစ်တစ်ခုနဲ့
အမြင်သစ်ရအောင်လုပ်လိုက်တာ။
ဒါပေမဲ့ မင်းဟာ ငါ့ကောင်းကင်မျိုးနွယ်ရဲ့
လူငယ်မျိုးဆက်တွေကို
အနိုင်ကျင့်နိုင်တယ်လို့ ထင်နေရင်တော့
လုံးဝမှားသွားပြီ။ ကောင်းပြီ၊
ငါ့ကောင်းကင်မျိုးနွယ်ရဲ့

ညာဏ်ကြီးရှင်က မင်းကို တိုက်ခိုက်ဖို့
နောက် (၂)နာရီကျရင်
ရောက်လာလိမ့်မယ်”

ထိုစကားပြောပြီးနောက် နေရာမှာပင်
ပျောက်သွားခဲ့သည်။

ယန်ယဲ့ က တဟားဟားရယ်လိုက်ပြီး
“ကောင်းပြီ။ ငါစောင့်နေတာပေါ့”

ဤအချိန်တွင် ဂူကန်းယန်က

ယန်ယဲ့ဘက်သို့ လှော်ကလာကာ

“အစ်ကိုယန်၊ မင်းက

ကောင်းကင်မျိုးနွယ်နဲ့

ရန်ငြိုးရှိနေတာလား…”

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး

“နည်းနည်းပါးပါး”

သူက ဂူကနယန်ကို
တစ်ချက်ကြည့်လိုက်ပြီး
“စွမ်းရည်အဆင့်သတ်မှတ်ချက်က
ညဏ်ကြီးရှင်တွေကို စိန်ခေါ်ဖို့
ဒီကိုလာတာ
အကြောင်းအရင်းတစ်ခုရှိမယ်လို့
ငါထင်တယ်။ ဟုတ်တယ်မလား…”

ဂူကန်းယန်က အနည်းငယ်
ခေါင်းညိတ်လိုက်သည်။

“ကောင်းကင်မျိုးနွယ်က
အရမ်းမောက်မာ ထောင်လွှားပြီး
ဂုဏ်ယူဝံ့ကြွားတယ် သိပ်မကြာခင်ကဘဲ
သူတို့ရဲ့  စွမ်းရည်အဆင့်
သတ်မှတ်ချက်  အဆင့်(၂) ကျင့်ကြံသူက
ငါ့နတ်ဆိုးကမ္ဘာကိုလာပြီးတော့
ငါတို့မျိုးနွယ်ရဲ့ အဆင့်သတ်မှတ်ချက်က
ကျင့်ကြံသူတွေကိုစိန်ခေါ်ခဲ့တယ်။
ငါအဲ့ဒီမှာ မရှိခဲ့ဘူး။ ဒါကြောင့်

သူအနိုင်ရပြီးတဲ့အချိန်မှာ

ငါ့နတ်ဆိုးမျိုးနွယ်ကို

လှောင်ပြောင်ခဲ့တယ်။

ငါ့နတ်ဆိုးမျိုးနွယ်ရဲ့မျိုးဆက်တွေက

အသုံးမဝင်ဘူးလို့ပါ

ပြောသွားခဲ့သေးတယ်။

ငါသေဆုံးခြင်းကမ္ဘာကနေ

ပြန်ထွက်လာမှပဲ

ဒီအကြောင်းကိုသိလိုက်တာ၊ ဒါကြောင့် ငါဒီကို တန်းလာခဲ့တာပဲ”

“ဟုတ်လား...”

ယန်ယွဲ့က အနည်းငယ် ခေါင်းညိတ်လိုက်သည်။

ဤအတောအတွင်း ဂူကန်းယန်က “မင်းကော ဘယ်လိုလဲ...”

ယန်ယဲ့ကပြုံးပြီး “ဘာမှမဟုတ်ပါဘူး။
ငါသူတို့ကို သောက်မြင်ကပ်နေလို့”

ဂူကန်းယန်က အံ့အားသင့်သွားကာ
စကားပင်မပြောနိုင်တော့ပေ။

ကောင်းကင်မြို့တော် တစ်နေရာ။

အဖြူရောင်ဝတ်ရုံဝတ်

အဘိုးကြီးတစ်ယောက်က

အိမ်တော်ခြံဝန်းထဲတွင်ပေါ်လာသည်။

ထိုနေရာတွင်ပေါ်လာသည်နှင့် သူ့ရှေ့တွင်

သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ရုတ်တရက် ပေါ်လာခဲ့သည်။

သက်လတ်ပိုင်းအမျိုးသားက

“အကြီးအကဲကျူး၊ မင်းဒီကိုလာတာ

အကြောင်းရှိလို့လား...”ဟု

မေးလိုက်သည်။

အဖြူရောင်ဝတ်စုံဝတ်အဘိုးကြီးက

“မင်းသိပြီးပြီလား...”

သက်လတ်ပိုင်းအမျိုးသားက

အနည်းငယ် ခေါင်းညိတ်ပြပြီး

“ဒီလိုကြီးကြီးမားမားတစ်ခု

ဖြစ်ပျက်သွားတာကို ငါဘယ်လိုလုပ်

သတိမထားမိဘဲနေမလဲ…။ သူက သာမန်မဟုတ်ဘူး”

အဘိုးကြီးက “အမှန်ပဲ ငါတို့ သူ့ကို မဆန့်ကျင်နိုင်သလို မောင်းထုတ်လို့လည်း မရဘူး။ မဟုတ်ရင် ငါတို့ ကောင်းကင်ကမ္ဘာက သူကိုကြောက်တယ်လို့ အပြင်လောကက လူတွေက ထင်သွားလိမ့်မယ်။ ဒါနဲ့

ဒီကလေးက ကူညီပေးလိမ့်မယ်ထင်လို့
ငါက မင်းဆီကို လာခဲ့တာပဲ”

သက်လတ်ပိုင်းအမျိုးသားက
ငြိမ်သွားသည်။

အဘိုးကြီးက “ပြဿနာရှိလား…”ဟု
မေးလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက ခေါင်းကို
အနည်းငယ် ခါယမ်းကာ
“ငါတို့ကောင်းကင်မျိုးနွယ်ရဲ့နဲ့
ပတ်သတ်နေတော့ သူကူညီရတာ
အဓိပ္ပာယ်ရှိတယ်။ အကြီးအကဲကျူး၊
ကျေးဇူးပြုလို့ စိတ်ချလက်ချ
ပြန်သွားပါ။ သူ့ကို
စွမ်းရည်အဆင့်သတ်မှတ်ချက်စင်မြင့်ဆီ
ကို လာခိုင်းလိုက်မယ်”

အဘိုးကြီးက ခေါင်းတညိတ်ညိတ်နှင့်
နေရာမှာပင် ပျောက်သွားခဲ့သည်။

တိမ်ကောင်းကင်မြို့တော်
အဆင့်သတ်မှတ်ချက်စင်မြင့်။

ယခင်တိုက်ပွဲများအတွင်းကွဲအက်သွား
သော်လည်း ဤအခိုက်အတန့်တွင်
စင်မြင့်အသစ်တစ်ခု အစားထိုး
ဖန်တီးထားသည်။ ၎င်းသည်

နောက်ဆုံးစင်မြင့်ထက် ပိုကြီးမားပြီး ပို၍ပင် အားကောင်းခဲ့သည်။

Translated by NyiNyiSoe

May Be:

...အပိုင်း ၂၃၆၈

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

အဖြူရောင်ဝတ်စုံဝတ်အဘိုးကြီးက စင်မြင့်ထက်တွင် ရုတ်တရက် ပေါ်လာခဲ့သည်။ ယန်ယဲ့က မျက်လုံးဖွင့်ပြီး အဘိုးကြီးကို စိုက်ကြည့်လိုက်သည်။

အဘိုးကြီးက မထူးခြားသလိုဖြင့် ပြောလိုက်သည်

“ငါ့ကောင်းကင်မျိုးနွယ်ကို

အကြင်နာမဲ့တယ်လို့ အပြစ်မတင်နဲ့။

ငါတို့ မင်းကို အခု အခွင့်အရေးပေးမယ်။

အကြိမ် (၁၀၀) ဒူးထောင်ပြီး

တောင်ပန်လိုက်

ငါ့ကောင်းကင်မျိုးနွယ်က မင်းကို

လွှတ်ပေးဖို့ ဆန္ဒရှိတယ်။

အဆင်ပြေလား...”

“အကြိမ် ၁၀၀ တောင်းပန်ရမှာလား...”

ယန်ယဲ့က အံ့အားသင့်သွားပြီး

“မင်းခေါင်းထဲမှာ တစ်ခုခုများ

မှားနေလို့လား…”

အဘိုးကြီး၏ မျက်လုံးများ အနည်းငယ်

မှိတ်သွားသည်။

သူက အေးစက်စက်ရယ်မောရင်း

“မင်းကို တိုက်ခိုက်ဖို့

ဘယ်သူလာမှန်းသိသလား…”

ယန်ယဲ့က ခေါင်းခါလိုက်သည်။ “ငါဘယ်လိုလုပ်သိမှာလဲ...”

အဘိုးကြီးက အေးစက်စက်ရယ်မောလိုက်ပြီး “သူက သေဆုံးခြင်းကမ္ဘာကနေ ပြန်ရောက်လာတယ်။ အဲ့တာက ဘယ်လိုနေရာလဲ သိလား...”

“သေဆုံးခြင်းကမ္ဘာ”

ဂူကန်းယန်က
“အသိမိတ်တွေတစ်ယောက်ယောက်
ဖြစ်နေမယ်ထင်တယ်”

သို့သော်လည်း ဤအချိန်တွင်
ဂူကန်းယန်က ပြောလက်စ စကား
ရပ်သွားကာ ကောင်းကင်ကိုမော့ကြည့်
လိုက်သည်။

ထိုနေရာမှ မောက်မာသော

အသံတစ်သံထွက်ပေါ်လာသည်။

"ငါ့ကောင်းကင်မျိုးနွယ်ရဲ့

ညက်ကြီးရှင်တွေကို ဘယ်သူက

စိန်ခေါ်ချင်တာလဲ...။ လာ.. ငါမင်းနဲ့

ကစားပေးမယ်။ စိတ်မပူပါနဲ့၊ ငါမင်းကို

မသတ်ဘူးလို့ ကတိပေးတယ်"

ထိုစကားသံကို ကြားလိုက်သောအခါ ယန်ယဲ့သည် အံ့သြသွားသည်။ သူသည် အသံကို ကောင်းကောင်းကြီး ရင်းနှီးနေသည်။

"အဲ့ဒါငါနဲ့ ရင်းနှီးနေတဲ့ အသံပဲ"

ယန်ယဲ့က မော့ကြည့်လိုက်ရာ လူငယ်တစ်ယောက်ပေါ်လာသည်။ အချိန်အနည်းငယ်အကြာတွင်

ထိုလူငယ်က ယန်ယွဲ့ရှေ့သို့
ဆင်းသက်လာသည်။ နှစ်ယောက်စလုံး
တစ်ယောက်ကို
တစ်ယောက်တွေ့လိုက်သောအခါ
အံ့အားသင့်သွားကြသည်။

“အဲ့ဒါမင်းပဲ”

ထိုလူငယ်က အော်ပြောပြီး ယန်ယွဲ့ဆီသို့
ပြေးသွားကာ သူ့ရင်ဘက်ကို

လက်သီးဖြင့်

အသာအယာထိုးလိုက်သည်။

သူက ပြုံးပြီး

“မင်းရောက်လာမယ်လို့တောင်

ငါ့ကိုမပြောဘူး”

ယန်ယဲ့က ရယ်မောလိုက်သည်။

“မင်းဖြစ်နေမယ်လို့

ငါမမျှော်လင့်ထားဘူး”

သူ့ရှေ့ရှိ လူငယ်က အခြားသူမဟုတ်ပေ။
ယုကျင်းပင်ဖြစ်သည်။

ဤမြင်ကွင်းကြောင့်မရေမတွက်နိုင်သော
ကောင်းကင်မျိုးနွယ်၏ အဖွဲ့ဝင်များ
အံ့အားသင့်သွားကြသည်။

“တစ်ယောက်နှင့်တစ်ယောက်
သိနေကြတာလား…”

အဖြူရောင်ဝတ်ရုံအဘိုးကြီး

အတွက်တော့ သူ့မျက်နှာက

ကြည့်မကောင်းတော့ပေ။ ယန်ယွဲ့သည်

အလွန်အဆင်ပြေနေသည်မှာ

သိသာပါသည်။ ဤအချိန်တွင်

ယန်ယွဲ့ကတော့

အတော်လေးစိတ်ကောင်းဝင်နေပုံရသည်

။

သူက ယုကျင်းကိုစိုက်ကြည့်လိုက်သည်။

“မင်းပိုသန်မာလာတယ်”

ယုကျင်းကပြုံးပြီး “မင်းနဲ့ယှဉ်ရင် ငါကတော်တော်ညံ့သေးတယ်”

သူက ခဏရပ်ပြီး “မင်းဘာအတွက် ကောင်းကင်ကမ္ဘာမှာ ပြဿနာလာရှာနေတာလဲ…။ ဘာကြောင့်လဲဆိုတာ ပြောပြလိုက်

ငါ့မျိုးနွယ်စုက ကောင်းကင်ကမ္ဘာ
အာကာနည်းနည်းရှိတော့
မင်းဖြစ်ချင်တာကို ကူညီနိုင်တယ်”

ယန်ယဲ့က ခကာတုံ့ဆိုင်းသွားပြီး
“ကောင်းကင်အင်ပါယာအရှင်ရဲ့လက်ထဲ
မှာ ငါ့မိတ်ဆွေတစ်ယောက်ရှိတယ်။
သူက ငါ့မိတ်ဆွေကို ပြန်လွှတ်ပေးဖို့
ငြင်းဆန်နေတယ်” ဟုပြောလိုက်သည်။

ယုကျင်းက

မျက်မှောင်ကြုတ်လိုက်သည်။

ခဏမျှငြိမ်သက်သွားပြီး

အဖြူရောင်ဝတ်ရုံအကြီးအကဲကို

စိုက်ကြည့်ပြီး " အကြီးအကဲကျူး၊ သူက

ဘယ်သူလဲသိလား…”

အဖြူရောင်ဝတ်ရုံအဘိုးကြီးက

တိုးညှင်းသော လေသံဖြင့် “ကလေး၊

မင်းက မတိုက်ခိုက်ရသေးဘဲနဲ့

အရှုံးပေးလိုက်ပြီးလား…။ ဘာလဲ၊ မင်းရဲ့
ယုကလန်က ကောင်းကင်မျိုးနွယ်ရဲ့
လှော်ပြောင် ရယ်မောစရာ
ဖြစ်လာမှာကို မကြောက်ဘူးလား…”

“ကောင်းကင်မျိုးနွယ်ရဲ့
လှော်ပြောင်ရယ်မောစရာလား…”

ယုကျင်းက အဟားဟားရယ်ရင်
“အကြီးအကဲကျူး၊

ငါ့ယုကလန်ကိုမပြောနဲ့။

မင်းကိုယ်တိုင်ဆိုရင်တောင် သူ့ကို

ဘာမှမလုပ်နိုင်တာ  ဖြစ်ကောင်းဖြစ်နိုင်

လိမ့်မယ်။ ဒါအပြင်

ကောင်းကင်မျိုးနွယ်မှာ အခြား ဘယ်သူမှ

ယန်ယွဲ့

ဘယ်လောက်ကြောက်စရာကောင်းလဲဆို

တာ

ကောင်းကောင်းနားလည်နိုင်စွမ်းမရှိဘူး”

အဖြူရောင်ဝတ်ရုံအဘိုးကြီးက မျက်မှောင်ကြုတ်လိုက်သည်။

ဤအချိန်တွင် ယုကျင်းက အောက်ဘက်ရှိလူအုပ်ကို ငုံ့ကြည့်ကာ "ငါဟာမင်းတို့ အားလုံးနဲ့အတူတူပဲ ငါ့ကိုယ်ငါယုံကြည်မှုရှိတယ်။ ငါဟာ ကောင်းကင်မျိုးနွယ်ရဲ့ အဖွဲ့ဝင်ဖြစ်လို့ အခြားလူတွေထက် သာလွန်တယ် မြင့်မြတ်တယ်လို့ ခံစားရတယ်။ ဒါပေမဲ့

သေဆုံးခြင်းကမ္ဘာကို

သွားပြီးတဲ့နောက်မှာ ကမ္ဘာကြီးက

ဘယ်လောက်ကြီးမားပြီး

ညဏ်ကြီးရှင်တွေအများကြီးရှိတယ်ဆို

တာ သိလိုက်ရတယ်။ ငါတို့ရဲ့

ကောင်းကင်မျိုးနွယ်က

ဒီလောက်မောက်မာနေတယ်ဆိုရင်

အနာဂတ်က စိုးရိမ်စရာပဲ”

"ဟိတ်ကောင်၊
မင်းပါးစပ်ပိတ်ထားလိုက်တော့”

အဘိုးကြီးက ရုတ်တရက်
ဒေါသတကြီးအော်ငေါက်လိုက်သည်။ “
ယုကျင်း၊ နဂိုတုန်းက မင်းဟာ ငါတို့
ကောင်းကင်မျိုးနွယ်ရဲ့
လူငယ်မျိုးဆက်တွေကို
ဦးဆောင်နိုင်မယ်လို့ ထင်ခဲ့တယ်။ ဒါပေမဲ့
အခု မင်းကို

အရမ်းအထင်ကြီးထားတဲ့ပုံပဲ။ ငါမင်းကို

အရမ်းစိတ်ပျက်မိတယ်။

မင်းမတိုက်ခိုက်ချင်ဘူးဆိုရင်

ဆင်းသွားလိုက်။

ငါ့ကောင်းကင်မျိုးနွယ်မှာ

သူ့ကိုတိုက်ခိုက်ဖို့ အခြားသူတွေရှိတယ်”

“လူယုတ်မာလေး”

စင်မြင့်အောက်မှ မရေမတွက်နိုင်သော
ကျိန်ဆဲသံများ ထွက်ပေါ်လာသည်။

“ဘယ်လောက်
စိတ်ပျက်စရာကောင်းလဲ...ရန်သူကို
ချီးကျူးပြီး ငါ့တို့အကြောင်း
မကောင်းပြောနေတာလား...။ ယုကျင်း
ကောင်းကင်မျိုးနွယ်ရဲ့ နံပါတ် (၁)
ပါရမီရှင် ယုကလန်ရဲ့ နံပါတ်(၁)

ပါရမီရှင်တဲ့လား။ ဘယ်လောက်တောင်

ရယ်စရာကောင်းလိုက်သလဲ…”

“ယန်ယဲ့က

ကြောက်စရာကောင်းတာလား…။

ယုကျင်းက အမှိုက်တစ်စပဲ။ တိုက်တောင်

မတိုက်ခိုက်ရဲဘူး”

“ပါးစပ်ပိတ်ထားစမ်း”

ယန်ယဲ့က ရှုတ်တရက်

အော်ငေါက်လိုက်သည်။ သူ၏အသံက

မိုးခြိမ်းသံကဲ့သို့ မြည်ဟည်း သွားကာ

ပတ်ဝန်းကျင်သည် ချက်ချင်းပင်

တိတ်ဆိတ်သွားသည်။ အားလုံးက

ယန်ယဲ့ကို စိုက်ကြည့်နေသည်။

ယန်ယဲ့က လူအုပ်ကို

တစ်ချက်ကြည့်လိုက်ပြီး ယုကျင်းကို

လက်ညှိုးထိုးပြကာ “သူက

အမှိုက်တစ်စဆိုရင်

ရိုးရိုးသားသားပြောခွင့်ပြုပါ။ မင်းတို့ကို

အမှိုက်လို့တောင် မခေါ်သင့်ဘူး။

ကောင်းပြီ ဒီစကားကို မင်းတို့ ဒီစကားကို

လက်မခံရင် ငါ့ကို လာတိုက်ခိုက်လိုက်

မတိုက်ခိုက်ရဲရင်

သောက်ပါးစပ်ပိတ်ထား။ အောက်ကနေ

ပေါင်နေတာတွေ ရပ်လိုက်ကြ”

ယန်ယဲ့ပြောသည့်စကားကို

ကြားလိုက်သောအခါ

မရေမတွက်နိုင်သောလူများ

ဒေါသတကြီးထွက်ကာ

ကျိန်ဆဲလိုက်ကြသည်။

သို့သော်ယန်ယဲ့ကို မည်သူကမျှ

စိန်ခေါ်ဝံ့ခြင်း မရှိပေ။

ယုကျင်းက အချိန်အတော်ကြာအောင်
တိတ်ဆိတ်သွားပြီးနောက် ယန်ယဲ့ကို
စိုက်ကြည့်လိုက်သည်။

ယန်ယဲ့က ရုတ်တရက် ပြောလိုက်သည်။
“မင်းကို အမြင်လွဲသွားမှာဆိုလို
ဆက်မလုပ်တော့ဘူး”

ယုကျင်းက ခေါင်းခါလိုက်ပြီး“မင်းဆက်လုပ်လို့ရတယ်”

ယန်ယဲ့က အံ့သြသွားပြီး “ဘာလို့လဲ…”

ယုကျင်းက ခေါင်းခါလိုက်ပြီး “ဒါနဲ့ မင်းရဲ့ မိတ်ဆွေနာမည် ဘယ်လိုခေါ်လဲ…။ သူ ဒါမှမဟုတ် သူမလား ဘယ်မှာရှိသလဲ…။ အချက်အလက်အချို့

စုဆောင်းပေးဖို့တော့
ငါကူညီပေးနိုင်တယ်”

ယန်ယဲ့က “သူနာမည်က ဇီအာပါ။
ရှောင်ချီလို့ခေါ်တဲ့ ကောင်းကင်မျိုးနွယ်ရဲ့
အမျိုးသမီးတစ်ယောက်နဲ့
အတူတူရှိနေတယ်။ ဒါနဲ့ ရှောင်ချီက
ကောင်းကင်အင်ပါယာအရှင်ရဲ့
သမီးတော်”

“ရှောင်ချီ”

ယုကျင်းက
ခေါင်းအနည်းငယ်ညိတ်လိုက်ပြီး
“ကောင်းပြီ မင်းဒီမှာ ဆက်လုပ်လိုက်။
ငါမင်းလိုချင်တာကို သွားပြီ
စုံစမ်းလိုက်မယ်”

စကားပြောပြီးနောက်
စင်မြင့်ထက်မှပျောက်ကွယ်သွားသည်။

ယုကျောင်းထွက်ခွာသွားသည်နှင့် အမျိုးသားတစ်ယောက်က သူ့အား အဝေးထောင့်တစ်နေရာဆီသို့ ခေါ်ဆောင်သွားသည်။ ၎င်းက ယုကျောင်းနှင့် ရုပ်ရည်အတော်လေး ဆင်တူသော သက်လတ်ပိုင်းအမျိုးသား တစ်ယောက်ပင်ဖြစ်သည်။

“ခွေးကောင်လေး၊ မင်းဘာလုပ်နေတာလဲ သိလား…”

သက်လတ်ပိုင်းအမျိုးသားက

တိုးညှင်းသော လေသံဖြင့်

ဆက်ပြောလိုက်သည် “မင်းပြောခဲ့တဲ့

စကားတွေက ငါတို့မျိုးနွယ်အပေါ်

ဘယ်လိုအကျိုးသက်ရောက်မှု

ရှိမယ်ဆိုတာ မင်းသိလား…”

ယုကျင်းက

ခေါင်းညိတ်သည်။“သိပါတယ်”

သက်လတ်ပိုင်းအမျိုးသားက

ဒေါသတကြီးနဲ့ အော်ငေါက်လိုက်သည်။

“ဒါဆို မင်းဘာလို့ ဒီလိုလုပ်တာလဲ...”

ယုကျင်းက သူတို့ကို

တစ်ချက်ကြည့်လိုက်ပြီး “အဖေ၊ သူတို့ကို

ဘယ်လိုထင်လဲ...”

သက်လတ်ပိုင်းအမျိုးသားက ခဏမျှငြိမ်သက်သွားပြီး "စကားပြောလို့ရတယ်။ ဒါပေမဲ့ အဆင်မပြေနိုင်ဘူး"ဟု ပြောလိုက်သည်။

ယုကျင်းက ခေါင်းညိတ်လိုက်ပြီး "ငါတို့ ကောင်းကင်မျိုးနွယ်မှာ သူတို့လိုလူတွေ အများကြီးရှိတယ်။ ငါတို့က အခြားသူတွေထက် သာတယ် မြင့်မြတ်တယ်ဆိုတဲ့

အယူအဆတစ်ခုရှိတယ်။ အဲ့ဒီထဲမှာ

တစ်ချိန်က ငါလည်း ပါခဲ့တယ်။ ဒါပေမဲ့

အဖေ ဘာဖြစ်သွားလဲ သိလား…။

သေဆုံးခြင်းကမ္ဘာကို

သွားပြီးတဲ့နောက်မှာ ဒီလိုမောက်မာမှုက

ကိုယ့်ကိုယ်ကို အသတ်ခံရလုနီးပါး

ဖြစ်သွားတယ်”

သက်လတ်ပိုင်းအမျိုးသားက

“မင်းဘာပြောဖို့ ကြိုးစားနေတာလဲ…” ဟု

အသံတိုးတိုးဖြင့် ပြောလိုက်သည်။

ယုကျင်းက ပြုံးပြီး “အပြင်လောကမှာ

အင်အားကြီးတဲ့လူတွေ

လေးစားခံရတယ်။

ကောင်းကင်မျိုးနွယ်ကိုပဲ လေးစားနေတဲ့

ကမ္ဘာမဟုတ်ဘူး။

သူတို့အပြင်လောကကိုထွက်သွားရင်

အဲ့ဒီလို မောက်မာတဲ့ ခံစားချက်မျိုးကို ဆုပ်ကိုင်ထားရင်တော့ အပိုင်းပိုင်းကွဲသွားလိမ့်မယ်”

သက်လတ်ပိုင်းအမျိုးသားက “ဒါကြောင့် မင်းလက်လျှော့လိုက်တာ...”ဟု မေးလိုက်သည်။

ယုကျင်းက “ဟုတ်တယ်။ အမိကကတော့ သားက သူ့အတွက် မယှဉ်နိုင်ဘူး”

သက်လတ်ပိုင်းအမျိုးသားက
မျက်မှောင်ကြုတ်ကာ “မင်းရဲ့ လက်ရှိ
ခွန်အားနဲ့တောင်”

ယုကျင်းက “သူက သေဆုံးခြင်းကမ္ဘာမှာ
သားတို့အဖွဲ့ရဲ့ ခေါင်းဆောင်။ သူက
နတ်ဆိုး ၁ သန်း ပိုင်းထားတဲ့ အချိန်မှာ
လူတိုင်းကို ကယ်ထုတ်လာခဲ့တယ်။
ဒါအပြင် သူက

တောင်ပိုင်းချီလင်တောင်တန်းကို
ပြန်ခေါ်သွားပြီးတော့
သေဆုံးခြင်းကမ္ဘာကနေ
ထွက်သွားခွင့်ရအောင် ကူညီခဲ့တဲ့သူ
သူ့ကြောင့်သာမဟုတ်ရင် အဖေက ငါ့ကို
သင်္ဂြိုလ်ရလိမ့်မယ်”

သက်လတ်ပိုင်းအမျိုးသားက
ငြိမ်သွားသည်။

တစ်ချိန်တည်းမှာပင်

ယုကျင်းကဆက်ပြောလိုက်သည်။

“အဖေ ရိုးရိုးသားသားပြောရရင် ဒါဟာ

ငါတို့

ကောင်းကင်မျိုးနွယ်တင်မဟုတ်ဘူး။

အပြင်လောကရဲ့

လူငယ်မျိုးဆက်မှာတောင် သူ့ကို

ရင်ဆိုင်နိုင်တဲ့သူ အများကြီးမရှိဘူး။

အဲ့ဒီမဟာမျိုးနွယ်စုကြီး လေးခုရဲ့

ညာဏ်ကြီးရှင်တွေလောက်ပဲ တိုက်ခိုက်နိုင်လိမ့်မယ်။ ဒါအပြင် ငါ့အသိအရဆိုရင် သူ့ရဲ့ နောက်ခံက လျှို့ဝှက်ဆန်းကြယ်လွန်းတယ်။ သူက လုံးဝကို သာမန်မဟုတ်ဘူး”

သက်လတ်ပိုင်းအမျိုးသားက ယုကျင်းကို တစ်ချက်ကြည့်လိုက်ပြီး “ကလေး၊ မင်းဘာပြောဖို့ ကြိုးစားနေတာလဲ…”

ယုကျင်းက "သူက ထူးထူးခြားခြား

ညဏ်ကြီးရှင်

တစ်ယောက်တင်မဟုတ်ဘူး။

လျှို့ဝှက်ဆန်းကြယ်တဲ့

အင်အားစုတစ်ခုရဲ့

ကျောထောက်နောက်ခံရှိထားတာ

သေချာတယ်။ လောကသုံးပါးက

ပရမ်းပတာဖြစ်လာဖို့ အစပျိုးနေပြီး။

အဖေ၊ ညဏ်ကြီးရှင်တွေနဲ့

မိတ်ဆွေဖြစ်သင့်တယ်လို့

မထင်ဘူးလား...”

သက်လတ်ပိုင်းအမျိုးသားက သူ့လက်ကို

ဝှေ့ယမ်းပြီး

“ရပ်လိုက်တော့...”

“ချုံပုတ်တစ်ဝိုက်မှာ ပတ်ရိုက်နေတာကို ရပ်လိုက်။ မင်းငါ့ကို ဘာပြောဖို့ ကြိုးစားနေတာလဲ…”

Translated by NyiNyiSoe

May Be:

…အပိုင်း ၂၃၆၉

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ယုကျင်းက

လေးလေးနက်နက်ရယ်မောလိုက်ပြီး

''သူ့ရဲ့မိတ်ဆွေက

ကောင်းကင်အင်ပါယာအရှင်ရဲ့လက်ထ

က်ရောက်နေလို့ ဒီကမ္ဘာလာပြီး

ပြဿနာရှာနေတာ သူမနာမည်က ဇီအာ

သူမက

နတ်ဆိုးလေးရှောင်ချီနဲ့အတူရှိနေတာ
အဖေ''

သက်လတ်ပိုင်းအမျိုးသားက''မင်း
သူ့သူငယ်ချင်းကိုကယ်စေချင်တာလား''
ဟုမေးသည်။

ယုကျင်းက ခေါင်းညိတ်ပြီး ''အဖေ
အဖေက တကယ်ညဏ်ကောင်းတယ်
အဲဒီလောက်မြန်မြန်ကို သိလိုက်ပြီ

အဖေဆိုတဲ့အတိုင်းမျှော်လင့်ထားသလိုပဲ'

'

''မင်း

စောက်ပါးစပ်ကိုပိတ်ထားလိုက်စမ်း''

သက်လတ်ပိုင်းအမျိုးသားက

''ဒီလိုလုပ်တာက

ကောင်းကင်အင်ပါယာအရှင်ကိုစော်ကား

တာနဲ့ညီမျှတယ်ဆိုတာကို မင်းသိလား

မင်းရဲ့သစ္စာစောင့်တည်မှုလို့ခေါ်တဲ့အခြေ

အနေကာ

မျိုးနွယ်စုရဲ့လုံခြုံရေးကိုမေ့ထားမှာလား''

ယုကျင်းက '' ကောင်းပြီ ကောင်းပြီ

ငါတို့ယုကလန်က

ကောင်းကင်မျိုးနွယ်ရဲ့ထိပ်ဆုံး

၃နေရာမှာတောင်

အဆင့်မသတ်မှတ်နိုင်ပေမဲ့

ဒါဟာကောင်းကင်မျိုးနွယ်ထဲမှာ

ထိပ်တန်းအဆင့်(၅)တော့

ဝင်ရောက်နိုင်တယ်မဟုတ်လား ငါတို့က

တစ်စုံတစ်ယောက်ကိုကယ်တင်ချင်တဲ့အ

တွက်ကြောင့်

ကောင်းကင်အင်ပါယာအရှင်က

ငါတို့ယုကလန်ကို

မကျေမနပ်ဖြစ်လိမ့်မယ်ဆိုတာတော့

ငါမယုံဘူး''

သက်လတ်ပိုင်းအမျိုးသားက

ခေါင်းခါပြပြီး ''

ငါ့နဲ့မသက်ဆိုင်တဲ့သူတစ်ယောက်အတွ
က် ကောင်းကင်အင်ပါယာအရှင်ကို
မစော်ကားပါဘူး မတန်ဘူး''

ယုကျင်း၏အပြုံးက
ပျောက်ကွယ်သွားသည်။ ''အဖေငြင်းရင်
သားကိုယ်တိုင်လုပ်မယ်''

''မင်းလုပ်ရဲလား''
သက်လတ်ပိုင်းအမျိုးသားက

ဒေါသတကြီးနဲ့ ''မင်းက

နောက်ထပ်ဘိုးဘေးမဖြစ်ချင်တာလား''

''ဂရုမစိုက်ဘူး'' ယုကျင်းက '' ငါဟာ

အဖေ့ရဲ့တစ်ဦးတည်းသောသားပါ အဖေ

ငါ့ကိုခွင့်မပြုရင်

ဘယ်သူလဲ...အခုထပ်ပြောမယ် ငါ

ဂရုမစိုက်ဘူး။ မင်းအရင်လို

တားဖို့မစဉ်းစားနဲ့။ အရင်က

ငါ့နဲ့မတူတော့ဘူး။ ဒါကြောင့်

အတင်းမတိုက်တွန်းနဲ့မဟုတ်ရင်
တကယ်အရှက်ကွဲလိမ့်မယ်''

''မင်း''

သက်လတ်ပိုင်းအမျိုးသား၏မျက်နှာက
ဒေါသကြောင့်နီမြန်းလာသည်။

တစ်ချိန်တည်းမှာပင် ယုကျင်းက
အသံတိုးတိုးလေးပြောခဲ့သည်။ '' အဖေ
သားကိုကူညီတယ်လို့သဘောထားလိုက်

ပါလား။ ဒါ့အပြင် တစ်ခုပြောပါရစေ။

သူ့ရဲ့စိတ်ကို

ကောင်းကောင်းသိတယ်။ကောင်းကင်အ

င်ပါယာအရှင်က

သူ့မိတ်ဆွေကိုမလွှတ်ပေးရင်

ကောင်းကင်ကမ္ဘာတစ်ခုလုံးကို

ကမောက်ကမဖြစ်အောင်လုပ်လိမ့်မယ်။

သူက

အဖေလိုမျိုးဆက်ဟောင်းတွေနဲ့ပြဿနာ

ရှာနေတာမဟုတ်ဘူး။

လူငယ်မျိုးဆက်တွေကို

ပစ်မှတ်ထားနေတယ်ဆိုတာ

အဖေလည်းသတိထားမိမှာပါ။

ရိုးရိုးသားသားပြောရရင်

ကောင်းကင်မျိုးနွယ်ရဲ့လူငယ်မျိုးဆက်

မှာ ဘယ်သူမှ သူ့အတွက်

ယှဉ်နိုင်မဲ့သူတစ်ယောက်မှ မရှိနိုင်ဘူး''

''အဲဒါက သေချာပေါက်မဖြစ်နိုင်ဘူး''

သက်လတ်ပိုင်းအမျိုးသားက

အေးစက်စက်ပြောလိုက်သည်။

''ငါ့အသိအရတော့ ကောင်းကင်အ

စောင့်တပ်မှူးတွေက

အားနည်းတာမဟုတ်ဘူး။ ဒါ့အပြင်

ငါတို့ယုကလန်ရဲ့အထက်မှာရှိတဲ့

အဲဒီမျိုးနွယ်စုက ကလေးတွေက

လုံးဝကိုထူးခြားတယ်။ ဒါ့အပြင်

အမြဲလိုလိုသီးခြားကျင့်ကြံနေတဲ့
ဉာဏ်ကြီးရှင်တွေတောင်ရှိသေးတယ်''

''အားလုံးကအမှိုက်တွေပဲ'' ယုကျင်းက
ပုခုံးတွန့်လိုက်ပြီး ''ငါသူတို့ကိုမမြင်ဖူးဘူး
ဒါပေမဲ့သူကတော့
တကယ်ကိုသန်မာတယ်။ ဟုတ်တယ်။
သူက အဆင့် ၅ ဉာဏ်အလင်းသခင်နဲ့
ဉာဏ်အလင်းသခင်အဆင့်မှာရှိနေပေမဲ့

ဈာန်သခင်ဖြစ်တဲ့သွေးနတ်ဆိုးဘုရင်ကို

တိုက်ခိုက်နိုင်တယ်ဆိုတာ အဖေသိလား''

ထိုစကားကိုကြားသောအခါ

သက်လတ်ပိုင်းအမျိုးသားက

မျက်မှောင်ကြုတ်ကာ ''တကယ်ပဲလား''

ယုကျင်းက ခေါင်းညိတ်လိုက်သည်။ ''

သွေးနတ်ဆိုးဘုရင်တောင် သူ့ကို

အဆင့်တူနယ်ပယ်ပညာရှင်လိုသဘော

ထားတယ်။ ဒါ့အပြင်သူဟာ

နတ်ဆိုးမျိုးနွယ်ရဲ့ညာဏ်ကြီးရှင်နဲ့မိတ်

ဆွေဖြစ်နေသေးတယ်။ ပြီးတော့ သူ့မှာ

မျိုးနွယ်ခြားအားလုံးထဲမှာ

ပြန့်နေတဲ့မိတ်ဆွေတစ်စုရှိတယ်ဆိုတာ

မမေ့နဲ့ဦး။ အားလုံးက

သေဆုံးခြင်းကမ္ဘာမှာ

ဆုံခဲ့ကြတဲ့ညာဏ်ကြီးရှင်တွေချည်းပဲ။

အဖေ

အခုသူတို့နဲ့မိတ်ဆွေမဖွဲ့ထားဘူးဆိုရင်

ငါတို့ယုကလန်က သူတို့နဲ့မိတ်ဆွေဖွဲ့ဖို့

အရမ်းနောက်ကျသွားလိမ့်မယ်''

သက်လတ်ပိုင်းအမျိုးသားက

အချိန်အတော်ကြာတိတ်ဆိတ်သွားပြီး ''

မင်းဆုံးဖြတ်ချက်ချပြီးပြီလား ''

ယုကျင်းက ခေါင်းညိတ်လိုက်သည်။ ''

လိုအပ်နေတဲ့မိတ်ဆွေတစ်ယောက်ကို

ကူညီရမှာပေါ့''

သက်လတ်ပိုင်းအမျိုးသားက

ယုကျင်းကိုကြည့်ရင်း '' အားကျင်း

မင်းဟာ ဘိုးဘေးပေးခဲ့တဲ့

အဲဒီပစ္စည်းကိုသုံးမှာမဟုတ်ဘူးလား''

ယုကျင်းက '' ငါသေချာပေါက်သုံးမှာ ''

သက်လတ်ပိုင်းအမျိုးသားက

သက်ပြင်းချရင်း '' မင်းဟာ

လူသားတစ်ယောက်နဲ့ခင်မင်ရင်းနှီးလိမ့်မ

ယ်လို့

ဘယ်တော့ကမှမျှော်လင့်မထားဘူး။

ဒါ့အပြင် ဒီလူက မင်းကို

ဒီလိုအရာတောင်လုပ်ခိုင်းနိုင်တယ်''

ယုကျင်းက '' ငါတို့ဟာ

သေဆုံးခြင်းကမ္ဘာမှာ အေးအတူ

ပူအမျှဖြတ်သန်းခဲ့တဲ့ညီအစ်ကိုတွေဖြစ်

တယ်။ အပြင်ကမ္ဘာမှာလည်း

ဒီလိုပဲလုပ်မှာပါ။ အဖေ ကူညီပေးမလား

မကူညီပေးဘူးလားဆိုတာပဲပြောပါ။

အဖေငြင်းရင် သားက

သူ့သူငယ်ချင်းကိုကယ်ပြီး

ယုကလန်ရဲ့နောက်ထပ်ဆက်ခံသူမရှိ

တော့ဘူးဆိုပြီး ကြေညာလိုက်မယ်။

မျိုးနွယ်စုကို ငါနဲ့အတူ

ဆွဲချဖို့မကြိုးစားဘူး''

သက်လတ်ပိုင်းအမျိုးသားက

အသံတိုးတိုးဖြင့်ပြောလိုက်သည်။ ''

တကယ်ပဲထိုက်တန်လား

အဲဒါကမင်းရဲ့နောက်ဆုံးဝှက်ဖဲနော်။

မင်းဟာ ယုကလန်ကိုသိမ်းပိုက်ဖို့

အာမခံချက်ပဲ။ ငါ့မှာ

သားတစ်ယောက်ပဲရှိတယ်ဆိုပေမဲ့...က

လေး မင်းရဲ့အဖေမှာ

သားတစ်ယောက်ပဲရှိတယ်ဆိုတာသဘော

ပေါက်ရမယ်''

ယုကျင်းက ဘာမှပြန်မပြောဘဲ

စင်မြင့်ထက်၌ရပ်နေသော

ယန်ယဲ့ကိုလှမ်းကြည့်လိုက်သည်။ ''အဖေ

ညီအစ်ကိုတွေဆိုတာက

ဘာလဲနားလည်လား''

''ညီအစ်ကိုတွေလား''

သက်လတ်ပိုင်းအမျိုးသားကရယ်မောလိုက်သည်။ သူသည် ယုကျင်း၏ပုခုံးကို အသာအယာပွတ်လိုက်ပြီး

''ငါ့အမြင်မှာတော့ ညီအစ်ကိုတွေက

သစ္စာဖောက်ခံရဖို့

အလားအလားအရမ်းများတယ်။

လွန်ခဲ့တဲ့နှစ်တွေတုန်းက

ညီအစ်ကိုတစ်ယောက်

ငါ့ကိုသစ္စာဖောက်ခဲ့တယ်။ အဲဒီအချိန်မှာ
အသက်ဆုံးရှုံးလုနီးပါးပဲ။ ကလေး
သစ္စာရှိတာမျိုးရှိနိုင်တယ် ဒါပေမဲ့လို့
သစ္စာဖောက်တာအတွက်
လုံးလောက်တဲ့အကျိုးကျေးဇူးတွေမရှိတဲ့
အခြေအနေပေါ်မှာ မူတည်နေတယ်။
အကျိုးကျေးဇူးလုံလောက်ရင်
ညီအစ်ကိုတွေအပေါ်မပြောနဲ့ တချို့က

ကိုယ့်ကိုယ်ကိုယ်သတ်ပစ်ဖို့တောင်ဆန္ဒရှိ

ကြလိမ့်မယ် ''

ယုကျင်းက

တိတ်တဆိတ်ပြုံးလိုက်သည်။

ဤအခိုက်အတန့်တွင်

သေဆုံးခြင်းကမ္ဘာမှာရှိစဉ်က

ထိုအချိန်ကိုပြန်တွေးနေမိသည်။

ယန်ယဲ့နှင့်ပတ်သက်၍ပင်ဖြစ်သည်။

ယန်ယဲ့သည်

သူတစ်ယောက်တည်းထွက်ပြေးလျှင်လွ

တ်မြောက်နိုင်ပြီး သို့သော်လည်း

ကောင်းကင်ဆိတ်သုဥ်းခြင်းမြို့တော်သို့

ပြန်လာကာ

နတ်ဆိုးပင်လယ်ကိုဖြတ်ကျော်ပြီး

သူတို့အဖွဲ့အားကယ်တင်ခဲ့သည်။

ယန်ယွဲ့က

ဘာကြောင့်ထိုသို့လုပ်ဆောင်သနည်း။

အကျိုးအမြတ်အတွက်လား။

အကျိုးကျေးဇူးရှိသလားမဟုတ်ပါ။

သူတို့အားလုံးက

ညီအစ်ကိုများဖြစ်နေသောကြောင့်

ကယ်တင်ခဲ့ခြင်းပင်ဖြစ်သည်။

တစ်ခါတစ်ရံတွင်

ညီအစ်ကိုများဖြစ်နေလျှင်

အကျိုးကျေးဇူးအတွက်

ဟာသတစ်ခုထက်မပိုပေ။ သို့သော်

အကျိုးအမြတ်များသည်

စစ်မှန်သောညီအစ်ကိုရှေ့တွင်

ဟာသဖြစ်သည့်အချိန်များစွာရှိခဲ့သည်။

ယုကျင်းရှေ့မှ

သက်လတ်ပိုင်းအမျိုးသားက

ခေါင်းညိတ်ပြသည်။ "

ငါမင်းကိုကူညီမယ် ဒါပေမဲ့

ကောင်းကင်အင်ပါယာအရှင်က

ငါတို့လုပ်ခဲ့တာတွေကို

သေချာပေါက်သတိထားမိလိမ့်မယ်။

ဒါဆို

နောက်ဆက်တွဲအကျိုးဆက်တွေကိုလက်

ခံဖို့သေချာပြီလား''

ယုကျင်းက ခေါင်းညိတ်လိုက်ပြီး

ဤအချိန်တွင်

သက်လတ်ပိုင်းအမျိုးသားကဆက်ပြော

သည်။ '' ယုမျိုးနွယ်ရဲ့ဘိုးဘေးက

အဆင့်မြင့်အာဏာပိုင်မဟုတ်ပေမဲ့

ကောင်းကင်မျိုးနွယ်မှာ

အဆင့်အတန်းနဲ့အာဏာနည်းနည်းရှိတယ်''

ယုကျင်းက ပုခုံးတွန့်လိုက်ပြီး '' ဒါဟာ ရာထူးတစ်ခုပဲမဟုတ်လား ငါမလိုအပ်ဘူး'' စကားပြောပြီးနောက် ယုကျင်းက လှည့်ထွက်သွားသည်။

သက်လတ်ပိုင်းအမျိုးသားက ယုကျင်းထွက်သွားသည်ကို

အချိန်တော်တော်ကြာစိုက်ကြည့်ပြီးနော
က် ပါးစပ်ထောင့်တွင်
ခါးသီးသောအမူအရာတစ်ခုပေါ်လာသ
ည်။ မျိုးနွယ်စုအကြားပြိုင်ပွဲသည်
အလွန်ရက်စက်ကြမ်းကြုတ်လှသည်။
တစ်စုံတစ်ဦးသည်
ဘိုးဘေးရာထူးဆက်ခံနိုင်ခြင်းမရှိလျှင်
အဆိုးဆုံးရလဒ်မှာ မျိုးနွယ်စုက
နှင်ထုတ်ခံရပေမည်။ ထို့ကြောင့်

ယုကျင်း၏တောင်းဆိုမှုကို

သူသဘောမတူခဲ့ပေ။ သို့သော်

သားဖြစ်သူ၏စိတ်ကို

ကောင်းစွာသိထားသည်။

သူသာ ငြင်းဆန်လိုက်ရင် သားဖြစ်သူက

ကိုယ်တိုင်လုပ်ဆောင်ပေမည်။

ထိုအချိန်တွင် ကိစ္စက

ပို၍ပင်ကြီးမားလာပေမည်။

သက်လတ်ပိုင်းအမျိုးသားက

အချိန်အတော်ကြာတိတ်ဆိတ်နေပြီးမှ

ခါးယမ်းကာ

တိုးတိုးလေးပြောလိုက်သည်။

''မဟာအကြီးအကဲနဲ့အကြီးအကဲဂိုကို

ခေါ်လိုက်''

''နားလည်ပါပြီ'' မမြင်နိုင်သော

အာကာသပြင်ထဲမှ

အသံတစ်သံရုတ်တရက်ထွက်ပေါ်လာသ

ည်။

သက်လတ်ပိုင်းအမျိုးသားထွက်မသွား

သေးဘဲ

စင်မြင့်ထက်ကိုလှမ်းကြည့်နေသည်။

ဤအချိန်တွင် ယန်ယဲ့သည်

ဓားကိုင်လျက် ထိုနေရာတွင်

ရပ်နေခဲ့သည်။ သူသည်

ဓားအိမ်မှထွက်လာတော့မည်

ထက်မြက်သောဓားတစ်စင်းကဲ့သို့ထင်ရသည်။

သက်လတ်ပိုင်းအမျိုးသား၏မျက်လုံးများက

အနည်းငယ်ကျဉ်းမြောင်းသွားကာ ''ကျင်းအာပြောတာမှန်တယ် တကယ်တော့ သူက သာမန်မဟုတ်ဘူး''

ဤအချိန်တွင်

ယန်ယွဲ့သည်မျက်လုံးများကို မှိတ်ထားပြီး

ပတ်ဝန်းကျင်ရှိအသံအားလုံးကိုလျစ်လျူ

ရှုထားလိုက်သည်။ ဂိုကန်ယန်က

ယန်ယွဲ့နှင့်မနီးမဝေးတွင်ရပ်နေသည်။

ယန်ယွဲ့နှင့်

ကောင်းကင်မျိုးနွယ်ကြားအခြေအနေကို

ဆက်ပြီးမြင်လို ကြည့်လိုသောကြောင့်

ထွက်မသွားသေးပေ။

ဤအခိုက်အတန့်တွင်

ကောင်းကင်ကမ္ဘာတစ်ခုလုံးသည်

ကျယ်ပြန့်သောဆူညံသံများနှင့်ပြည့်နှက်

နေခဲ့သည်။

ကောင်းကင်မျိုးနွယ်တစ်ခုလုံးက

လူငယ်မျိုးဆက်အား စိန်ခေါ်နေသော

လူသားတစ်ယောက်၏သတင်းဟာ

မုန်တိုင်းတစ်ခုအလားပျံ့နှံ့သွားကာ

ကောင်းကင်ကမ္ဘာတစ်ခုလုံး

ဆူညံပွက်လောရိုက်သွားခဲ့သည်။
ဤသို့ဖြင့် လူအများအပြားဟာ
ကောင်းကင်မြို့တော်သို့
အပြေးအလွှားရောက်လာခဲ့ကြသည်။

ထို့အပြင်
တည်ခြားတံခါးပိတ်ကျင့်ကြံနေသော
ညာဏ်ကြီးရှင်တချို့လည်း
ကောင်းကင်မြို့တော်သို့
တဟုန်ထိုးပြေးလွှားလာခဲ့ကြသည်။

ကောင်းကင်မျိုးနွယ်တွင် မည်သူမျှ

ယန်ယဲ့အား အနိုင်မယူနိုင်ခဲ့သော်

သေချာပေါက်စောက်ရှက်ကွဲပြီဖြစ်သည်

။

Translated By NyiNyiSoe

May Be:

...အပိုင်း ၂၃၇၀

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ဤသို့ဖြင့် မြို့ထဲသို့ လူအများအပြား

တဖြည်းဖြည်းရောက်လာခဲ့ကြသည်။

ဤအခိုက်အတန့်တွင်

စင်မြင့်တစ်ဝိုက်ရှိရေိယာသည်

လူအများဖြင့်ပြည့်ကျပ်နေလေသည်။

တချို့မှာမြက်ပြင်တွင်သာ နေကြရပြီး

တချို့ကလေထဲ၌ရပ်နေကြသည်။

ဤအတောအတွင်း

ရှောင်ချီ၏အစ်မဖြစ်သူက

ယန်ယွဲ့ဆီသို့လျှောက်လာကာ

ကောင်းကင်ကမ္ဘာတစ်ခုလုံးက

နင့်နာမည်ကိုသိနေကြပြီ။ ယန်ယွဲ့က

''ဒါဆိုဘာလဲ''

သူမက '' အခြေအနေတွေပိုဆိုးလာရင်

ကြောက်စရာကောင်းတယ်။

တစ်ယောက်ယောက်က

နင့်ကိုအနိုင်ယူနိုင်တာပဲဖြစ်ဖြစ်

ကောင်းကင်အင်ပါယာအရှင်က

နင့်ကိုဘယ်တော့မှ

ထွက်သွားခွင့်ပေးမှာမဟုတ်ဘူးဆိုတာ

သေချာတယ်။ ဒီမျောက်တောင်မှ အခု

နင့်ကိုမကယ်နိုင်ဘူး

ကောင်းကင်မျိုးနွယ်ယှဉ်နေရတဲ့အရှက်

တရားကို သွေးနဲ့ဆေးကြောပစ်လိမ့်မယ်''

ယန်ယဲ့က ဂရုမစိုက်ပုံဖြင့်

ပေါ့ပေါ့ပါးပါးသာပြန်မေးလိုက်သည်။

''ဒါပဲလား''

အမျိုးသမီးငယ်က

ပိုပြောချင်သော်လည်း ယန်ယဲ့သည်

''ငါ့ကို မနှောင့်ယှက်နဲ့တော့'' ဟု

သူ့လက်ကိုဝှေ့ယမ်းလိုက်ပါသည်။ သူမ

မျက်မှာပျက်သွားသည်။

စကားထပ်ပြောချင်သော်လည်း

ယန်ယဲ့ရှေ့တွင်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးတစ်

ဦး ရုတ်တရက်ပေါ်လာသည်။

တစ်ယောက်ယောက်က

ယန်ယဲ့ကိုစိန်ခေါ်လာခဲ့သည်။

ဤမြင်ကွင်းကိုကြည့်ပြီး

ကောင်းကင်မျိုးနွယ်မှ

မရေမတွက်နိုင်သောလူတိုင်း

အော်ဟစ်အားပေးခဲ့ကြသည်။

ဤအချိန်တစ်လျှောက်လုံး
လူတိုင်းတကယ်ကို
စိတ်ဆိုးဒေါသထွက်နေကြခဲ့ရသည်။
နောက်ဆုံးတွင်တော့
တစ်စုံတစ်ယောက်ရောက်လာခဲ့လေပြီ။

ယန်ယဲ့သည် အမျိုးသမီးကို
မော့ကြည့်လိုက်သည်။ သူမက
အနက်ရောင်ဝတ်ရုံရှည်ကို
အပြည့်ဝတ်ဆင်ထားသောကြောင့်

အမျိုးသမီးဖြစ်မှန်းသာမြင်နိုင်သည်။
သို့သော် ယန်ယဲ့က သူ့အကြည့်ကို
ရုတ်လိုက်ပြီး ''မင်း အရင်လှူပ်ရှားလိုက်''

သူမက ရုတ်တရက်မေးခဲ့သည်။
''လူသားလား''

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။
အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးက ''
ဘုရင်နဲ့ကျောက်ဇနှစ်ပါးရဲ့နောက်မှာ

လူသားမျိုးနွယ်က

ထူးခြားတဲ့ညဏ်ကြီးရှင်တွေရှိနေလိမ့်မ

ယ်လို့ ငါမမျှော်လင့်ထားဘူး''

''ကေရာဇ်နှစ်ပါး'' ယန်ယဲ့က

မျက်မှောင်ကြုတ်ကာ '' မင်းက

ချင်ချွမ်ကိုသိတာလား''

ချင်ချွမ်က ကေရာဇ်နှစ်ပါးအနက်မှ

တစ်ပါးဖြစ်သည်။ အမျိုးသမီးက

အနည်းငယ်ခေါင်းညိတ်ပြသည်။

''ငါသူ့ကို တစ်ကြိမ်ပဲတွေ့ဖူးတယ်။ သူက

သေဆုံးခြင်းကမ္ဘာက

ပြန်လာပြီးနောက်မှာ

ပိုပြီးသန်မာလာခဲ့တယ်။

အခုလောလောဆယ်မှာ သူက

လူသားမျိုးနွယ်ရဲ့ဒဏ္ဍာရီလာညဏ်ကြီးရှ

င် ၃ ယောက်ထဲက ၁ ယောက်လို့

အဆင့်သတ်မှတ်နိုင်သွားပြီ''

ချင်ချွမ်။

ယန်ယဲ့က ရယ်မောလိုက်သည်။ သူသည် ထိုလူငယ်ကို မမေ့ခဲ့ပေ။ ချင်ချွမ်၏ခွန်အားက လူသားအတိုင်းအတာတွင် ထိပ်ဆုံးရပ်တည်ရန်လုံလောက်သည်ဟု သိသာပါသည်။ ''ငါအချိန်ရရင် သူ့ကိုသွားကြည့်သင့်တယ်''

ယန်ယဲ့က သူ့အတွေးကိုထိန်းကာ

အမျိုးသမီးကိုစိုက်ကြည့်ပြီး

''မင်းအရင်လှုပ်ရှားလိုက်တော့''

သူမက အနည်းငယ်ခေါင်းညိတ်ကာ

''ကောင်းပြီ'' စကားပြောပြီးသည်နှင့်

သူမ၏လက်ထဲ၌

ဓားမြှောင်တစ်ချောင်းပေါ်လာသည်။

သို့သော် ဓားမြှောင်ပေါ်လာသည်နှင့်

ပုံရိပ်များစွာအဖြစ်ပြောင်းသွားကာ

နေရာမှာပင်ပျောက်ကွယ်သွားပြီး ခဏအကြာတွင် ယန်ယဲ့၏လည်ချောင်းမှ အေးစက်စက်အလင်းတန်းတစ်ခုထွက်ပေါ်လာသည်။

'' ဆူး...''

အာကာသကိုဖြတ်တောက်လိုက်သောအသံက

ကျယ်လောင်စွာထွက်ပေါ်လာသည်။

ဤအချိန်တွင် ယန်ယဲ့သည် မီတာ (၃၀)

အကွာသို့လွင့်သွားခဲ့သည်။

သူ့လည်ချောင်းကိုထိလိုက်ရာ

သူ့လက်ချောင်းမှ

သွေးများကပ်ပါနေသည်။

သေချာသည်မှာ ဒဏ်ရာရသွားခြင်းပင်။

''သူဒဏ်ရာရသွားပြီလား''

ကောင်းကင်မျိုးနွယ်မှ

မရေမတွက်နိုင်သောလူများက

ဤမြင်ကွင်းကိုမြင်မြင်ချင်း အော်ဟစ်

အားပေးလိုက်ကြသည်။ သို့မဟုတ်

အော်ဟစ်ခြင်း ကြိမ်ဆဲခြင်း

ပျော်ရွှင်ခြင်းစသဖြင့်

အသံဗလံမျိုးစုံထွက်ပေါ်လာသည်။

ယန်ယဲ့က သူ့လက်ချောင်းပေါ်က

သွေးစကို စိုက်ကြည့်ရင်း

ပြုံးလိုက်သည်။ ထို့နောက်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးကို

မော့ကြည့်လိုက်ကာ '' မင်းက

နည်းနည်းတော့မြန်သားပဲ ''

''ငါပိုမြန်နိုင်တယ်'' စကားပြောပြီးနောက်

ဓားတစ်ချောင်းက

ယန်ယဲ့ရှေ့တွင်ရောက်လာသည်။

လူတိုင်းပင် မျက်စိဖြင့်

မမြင်နိုင်လောက်အောင်ကို

မြန်ဆန်လွန်လှသည်။

သို့သော်လည်း ဤတစ်ချိန်တွင်တော့

ယန်ယဲ့၏လည်ချောင်းကနေ ၁၀

မီတာအကွာတွင်ပဲ

ဓားမြှောင်ကရပ်သွားခဲ့သည်။

ဓားတစ်ချောင်းက

သူမ၏လည်ချောင်းကို

ထောက်ထားသောကြောင့်ပင်ဖြစ်သည်။

ဤမြင်ကွင်းကိုမြင်သောအခါ

ပတ်ဝန်းကျင်သည်တိတ်ဆိတ်သွားသည်

။ ခဏကမျှတိတ်ဆိတ်သွားပြီးနောက် အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးက ဓားမြှောင်ကိုပြန်သိမ်းကာ "ငါရှုံးသွားပြီ"

"ရှုံးသွားပြီလား" ပတ်ဝန်းကျင်သည် တိတ်ဆိတ်သွားသည်။ ယန်ယွဲ့က သူ့ဓားကိုပြန်သိမ်းကာ "မင်းဒီထက် ပိုမြန်အောင်လုပ်သင့်တယ်"

အမျိုးသမီး၏အရှိန်က

အရမ်းမြန်သော်လည်း

ယန်ယဲ့ထက်တော့မသာခဲ့ပေ။ အမှန်တော့

သူ၏တိုက်ခိုက်မှုက

အသက်မသေနိုင်သောကြောင့်

အမျိုးသမီးသာတိုက်ခိုက်ချင်လျှင်တိုက်

ခိုက်နိုင်သေးသည်။ သို့သော်

သူမ၏အရှိန်ကိုဖိနှိပ်ခံလိုက်ရသည်နှင့်

ချက်ချင်းအရှုံးပေးခဲ့သည်။

ယန်ယဲ့က လူအုပ်ကိုငုံ့ကြည့်လိုက်ပြီး ''နောက်တစ်ယောက်''

''နောက်တစ်ယောက်လား''

မရေမတွက်နိုင်သော လူများက ယန်ယဲ့ကိုစိုက်ကြည့်နေကြသည်။ အကြည့်များကသာ လူသတ်နိုင်ခဲ့သော် လက်ရှိတွင် ယန်ယဲ့သည် ရပ်နေနိုင်တော့မည်မဟုတ်ပေ။ လူသားတစ်ယောက်က

ကောင်းကင်မျိုးနွယ်ကို

အရှက်ရစေသော်လည်း

ကောင်းကင်မျိုးနွယ်၏လူငယ်မျိုးဆက်

ထဲမှ တစ်ယောက်တစ်လေမှပင်

မတားဆီးနိုင်ခဲ့ပေ။

ထိုသတင်းသာပျံ့နှံ့သွားခဲ့သည်ရှိသော်

ကောင်းကင်မျိုးနွယ်တစ်ခုလုံးရှိ

လူငယ်မျိုးဆက်ဟာ

သေချာပေါက်လျှောင်ပြောင်ရယ်မောစရာ

ဖြစ်ပါပြီ။

စင်မြင့်ထက်တွင်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးက

ယန်ယဲ့ကို

လက်သီးဆုပ်ပြပြီးထွက်သွားခဲ့သည်။

ဤအချိန်တွင် ရှောင်ချီ၏အစ်မဖြစ်သူက

ယန်ယဲ့ရှေ့တွင်ပေါ်လာသည်။ သူမက

ယန်ယဲ့ကို

မျက်လုံးချင်းတည့်တည့်စိုက်ကြည့်ပြီး ''
ဒီလိုစိန်ခေါ်တာကို
ဘယ်လောက်ကြာကြာဆက်လုပ်မှာလဲ''
ဟုပြောလိုက်သည်။

ယန်ယဲ့က ပြုံးလိုက်ပြီး '' စိတ်မပူပါနဲ့
မကြာခင်အချိန်ပြည့်တော့မယ်
အခုကစပြီး စိန်ခေါ်မဲ့သူမရှိရင်
ငါထွက်သွားမယ် အဆင်ပြေလား''
ယန်ယဲ့ပြောလိုက်သောစကားကိုကြား

သောအခါ အမျိုးသမီးငယ်၏မျက်နှာက

ပို၍ပင်မှုန်ဝါးလာသည်။

ယန်ယဲ့က

အချိန်ကန့်သတ်ချက်ပေးထားသည်။

ထိုကြောင့် ကောင်းကင်မျိုးနွယ်တွင်

မည်သူမျှ သူ့ကိုစိန်ခေါ်ခြင်း သို့မဟုတ်

ထိုအချိန်အကန့်အသတ်အတွင်း

အနိုင်မယူနိုင်ခဲ့လျှင် သေချာပေါက်

ကောင်းကင်မျိုးနွယ်တစ်ခုလုံးအရှက်ကွဲ
ပြီးဖြစ်သည်။

တစ်နည်းအားဖြင့်
ယန်ယဲ့၏အကြံအစည်က
သက်ညှာသလိုလိုနှင့်
ရက်စက်ကြမ်းကြုတ်လွန်းလှသည်။
အမျိုးသမီးငယ်က ထွက်မသွားခင်
ယန်ယဲ့ကိုအချိန်တော်တော်ကြာစိုက်ကြ
ည့်နေခဲ့သည်။

လူအုပ်ကြီးလည်းထိတ်လန့်သွားကာ

မရေမတွက်နိုင်သောအော်ဟစ်သံများ

ကျိန်ဆဲသံများ

အဆက်မပြတ်ထွက်ပေါ်လာသည်။

ယန်ယဲ့က သူ၏ညာခြေကို

ရုတ်တရက်ဆောင့်ချလိုက်သည်။

''အုန်း...''

စင်မြင့်တစ်ခုလုံးသည်

ပြင်းထန်စွာတုန်ခါသွားသည်။

ပတ်ဝန်းကျင်သည်

ချက်ချင်းတိတ်ဆိတ်သွားကာ အားလုံး

ယန်ယွဲ့အားမော့ကြည့်လိုက်သည်။

ယန်ယွဲ့က ပတ်ဝန်းကျင်ကို

တစ်ချက်ငုံ့ကြည့်လိုက်သည်။

''ကျိန်ဆဲနေတာကို ရပ်လိုက်ကြ

မကြိုက်ရင် လာပြီးတိုက်ခိုက်ကြ

အဲဒီမှာဆူညံနေရုံနဲ့မပြီးဘူး''

''မင်းကိုကြောက်တယ်ထင်လို့လား''

လူငယ်တစ်ယောက်က ရုတ်တရက်

လေထဲသို့ ခုန်တက်လာပြီး

ယန်ယဲ့ကိုတိုက်ခိုက်လိုက်သည်။

''အုန်း…''

သို့သော် ယန်ယဲ့နားသို့ပင်
မရောက်လိုက်ဘဲ ၁၀ကီလိုမီတာအကွာထိ
လွင့်ထွက်သွားသည်။ ယန်ယဲ့က
သူ၏လက်သီးကိုဖြေလျော့လိုက်ပြီး
''ဆက်လုပ်ပါ''

မရေမတွက်နိုင်သောလူများက
ယန်ယဲ့ကိုဒေါသတကြီးစိုက်ကြည့်နေကြ
သည်။ ''မိုက်ရိုင်းလိုက်တာ'' ထိုအရာက
လူတိုင်းခံစားနေရသည့် ခံစားချက်ပင်။

အလွန်ပင်ဒေါသထွက်နေကြသည်။

ဤသို့ဖြင့်အချိန်များ

တဖြည်းဖြည်းကုန်သွားသည်။

ဧနာရီကြာပြီးနောက် ယုကျင်းက

စင်မြင့်ထက်တွင်

ရုတ်တရက်ပေါ်လာသည်။ ယန်ယွဲ့က

တစ်ခုခုပြောရန် ပြင်လိုက်စဉ် ယုကျင်းက

သူ၏ညာဘက်ပုခုံးကိုဆုပ်ကိုင်လိုက်ကာ

''ဘာမှမမေးနဲ့'' ဟုပြောပြီး

စင်မြင့်ထက်မှပျောက်ကွယ်သွားကြသည်

။

ကောင်းကင်မြို့တော်အပြင်ဘက်ရှိ

အကန့်အသတ်မဲ့သော

တောင်တန်းတစ်ခုပေါ်သို့

အလင်းတန်းနှစ်ခု

ရုတ်တရက်ဆင်းသက်လာသည်။

ယန်ယွဲ့နှင့်ယုကျင်းတို့ပင်ဖြစ်သည်။

ယန်ယဲ့က ယုကျင်းကိုစိုက်ကြည့်ပြီး

''ဘာလဲ...''

ယုကျင်းက

ရှေ့ကိုလှမ်းကြည့်လိုက်သည်။ ထိုနေရာမှ

အနက်ရောင်အရိပ်တစ်ခုထွက်လာသည်။

ယန်ယဲ့၏အမူအရာက

ထိုအနက်ရောင်အရိပ်ကိုမြင်သောအခါ

လေးနက်လာသည်။ ၎င်းသည်

ချာန်သခင်ဖြစ်သည်။

တစ်ချိန်တည်းမှာပင်

သူ၏ညာလက်ကိုဝှေ့ယမ်းလိုက်ရာ

ယန်ယဲ့ရှေ့တွင်

သေးငယ်သောပုံရိပ်လေးတစ်ခုထွက်ပေါ်

လာသည်။

ယန်ယဲ့သည် အံ့ဩသွားသည်။

သေးငယ်သောပုံရိပ်ကလေးက

တခြားမဟုတ်ဘဲ

ဇီအာဖြစ်နေသောကြောင့်ပါ။

သို့သော်သေးငယ်သော ပုံရိပ်က

သူမ၏မျက်လုံးများကိုပိတ်ထားလျက်

အိပ်ပျော်နေပုံရသည်။ ယန်ယွဲ့က

ခံစားနေရသောစိတ်လှုပ်ရှားမှုကိုမျိုသိပ်

လိုက်ပြီး ''သူမ...''ဟုမေးလိုက်သည်။

သူမ၏မူလဝိညာဉ်က

တစ်ခုခုမှားနေသည်။ ဒါကြောင့်အခုထိ

သူမ မနိုးထနိုင်သေးဘူး။

အနက်ရောင်ဝတ်အမျိုးသားက ''
ငါမင်းကို
ဒီလောက်ပဲကူညီပေးနိုင်တယ်''ဟုဆက်
ပြောသည်။

ယန်ယွဲ့က အသက်ပြင်းပြင်းရှူပြီး
ယုကျင်းကို စိုက်ကြည့်လိုက်သည်။
သို့သော် ယုကျင်းက ပြုံးကာ
ခေါင်းခါလိုက်သည်။ ''ဘာမှမဖြစ်ဘူး

ငါ့ကိုကျေးဇူးတင်စရာမလိုဘူး

ထွက်သွားတော့"

ဤအချိန်တောအတွင်း

အနက်ရောင်ဝတ်အမျိုးသားက

"ကောင်းကင်အင်ပါယာအရှင်က

ဒါကိုကောင်းကောင်းသတိထားမိလိမ့်မ

ယ် "

ယန်ယဲ့က ခေါင်းညိတ်ပြီး ''ဂရုစိုက်ပါ''

ထို့နောက် သူ၏ညာလက်ကို

ဝှေ့ယမ်းလိုက်ရာ ဇီအာကို

သူ့၏စေတီထဲသို့ပို့လိုက်ပြီးနောက်

နတ်အတောင်ပံတစ်စုံပေါ်လာပြီး

နေရာမှာပင်ပျောက်ကွယ်သွားသည်။

ဤအချိန်တွင် ယုကျင်းက

အသက်ပြင်းပြင်းရှူလိုက်ပြီး

အချိန်တော်တော်ကြာ

တိတ်ဆိတ်သွားပြီးနောက်

သူ့နောက်ကိုကြည့်ပြီး ''ဒုတိယဦးလေး

သွားကြရအောင်''

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

''အရမ်းနောက်ကျသွားပြီ''

ဤအချိန်တွင် သူတို့ရှေ့၌

သက်လတ်ပိုင်းအမျိုးသားတစ်ယောက်

ပေါ်လာသည်။

သက်လတ်ပိုင်းအမျိုးသားက

သူတို့နှစ်ယောက်ကိုစိုက်ကြည့်လိုက်ပြီး

"မိုက်မဲလိုက်တဲ့ကလေးတွေ"

ထိုသက်လတ်ပိုင်းအဘိုးကြီးစကားပြော

ပြီးနောက်

ဤနေရာတစ်ခုလုံးကွဲထွက်သွားသည်။

ထိုနေရာပေါက်ကွဲသွားသည့်အချိန်တွင်

ယုကျင်း၏ဘေးမှ

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ညာလက်ကိုဆန့်ထုတ်ကာ

ဆုပ်ကိုင်လိုက်ပြီး''ဘုန်း...''

သူ၏လက်ဝါးအလယ်မှ

ကြောက်မက်ဖွယ်ရာ

စွမ်းအင်လှိုင်းလုံးကြီး လွင့်စင်လာကာ

ယုကျင်းစီတိုးဝင်လာသော

စွမ်းအင်များကိုတားဆီးလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက

''ဘာကြောင့်လဲ ယုကလန်က

ကောင်းကင်မျိုးနွယ်ကို

သစ္စာဖောက်နေတာလား''

Translated By NyiNyiSoe

May Be:

..အပိုင်း ၂၃၇၁

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

သက်လတ်ပိုင်းအမျိုးသားက

“ဘာကြောင့်လဲ ယုကလန်က

ကောင်းကင်မျိုးနွယ်ကို

သစ္စာဖောက်နေတာလား...”

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

“သူက ငါ့တူလေးရဲ့အသက်ကို

သေဆုံးခြင်းကမ္ဘာမှာ ကယ်တင်ခဲ့တယ်။

ဒီနေ့သူအကူအညီလိုတဲ့အတွက်

ငါ့ယုကလန်က ကျေးဇူးပြန်ဆပ်ရတယ်။
ဒါသဘာဝပဲ”

“ရယ်စရာကောင်းလိုက်တာ”

သက်လတ်ပိုင်းအမျိုးသားက
အေးစက်စက်ပြောလိုက်သည်“ကျေးဇူး
ပြန်ဆပ်တာလား…။
ကောင်းကင်မြို့တော်မှာ ယန်ယွဲ့
ဘာလုပ်ခဲ့တာလဲ…

မသိဘူးလို့တော့မပြောနဲ့။

မင်းယုကလန်က

ငါ့ကောင်းကင်မျိုးနွယ်ကို

ဆန်ကျင်နေတဲ့သူကို

တကယ်ပဲကူညီခဲ့တယ်။ ဒါဟာ

တကယ့်ကို ခွင့်မလွှတ်နိုင်တဲ့

ရာဇဝတ်မှုတစ်ခုပဲ”

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

စကားစုလုဆဲဆဲပါ။ ဤအချိန်တွင်

သူတို့အရှေ့၌
အနက်ရောင်ဝတ်စုံဝတ်အဘိုးကြီးတစ်ဦး
ရုတ်တရက် ပေါ်လာသည်။

အဘိုးကြီးက
သက်လတ်ပိုင်းအမျိုးသားကို
တစ်ချက်ကြည့်လိုက်ပြီး “ဒီအချိန်ကစလို့
ယုကျင်းဟာ ငါ့ယုကလန်က
ဆက်ခံသူမဟုတ်တော့ဘူး။ သူ့ကို
မင်းလက်ထဲအပ်လိုက်မယ်”

ယုကျင်းက မျက်နှာပျက်သွားသည်။

ဤအချိန်တွင် အဘိုးကြီးက ယုကျင်းကို စိုက်ကြည့်ကာ“မင်းအဖေက ဘိုးဘေးဖြစ်ဖို့ မထိုက်တန်တော့ဘူးလို့ အကြီးအကဲကောင်စီက တစ်ညီတညွတ်တည်း သဘောတူခဲ့ကြတယ်။ သူလည်း တာဝန်ကျေ ရပ်ဆိုင်းခံလိုက်ရပြီ”

ထိုနောက်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားကိုစိုက်ကြည့်ကာ “ငါက အခု ကလန်ရဲ့ ယာယီဘိုးဘေးအဖြစ် တာဝန်ယူထားတယ်။ အခုမင်းကို ယုကလန်ဆီ ပြန်လာဖို့ အမိန့်ပေးတယ်”

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက တစ်ခုခုပြောချင်သော်လည်း ယုကျင်းက

ခေါင်းခါကာ "ဒုတိယဦးလေး

ပြန်သွားတော့။ မင်းမပြန်ရင် ငါ့အဖေက

အခြေအနေပိုဆိုးလိမ့်မယ်"

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ခေါင်းယမ်းပြသည်။

အဘိုးကြီးစိုကကြည့်ရင်း

"နောက်ဆုံးတော့ မင်းတို့တွေအားလုံး

ဒီလိုလုပ်ဖို့

ဆင်ခြေရသွားတာပေါ့"ဟုပြောခဲ့သည်။

အနက်ရောင်ဝတ်ရုံဝတ်အဘိုးကြီးက လျစ်လျူရှုရင်း “မင်းတို့က ညီအစ်ကိုတွေသာ အာဏာဆက်ကိုင်ထားမယ်ဆိုရင် ယုကလန်တစ်ခုလုံးပျက်စီးဖို့က သိပ်မကြာလောက်ဘူး”

ထိုစကားပြောပြီးနောက် သက်လတ်ပိုင်းအမျိုးသားကို

စိုက်ကြည့်ပြီး “ဒီဖြေရှင်းချက်က လုံလောက်ပြီးလား…”

သက်လတ်ပိုင်းအမျိုးသားက ယုကျင်းကို တစ်ချက်ကြည့်လိုက်ပြီး “သူ့ကို ကောင်းကင်မြို့တော်ဆီ လာပို့လိုက်”

စကားပြောပြီးနောက် ကောင်းကင်ယံ၌ ပျောက်ကွယ်သွားသည်။
အနက်ရောင်ဝတ်ရုံဝတ်အဘိုးကြီးက

ယုကျောင်းကို စိုက်ကြည့်ရင်း

“အပြင်လူတစ်ယောက်အတွက်နဲ့

မင်းရဲ့အနာဂတ်ကို ဖျက်ဆီးပစ်လိုက်တာ

ကံကောင်းစွာပဲငါ့ယုကလန်က မင်းကို

ဆက်ခံသူ ဖြစ်ခွင့်မပေးခဲ့ဘူး မဟုတ်ရင်

မင်းဟာ ငါ့ယုကလန်ကို ဖျက်ဆီးဖို့

မကြာဘူး ”

စကားပြောရင်း

သူ၏ညာလက်ကိုဝှေ့ယမ်းလိုက်ရာ

ယုကျင်းနှင့်အတူ နေရာမှာပင်
ပျောက်သွားခဲ့သည်။ ဤအချိန်တွင်
ယန်ယွဲ့သည် ဓားပျံကို စီးနင်းလျက်
တိမ်တိုက်များ အကြားတွင် လျင်မြန်စွာ
ပျံသန်းနေသည်။ ပျံသန်းနေရင်းဖြင့်
သူ၏အသိစိတ်ကို ခန္ဓာကိုယ်ထဲသို့
ပို့လွှတ်လိုက်သည်။
အထဲရောက်သည့်အခါ ဇီအာက
လဲလျောင်းနေသည်ကို မြင်လိုက်ရသည်။

သူမ၏ခန္ဓာကိုယ်လေးက လုံး၀ ကောင်းမွန်နေပုံရသည်။

ဤအချိန်တွင် ကောင်းကင်ငယ် ယန်ယဲ့၏ဘေးနားမှာ ရပ်နေသည်။

ယန်ယဲ့က“သူမဘယ်လိုရှိလဲ...”

ကောင်းကင်ငယ်က ဇီအာကို ခဏကြာကြီးစိုက်ကြည်နေသည်။

ထိုနောက် “ရှောင်ချီကို သူမရဲ့

ခန္ဓာကိုယ်နဲ့ ပေါင်းစပ်ခွင့်ပေးတယ်။ သူ့ရဲ့

ဝိညာဉ်ကိုဖိနှိပ်ထားခဲ့လို့ အသိစိတ်ပါ

အားနည်းသွားတယ်။ သူ့ရဲ့ ခန္ဓာကိုယ်နဲ့

ဝိညာဉ်က နောက်တစ်ကြိမ်

ပေါင်းစပ်ထားပေမဲ့လို့ ယာယီ

ရပ်တန့်နေသလိုပဲ အဓိက

အကြောင်းအရင်းကတော့

ဖိနှိပ်ခံရတဲ့အချိန်မှာ သူ့ရဲ့ မူလဝိညာဉ်က

ပျက်စီးသွားလို့။ ပျက်စီးသွားပြီး ဒါဟာဘာကြောင့်လဲဆိုရင် ရှောင်ချီရဲ့ မူလဝိညာဉ်နဲ့ စာရင်း အားနည်းလို့ဖြစ်ရတာပါ”

ယန်ယွဲ့က “မင်းသူ့ကို ကူညီပေးလို့ရမလား...”

ကောင်းကင်ငယ်က ခေါင်းညိတ်ပြလိုက်သည်။

“သူမဒီနေရာမှာပဲ အနားယူပါစေ။

ဒီနေရာမှာ မူလခရမ်းရောင်စွမ်းအင်နဲ့

ဝိညာဉ်ပြန်လည်းမွေးဖွားခြင်း သစ်ပင်က

သူ့ရဲ့ ဝိညာဉ်ကို

ပြန်လည်မွေးဖွားပေးလိမ့်မယ်” ဒါကြောင့်

ပြဿနာတော့ သိပ်ပြီး ကြီးကြီးမားမား

မဖြစ်သင့်ဘူး။ ဒါပေမဲ့ တစ်ခုခုတော့

လွဲနေသလို ခံစားရတယ်”

ယန်ယဲ့က “မင်းဘာကိုဆိုလိုတာလဲ...”

ကောင်းကင်ငယ်က အနည်းငယ် ခေါင်းခါယမ်းလိုက်သည်။

ထိုနောက် ဇီအာကို ဂရုတစိုက်နဲ့ နောက်တစ်ကြိမ်စစ်ဆေးကြည့်လိုက်သည်။ “တစ်ခုခုတော့လွဲနေပြီးလို့ ခံစားမိပေမဲ့ အဲ့ဒါကို ရှာမတွေ့ဘူး။ ငါ့ကို အချိန်နည်းနည်းလောက်ပေးပါ”

ယန်ယဲ့က ခေါင်းညိတ်သည်။

“ကောင်းပြီ”

ယန်ယဲ့သည် သူ၏လက်ကို ရုတ်တရက် ဆန့်ထုတ်လိုက်ပြီး ဇိအာ၏ပါးပြင်ကို ထိလိုက်သည်။ သူစကားပြောခါနီးတွင် ယန်ယဲ့၏အမူအရာက ရုတ်တရက် ပြောင်းသွားသည်။

မူလစေတီထဲမှထွက်သွားသည်။

အပြင်လောကတွင် ယန်ယဲ့သည်

မျက်လုံးဖွင့်ပြီး လှမ်းကြည့်လိုက်သည်။

ဤအချိန်တွင်

အစွမ်းထက်အရှိန်အဝါတစ်ခုက

သူ့အပေါ်ကို ပိတ်လှောင်ထားသည်။

သေချာသည်မှာ အစွမ်းထက်

ကျင့်ကြံသူတစ်ယောက်က သူ့နောက်ကို

လိုက်လာနေခဲ့သည်။

ကောင်းကင်မျိုးနွယ်မှ ကျင့်ကြံသူ။

ယန်ယဲ့ အချိန်အတော်ကြာ

တိတ်ဆိတ်သွားပြီးမှ သူ၏ ညာလက်ကို

နဖူးပေါ် ဖိကပ်လိုက်သည်။ ထိုနေရာမှ

ဓားတစ်ချောင်း ဖြည်းညင်းစွာ

ထွက်ပေါ်လာသည်။

တရားစီရင်ခြင်း။

ယန်ယဲ့သည် တိမ်တိုက်ပေါ်တွင်

မတ်တတ်ရပ်လျက် တရားစီရင်ခြင်းကို

ဆုပ်ကိုင်ပြီး ရှေ့ကို မျှော်ကြည့်နေသည်။

အချိန်အတော်ကြာပြီးနောက်

ထိုနေရာသည် တုန်လှုပ်သွားပြီး

ယန်ယဲ့၏အမြင်အာရုံထဲတွင်

အလင်းတန်းတစ်ခု ပေါ်လာခဲ့သည်။

အလင်းတန်းက ပိုပိုကြီးမားလာကာ

အရှိန်ကလည်း မြန်ဆန်လာသည်။

ယန်ယဲ့သည် သူ၏မျက်လုံးများကို

ဖြည်းညင်းစွာ မှိတ်လိုက်ပြီး လက်ဝါးကို

ဖြန့်လိုက်သည်။  တရားစီရင်ခြင်းက
သူ၏လက်ဝါးပေါ်တွင် လျင်မြန်စွာ
လည်ပတ်လာကာ အနက်ရောင်
ဓားအလင်းတန်းများ အဆက်မပြတ်
ဖြာထွက်လာသည်။

နောက်တစ်ခါ ယန်ယဲ့က
ရုတ်တရက်  မျက်လုံးဖွင့်လိုက်သည်နှင့်
တရားစီရင်ခြင်း ဖျတ်ခနဲ
ပျောက်ကွယ်သွားသည်။

တစ်ချိန်တည်းမှာပဲ ခါးအူသံတစ်သံ

ပဲ့တင်ထပ်လာသည်။

“ဘုန်း...”

အဝေးမှ ပေါက်ကွဲသံ

ထွက်ပေါ်လာပြီးနောက် စွမ်းအင်များ

ပြန့်ကျဲလာသည်။ အဝေးကနေ

ပျံသန်းလာနေသော

အလင်းတန်းပျောက်ကွယ်သွားပြီး

ယန်ယဲ့ရှေ့တွင်
သက်လတ်ပိုင်းအမျိုးသားတစ်ဦးပေါ်လာ
သည်။ သို့သော်
သက်လတ်ပိုင်းအမျိုးသား၏
ညာဘက်လက်မှာ ပျောက်ကွယ်သွားပြီး
ပခုံးမှသွေးများ စီးကျလာသည်။

ထိုလူက သူ့ပခုံးကို ငုံ့ကြည့်ပြီးနောက်
ယန်ယဲ့ကို မော့ကြည့်လိုက်သည်။
သူစကားပြောရန် ပြင်လိုက်စဉ်

ယန်ယဲ့၏လက်ဝါးပေါ်၌ နောက်ထပ်

ဓားတစ်ချောင်းက အရှိန်ပြင်းပြင်းဖြင့်

လည်ပတ်လာသည်။ ဤမြင်ကွင်းကို

မြင်လိုက်သောအခါ

သက်လတ်ပိုင်းအဘိုးကြီး၏မျက်လုံး

များက ကျဉ်းမြောင်းသွားကာ

သတိအပြည့်ဖြစ်သွားသည်။

ယန်ယဲ့က ထိုလူကို

စူးစူးရဲရဲစိုက်ကြည့်ကာ "သွားတော့"

သူအမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက်
သူ့လက်ဝါးပေါ်မှ ဓားက
အလင်းတန်းတစ်ခုအဖြစ် ပြောင်းကာ
ပျောက်ကွယ်သွားသည်။

မရဏ ဓားချက်။

ဤအခိုက်အတန့်တွင်
သူ၏မရဏဓားချက်က

ယခင်ထက်ပိုကောင်းလာခဲ့သည်။

၎င်းသည် စျာန်သခင်များကိုပင်

ခြိမ်းခြောက်နိုင်စွမ်းရှိသည်ဟု

ဆိုသည်သည်။ အထူးသဖြင့်

ဓားနှင့်လူတစ်သားတည်းပေါင်းစည်းခြ

င်းအဆင့်ကို

အသုံးပြုထားခြင်းကြောင့်ဖြစ်သည်။

တရားစီရင်ခြင်းက

ပညာရှင်အဆင့်လက်နက်ဖြစ်သည်။

အလင်းတန်းများပျောက်ကွယ်သွားသည်

နှင့်တစ်ပြိုင်နက် အဘိုးကြီးက နောက်သို့

ခြေတစ်လှမ်းဆုတ်လိုက်ရာ သူ့ရှေ့တွင်

အပြာရောင်အလင်းတန်းကြီးတစ်ခုပေါ်

လာသည်။ နောက်ဆုံးတွင်

တန်ပြန်တိုက်ခိုက်မည့်အစား

အဘိုးကြီးက သူ့ကိုယ်သူကာကွယ်ဖို့သာ

ရွေးချယ်လိုက်သည်။ သူသည်

အင်အားသုံးပြီး ယန်ယွဲ့၏တိုက်ခိုက်မှုကို

ချေဖျက်လိုက်လျှင် အလွန်

အန္တရာယ်များကြောင်း သိနေခဲ့သည်။

အကြောင်းမှာ ရှုံးနိမ့်သွားပါက

သူ၏အသက်

ဆုံးရှုံးသွားသည်နှင့်အတူတူဖြစ်လို့ပါ။

ထိုကြောင့်အခြေအနေအရ ခုခံဖို့သာ

ဆက်ပြီး ရွေးချယ်လိုက်သည်။

အပြာရောင်အလင်းတန်းကြီးပေါ်လာသ
ည်နှင့်တစ်ပြိုင်နက် ဓားတစ်စင်းက
ထိုးသွင်းလိုက်သည်။

“ခလွပ်…”

အပြာရောင်အလင်းတန်းက
ကွဲအက်သွားကာ တစ်ချိန်တည်းမှာပင်
သက်လတ်ပိုင်းအဘိုးကြီးက မီတာ(၃၀၀)
အကျော်အအကွာအထိ

လွင့်ထွက်သွားခဲ့သည်။ သို့သော်
တိုက်ခိုက်မှုက ရပ်တန့်သွားသည်။
ဤအချိန်တွင် အဝေးမှ ဓားအူသံတစ်သံ
ရုတ်တရက် ထွက်ပေါ်လာပြန်သည်။
သက်လတ်ပိုင်းအဘိုးကြီးက
ထိတ်လန့်သွားသည်။ သူ့ရှေ့ကို
မျှော်ကြည့်လိုက်ရာ ယန်ယွဲ့၏
လက်ဝါးပေါ်၌ ရွှေဓားတစ်ချောင်း
ပေါ်လာသည်ကို တွေ့လိုက်ရသည်။

ရွှေဓားက လျင်မြန်စွာ
လည်ပတ်နေသည်။
သက်လတ်ပိုင်းအဘိုးကြီး၏အမူအရာသ
ည် သိသိသာသာ ပြောင်းလဲသွားပြီး
နောက်ပြန် ဆုတ်ရန် ပြင်လိုက်သည်။
သို့သော် ယန်ယွဲ့၏လက်ဝါးပေါ်မှ
ရွှေဓားက ရုတ်တရက်
ပျောက်ကွယ်သွားသည်။

“ဆူး…”

ရွှေခြားတစ်ချောင်းက

သက်လတ်ပိုင်းအဘိုးကြီး၏အရှေ့မှ

အပြာရောင်အလင်းအလွှာကြီးကို

တည့်တည့် ထိုးသွင်းလိုက်သည်။

နောက်ထပ်ခြားတစ်ချောင်း။

ခြားနှစ်ချောင်းရှိနေပြီ။

အပြာရောင်အလင်းအလွှာကြီးက

ကွဲကြေသွားကာ ခြားနှစ်ချောင်းက

တစ်ဟုန်းထိုး ပစ်လွှတ်လာပြီး

အဘိုးကြီး၏ ရင်ဘက်ကို
ထိုးသွင်းသွားသည်။

ပတ်ဝန်းကျင်သည် တိတ်ဆိတ်သွား၏။

ယန်ယဲ့က
သက်လတ်ပိုင်းအဘိုးကြီး၏အရှေ့တွင်
ပေါ်လာပြီး “ဘာလဲ
ကောင်းကင်မျိုးနွယ်က ငါ့ကို
သွားခွင့်မပြုနိုင်ဘူးလား…”

သက်လတ်ပိုင်းအဘိုးကြီးက

သူ့ရင်ဘက်ထဲ စိုက်ဝင်နေသော

ဓားနှစ်ချောင်းကို

တစ်ချက်ငုံ့ကြည့်လိုက်ပြီး ယန်ယဲ့ကို

မော့ကြည့်ကာ

“မင်းဒီလောက်သန်မာမယ်လို့

မမျှော်လင့်ထားဘူး…။

ငါ့ကောင်းကင်မျိုးနွယ်ရဲ့

လူငယ်မျိုးဆက်တွေအထဲမှာ

မင်းအတွက် ယှဉ်နိုင်မဲ့သူ မရှိမှာ
စိုးရိမ်မိတယ်”

ယန်ယဲ့က ဘာမှပြန်မပြောပေ။
သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ
ဓားနှစ်ချောင်းက သူ့ဆီကို
ပြန်ရောက်သွားသည်။ ထိုနောက်
နောက်ပြန်လှည့်ကာ
ထွက်သွားရန်ပြင်လိုက်သည်။
ဤအချိန်တွင် သူက ကောင်းကင်ကမ္ဘာမှ

အကြီး ထွက်သွားရန်

ရည်ရွယ်ထားသည်။

သူသည်အချိန်မဖြုန်းလိုတော့ပေ။

သို့သော် သက်လတ်ပိုင်းအဘိုးကြီးက

“ယုကျင်းဘာဖြစ်သွားလဲ

မင်းမသိချင်ဘူးလား…” ဟု

မေးလိုက်လေသည်။

ယန်ယွဲ့ကနေရာတွင် ရပ်တန့်လိုက်သည်။

သက်လတ်ပိုင်းအဘိုးကြီးက“ယုကလန်

က သူ့ကို စွန့်ပစ်ပြီး

ကောင်းကင်အင်ပါယာအရှင်ဆီကို

ပို့လိုက်တယ်။

မင်းသာကောင်းကင်ကမ္ဘာက

ထွက်သွားရင် သူသေပြီ”

ယန်ယဲ့သည်

သက်လတ်ပိုင်းအဘိုးကြီးကို

လှည့်ကြည့်လိုက်သည်။ “မင်းက ငါ့ကို တကယ်နေစေချင်တာလား…”

“ဒါအမှန်ပဲ”

သက်လတ်ပိုင်းအဘိုးကြီးက ယန်ယဲ့ကိုကြည့်ကာ “အမှန်တိုင်းပြောရရင် မင်းငါ့ကို ကြောက်ရွံ့စေတယ်။ အခုနေ မင်းထွက်သွားရင် အနာဂတ်မှာ

ငါ့ကောင်းကင်မျိုးနွယ်အတွက်ကြောက်

စရာကောင်းတဲ့ ရန်သူ

ဖြစ်လာမှာသေချာတယ်။

ငါ့ကောင်းကင်မျိုးနွယ်မှာ ဒီလိုမျိုး

အလားအလာရှိတဲ့ ရန်သူမျိုး

မထားနိုင်ဘူး”

“ရန်သူလား…”

ယန်ယဲ့က စိတ်ထဲကနေပင်

လှောင်ပြောင်လိုက်သည်။

translated by NyiNyiSoe

May Be:

..အပိုင်း ၂၃၇၂

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

“ရန်သူလား…”

ယန်ယဲ့က

တဟားဟားရယ်မောလိုက်သည်။

သူ့ညာဘက်လက်ကို

မြှောက်လိုက်သည်။ ခဏအကြာတွင်

အဖြူရောင် နဂါးလက်သည်းကြီးက

သူ၏လက်ကို ဖုံးအုပ်သွားသည်။

ယန်ယဲ့က “ဒါက ဘာလဲဆိုတာ

မင်းသိလား…”

သက်လတ်ပိုင်းအဘိုးကြီးက

နဂါးလက်သည်းကို

တစ်ချက်စိုက်ကြည့်လိုက်သည်။

သူသည် တစ်ခုခုကို

တွေးမိသွားသည့်အလား မျက်လုံးများ

ရုတ်တရက်  ပြူးကျယ်သွားကာ

“ကောင်းကင်တိမ်နဂါး။  အဲ့ဒါက ငါ့ကောင်းကင်မျိုးနွယ်ရဲ့ ကောင်ကင်ဧကရာဇ်အစောင့်အရှောက် ကောင်းကင်တိမ်နဂါးပဲ။ မင်းက ဒါကို ဘာလုပ်နေတာလဲ…မင်း”

သက်လတ်ပိုင်းအဘိုးကြီးက ထိတ်လန့်မှုကြောင့် စကားပြောရတာပင် ခက်သွားခဲ့သည်။

ယန်ယဲ့က ဂရုမစိုက်ဘဲ

ဆက်ပြောလိုက်သည်

“ကောင်းကင်မျိုးနွယ်ရဲ့ ရန်သူလား...။

ငါဟာကောင်းကင်မျိုးနွယ်နဲ့ ရန်သူဖြစ်ဖို့

မရွေးချယ်လဲ့ဘူး။

ငါနဲ့ရန်သူဖြစ်ချင်တာက

ကောင်းကင်မျိုးနွယ်ကိုယ်တိုင်ပဲ”

စကားပြောပြီးနောက် ယန်ယဲ့သည်

နေရာမှာပင် ပျောက်သွားခဲ့သည်။

သူသည် ထွက်ပေါက်ကို မသွားဘဲ
ကောင်းကင်မြို့တော်ဘက်သို့
ဦးလှည့်လိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက ရှေ့ကို
အချိန်အတော်ကြာစိုက်ကြည့်နေပြီး
“ဒါဆို သူက ငါ့ကောင်းကင်မျိုးနွယ်ရဲ့
အုပ်ထိန်းသူပေါ့” ဟု တိုးညင်းစွာ
ရေရွတ်လိုက်သည်။

စကားပြောပြီးနောက်

သူ၏မျက်လုံးထဲတွင် ရှုပ်ထွေးသော

အမူအရာများ

တဖြည်းဖြည်းပေါ်လာသည်။

ဤအချိန်တွင် ယန်ယွဲ့သည်

တိမ်တိုက်များအကြားတွင် လျင်မြန်စွာ

ပျံသန်းနေသည်။

သူသည်ကောင်းကင်ကမ္ဘာကနေ

အသာလေး ထွက်သွားနိုင်သည်။

သူပိုင်ဆိုင်သော နတ်အတောင်များနှင့်

ဆိုပါက ပညာရှင်အတင့်သို့မဟုတ်

အထက်အဆင့် ကျင့်ကြံသူများသာ

ရောက်မလာခဲ့ရင်

ကောင်းကင်မျိုးနွယ်၏

အာဏာပိုင်များအနေဖြင့်ရှာတွေ့နိုင်မည်

မဟုတ်ပေ။

သို့သော် ကောင်းကင်မျိုးနွယ်က

သူ့ကိုခြိမ်းခြောက်ဖို့

သူ၏မိတ်ဆွေများကို

ဖမ်းဆီးထားမည်ဟု မထင်ထားခဲ့ပေ။

၂နာရီခန့်အကြာတွင် ယန်ယဲ့သည်

ကောင်းကင်မျိုးနွယ်သို့

ပြန်ရောက်လာခဲ့၏။ သူသည်

မြို့အပြင်ဘက်တွင် ရပ်ကာ မိြု့ကို

အချိန်အတော်ကြာ စိုက်ကြည့်နေခဲ့သည်။

ထိုနောက်ပြိုးကာ “ငါပြန်လာခဲ့ပြီ”

စကားပြောပြီးသည်နှင့် သူ၏မျက်နှာက

ရက်စက်ကြမ်းကြုတ်မှုများ

ဖုံးလွှမ်းသွားသည်။  ထိုနောက် ညာခြေကို

တစ်ချက်ဆောင့်လိုက်သည်။

ထိုနောက်မြေပြင်သည် တုန်ခါလာပြီး

တစ်မြို့လုံးတုန်လှုပ်သွားခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့သည်

မြို့ရိုးအထက်သို့ ခုန်တက်သွားကာ

"ကောင်းကင်မျိုးနွယ် ငါယန်ယဲ့

ပြန်ရောက်လာပြီး ဒါကို ဘယ်လို
လုပ်ချင်သလဲ…”

ဆန်းကြယ်ချီစွမ်းအင်
အပြည့်ထည့်သွင်းထားသဖြင့်
ယန်ယဲ့၏အသံသည် မိုးခြိမ်းသံကဲ့သို့
မြို့တစ်ခုလုံး ဖုံးလွှမ်းထားသည်။
မြို့ထဲမှလူများက ယန်ယဲ့ကို
မြင်လိုက်သောအခါ သူတို့၏မျက်နှာက

မမြင်နိုင်လောက်အောင်ကို ချက်ချင်းပြောင်းလဲသွားပါတော့သည်။

“ယန်ယဲ့... ဒီယန်ယဲ့ ပြန်လာပြီးလား...” တစ်စုံတစ်ယောက်ကတိုးတိုးလေးပြောလိုက်သည်။

“အဲ့ဒါက ဘာကိုဆိုလိုတာလဲ...။ သူဒီကို ဘာလာလုပ်ပြန်တာလဲ...”

“အခု သူဘာလိုချင်လဲ

ဘယ်သူသိမှာလဲ…”

“ငါတို့ မျိုးနွယ်ရဲ့

လူငယ်မျိုးဆက်တွေကိုထပ်ပြီး စိန်ခေါ်ဖို့

အစီအစဉ်ရှိနေတာလား…။

ဒီလိုသာဆိုရင် ဘယ်သူက သူ့ကို

တိုက်ခိုက်နိုင်မှာလဲ…။ နေပါဦး

လူသားမျိုးနွယ်က ဒီလောက်ကြီးကျယ်

ခမ်းနာတဲ့ ညဏ်ကြီးရှင်မျိုးကို
ဘယ်လိုလုပ် ပိုင်ဆိုင်ခဲ့တာလဲ…”

ဤအချိန်တွင် ယန်ယဲ့အရှေ့၌
အဖြူရောင်
ဝတ်ရုံအဘိုးကြီးတစ်ယောက်
ရုတ်တရက် ပေါ်လာသည်။ ယခင်က
တွေ့ဆုံးဖူးသော အကြီးအကဲ
ကျူးပင်ဖြစ်သည်။

အဘိုးကြီးက ယန်ယဲ့ကို
စိုက်ကြည့်လိုက်ရင်း “သူမဘယ်မှာလဲ...”

ယန်ယဲ့က “မင်းဘာတွေပြောနေလဲ
ငါမသိဘူး...”

အဘိုးကြီးမေးသည့်အကြောင်းကို
သူသဘာဝကျကျသိသည် သို့သော် သူက
အဖြေမပေးနိုင်ပေ။

အဘိုးကြီးက စကားထက်မပြောတော့ဘဲ ယန်ယဲ့ကို အချိန်အတော်ကြာ စိုက်ကြည့်ပြီး“အံ့သြစရာပဲ”

ဤအခိုက်အတန့်တွင် အခြေအနေကို မှန်းဆနိုင်ခဲ့သည်။ ယန်ယဲ့ကို သတ်ဖို့ စေလွှတ်ခဲ့သော ကောင်းကင်မျိုးနွယ်၏ ကျင့်ကြံသူဟာ ပြန်မရောက်လာသဖြင့် သေဆုံးသွားပြီးဖြစ်ကြောင်း သိသာပါသည်။ အဘိုးကြီးက

အလွန်တုန်လှုပ်သွားသလို

ခံစားလိုက်ရသည်။ အကြောင်းမှာ

ထိုလူငယ်က ဈာန်သခင်ကို

အမှန်တကယ် သတ်နိုင်လိမ့်မည်ဟု

မမျှော်လင့်ထားသောကြောင့်ပင်။

အကယ်၍ ယန်ယွဲ့သာ

သူ၏ကိုယ်ပိုင်ခွန်အားဖြင့်

လုပ်ဆောင်ခဲ့သည်ဆိုပါက

အလွန်ကြောက်စာကောင်းသော

စွမ်းရည်ပင်။

“လုံးဝကို ကြောက်စရာကောင်းတဲ့

စွမ်းရည်”

ဤအချိန်တွင် သူတောင်

ကြောက်ရွံ့သွားသလို ခံစားလိုက်ရသည်။

ယန်ယဲ့သည် ပတ်ဝန်းကျင်ရှိ အခြား

လူတိုင်းကို တစ်ချက်စိုက်ကြည့်ကာ

ပြုံးလိုက်ပြီး “ဘာလဲ

ကောင်းကင်မျိုးနွယ်က

အရှုံးကိုလက်မခံနိုင်ဘူးလား…”

တစ်စုံတစ်ယောက်က ရုတ်တရက်

ပြောခဲ့သည်။ “မင်းဘာပြောဖို့

ကြိုးစားနေတာလဲ…”

“ငါဘာပြောဖို့ ကြိုးစားနေတာလဲ...”

ယန်ယဲ့က ပြုံးလိုက်သည်။ “ငါက အေးအေးဆေးဆေးနဲ့ ထွက်သွားတယ် ဒါပေမဲ့ ငါ့မိတ်ဆွေကို ဖမ်းပြီး ဒီနေရာကို ပြန်ရောက်လာအောင် ကောင်းကင်မျိုးနွယ်က ဖိအားပေးဖို့ မမျှော်လင့်ထားဘူး”

စကားပြောနေရင်း သူ၏မျက်လုံးထဲမှ

ရက်စက်ကြမ်းကြုတ်မှုများ

တောက်ပလာကာ “ကဲ ငါပြန်လာပြီ။

လိုချင်ရင် ငါ့ဆီလာ ငါယန်ယဲ့

ဒီမှာရပ်နေတယ်”

လူတိုင်း ထိုစကားကို ကြားသောအခါ

အဖြူရောင်ဝတ်ရုံဝတ်အဘိုးကြီးကို

စိုက်ကြည့်နေသည်။

အဘိုးကြီးက “မင်းဘာတွေပြောနေလဲ
ငါမသိဘူး”

“မင်းမသိဘူးလား...”

ယန်ယဲ့က အဘိုးကြီးထံသို့
လျှောက်သွားပြီး “လှည့်ကွက်တွေနဲ့
ကစားပွဲတွေမကစားနဲ့ မင်းဘာလိုချင်လဲ
ငါ့ကိုပြောပါ”

ဤအချိန်တွင် အဘိုးကြီး၏အကြည့်က

လူသတ်လိုစိတ်များ

ထင်ရှားစွာပေါ်နေသည်။

ဒေါသထွက်နေသည်။

တစ်စုံတစ်ယောက်က

ကောင်းကင်မျိုးနွယ်ကို ထိုကဲ့သို့

တိုက်ရိုက်  မစော်ကားခဲ့ဖူးပေ။

အထူးသဖြင့် မရေမတွက်နိုင်သော

ကောင်းကင်မျိုးနွယ်၏ လူများ
စောင့်ကြည့်နေခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့က
ထပ်ပြောလိုက်သည်။ "မင်းငါ့ကို
မပြန်စေချင်ဘူးမလား...။
အခုပြန်ရောက်လာပြီး ဘာလဲ
တစ်ခုခုပြောမှာမဟုတ်ဘူးလား..."

အဘိုးကြီးက "ယန်ယဲ့ မင်းဟာ ငါ့ကောင်းကင်မျိုးနွယ်တစ်ခုလုံးကို စိန်ခေါ်ဖို့ ကြိုးစားနေတာလား..."

"ကောင်းကင်မျိုးနွယ်တစ်ခုလုံးကို စိန်ခေါ်မှာလား..."

ယန်ယဲ့က ရယ်မောလိုက်သည်။ "ဒီလိုအတွေးမျိုး တစ်ခါမှ မတွေးဖူးပါဘူး။ ကြည့်လိုက်

အခုငါတစ်ယောက်တည်းပဲ ဒါဆို

ကောင်းကင်မျိုးနွယ်ကို

ငါတစ်ယောက်တည်း ဘယ်လို

စိန်ခေါ်ဝံ့မလဲ...။ မင်းတို့ ဒါမှ

စိတ်တိုင်းမကျရင် ငါ့တီကို

တိုက်ရိုက်လာပါလို့ ပြောချင်တယ်။

ငါ့မိတ်ဆွေတွေနဲ့ဘာမှမဆိုင်ဘူး။

ဒါအပြင် ကောင်းကင်မျိုးနွယ်က အရှုံးကို

လက်ခံနိုင်မယ်ထင်တယ် မဟုတ်လား...။

အခြားမျိုးနွယ်တွေသာ ဒီသတင်းကို ကြားရင် မင်းတို့ကောင်းကင်မျိုးနွယ်ရဲ့ မြင့်မြတ်တဲ့ ဂုဏ်သတင်းက အကြီးအကျယ်ထိခိုက်သွားမှာ သေချာတယ်။ ဟုတ်တယ်ဟုတ်”

အဖြူရောင်ဝတ်ရုံအဘိုးကြီး စကားပြောရန်ပြင်လိုက်စဉ်တွင် နံဘေး၌ တော်ဝင်ဝတ်ရုံဝတ်ဆင်ထားသောအမျိုးသားတစ်ယောက် ပေါ်လာသည်။

သက်လတ်ပိုင်းအမျိုးသားကို တွေ့လိုက်သောအခါဟလူတိုင်းထိတ်လန့်သွားပြီး အလျင်အမြန် ဦးညွှတ်လိုက်ကြသည်။

"ကောင်းကင်အင်ပါယာအရှင်ကို နှုတ်ဆက်ပါတယ်"

ကောင်းကင်အင်ပါယာအရှင်။

သက်လတ်ပိုင်းအမျိုးသားက

ကောင်းကင်မျိုးနွယ်၏ခေါင်းဆောင်

ကောင်းကင်အင်ပါယာအရှင်ဖြစ်သည်။

အဖြူရောင်ဝတ်ရုံအဘိုးကြီးက

အနည်းငယ် ဦးညွှတ်ကာ

ကောင်းကင်အင်ပါယာအရှင်၏နောက်သို့

ရောက်သွားခဲ့သည်။

ကောင်းကင်အင်ပါယာအရှင်က

ယန်ယွဲ့ကို စိုက်ကြည့်နေသည်။ သူသည်

ယန်ယဲ့ကို စိုက်ကြည့်ပြီးနောက်

"မင်းတကယ်ကို အံ့သြသွားစေတာပဲ။

သေဆုံးခြင်းကမ္ဘာကို

ထွက်ပြေးသွားပြီးတဲ့နောက်မှာ

မင်းဒီလောက်သန်မာလာဖို့

ငါတောင်မမျှော်လင့်ထားဘူး"

ယန်ယဲ့သည် လျှို့ဝှက်ဆန်းကြယ်သော

ကောင်းကင်အင်ပါယာအရှင်ကို

ရင်တိုင်ရသည့်အတိုင်

ကြောက်ရွံ့မှုတစ်ခုတစ်လေမျှ
ထုတ်ဖော်ခဲ့ခြင်း မရှိခဲ့ပေ။

သူက "တကယ်တော့
ကောင်းကင်မျိုးနွယ်ရဲ့ လုပ်ရပ်ကြောင့်
ငါတော်တော်လေး အံ့သြသွားမိတယ်"

ကောင်းကင်အင်ပါယာအရှင်က
"သူရဲ့မျိုးနွယ်က
ငါ့ကောင်းကင်မျိုးနွယ်ရဲ့

စည်းမျဉ်းတွေကို ချိုးဖောက်တဲ့အတွက်

သူ့ကိုဖမ်းလိုက်တာ မင်းနဲ့မဆိုင်ဘူး။

ဟုတ်ပါတယ် မင်းလည်း

စည်းမျဉ်းတွေကို

ဖောက်ဖျက်နေတာလေ။

ဒါကြောင့်မင်းက ဒါကို အဓိက

တာဝန်ယူရမှာ”

ယန်ယဲ့က အနည်းငယ်ပြုံးပြီး “အဲ့ဒီလို

အပိုစကားတွေ မပြောနဲ့။

ကောင်းကင်အင်ပါယာအရှင် ငါယန်ယဲ့

ဒီကို ရောက်နေပြီး မင်းလိုရင်းကိုပဲ

ပြောလိုက်။ မင်းကိုယ်တိုင်

ငါ့ကိုတိုက်ခိုက်ဖို့ ကြံစည်နေရင်

မင်းလုပ်နိုင်တယ်

ဘယ်လိုပဲဖြစ်ဖြစ် ငါဟာမင်းကို

မယှဉ်နိုင်ဘူး

ဒါဟာနောက်ဆုံးတော့ ကောင်းကင်မျိုးနွ

ယ်ရဲ့ ပိုင်နက်ပဲ”

ကောင်းကင်အင်ပါယာအရှင်က ရှေ့သို့

ခြေတစ်လှမ်းတိုးလိုက်သည်နှင့်

ကြောက်မက်ဖွယ်ရာ ဖိအားလှိုင်းများက

ယန်ယဲ့ပေါ်သို့ ချက်ချင်း

ကျဆင်းသွားသည်။ ယန်ယဲ့သည်

မလှုပ်မယှက်ဖြစ်သွားသော်လည်း

မျက်နှာတွင် တုန်လှုပ်ဟန်မပြပေ။

ကောင်းကင်အင်ပါယာအရှင်က

တိုက်ခိုက်နေတာလား...။

ဤနေရာရှိ လူတိုင်းသည်

ကောင်းကင်အင်ပါယာအရှင်ကို

စိုက်ကြည့်နေကြသည်။

ကောင်းကင်အင်ပါယာအရှင်က

ယန်ယဲ့ကို သတ်လိုက်မည်ဆိုလျှင်

မည်သို့မျှ တားဆီးနိုင်မည်မဟုတ်ပေ။

သို့သော် အနည်းဆုံးတော့

သူ၏လုပ်ရပ်က ကောင်းကင်မျိုးနွယ်၏

ဂုဏ်သိက္ခာကို သေချာပေါက်

ထိခိုက်စေပါလိမ့်မည်။ ယန်ယဲ့က

မည်သူနည်း။

ကောင်းကင်အင်ပါယာအရှင်က

မည်သူနည်း။

ကောင်းကင်အင်ပါယာအရှင်သည် ယန်

ယဲ့ကို သတ်ဖြတ်ခဲ့လျှင် သူသည်

လူငယ်မျိုးဆက်အား အနိုင်ကျင့်သည်နှင့်

အတူတူပင်။ ၎င်းသည်

သူ၏အဆင့်အတန်းအောက်တွင်ရှိနေလို့

ပါ ထိုပြင်

ကောင်းကင်အင်ပါယာအရှင်က  ယန်ယွဲ့

ကို သတ်လိုက်လျှင်ပင်

ကောင်းကင်မျိုးနွယ်၏ ဂုဏ်သတင်းက

ထိပ်တန်းအဆင့်တွင်

ရပ်တည်နိုင်တော့မည်မဟုတ်ပေ။

လူသားအင်ပါယာအရှင်က ယန်ယွဲ့ကို

ကိုယ်တိုင်ဖယ်ရှားဖို့

မကြိုးစားခဲ့သည့်အကြောင်းအရင်းမှာ

ထိုတစ်ချက်ကြောင့်ပင်ဖြစ်သည်။

တစ်စုံတစ်ယောက်ဟာ အခြေအနေအရ

ဆောင်ရွက်ရပါမည်။ ရိုးရိုးရှင်းရှင်း

ပြောရလျှင် ယန်ယွဲ့၏ အဆင့်အတန်းက

ပုဂ္ဂိုလ်ရေးအရ ဆန့်ကျင်ဖို့

မလုံလောက်ပေ။ ဤအချိန်တွင်

ကောင်းကင်အင်ပါယာအရှင်က

ကိုယ်တိုင် တိုက်ခိုက်နေလေသည်။

ကောင်းကင်အင်ပါယာအရှင်က

ရှုတ်တရက်

ရယ်မောရင်း“တွေ့လား…ငါမင်းကို

သတ်ချင်ရင် တကယ်ကို လွယ်တယ်။

မင်းကစားနေတဲ့ ဒီကစားပွဲကို

ငါတကယ်  ဝင်ပြီး မစွက်ဖက်ချင်ပါဘူး။

ဒါပေမဲ့ မင်းက တကယ်ကို

နည်းနည်းလွန်သွားပြီ”

ယန်ယဲ့က

ကောင်းကင်အင်ပါယာအရှင်ကို

တည့်တည့်စိုက်ကြည့်ကာ “ဒါဆို…”

ကောင်းကင်အင်ပါယာအရှင်က “မင်းရဲ့

မိတ်ဆွေကို ကယ်တင်ဖို့

မင်းကိုအခွင့်အရေးပေးဖို့

ငါပြောတဲ့အတိုင်းလုပ်ပါ။ ထိုနောက်

အဝေးဆီသို့ မျှော်ကြည့်ကာ

ဆက်ပြောသည်။ နတ်ဆိုးကမ္ဘာမှာ

ပညာရှင်အဆင့် အပျက်အစီးနယ်မြေ

တစ်ခုပေါ်လာတယ်။ အဲ့ဒီပညာရှင်က

အတိတ်တစ်ချိန်တုန်းက

ငါ့ကောင်းကင်မျိုးနွယ်ရဲ့ကျင့်ကြံသူဖြစ်

တယ်။ နတ်ဆိုးကမ္ဘာမှာ

သူဘယ်လိုသေသွားတယ်ဆိုတာကိုတော့

ငါမသိဘူး။  ဒါပေမဲ့ မင်းက

အဲ့ဒီနေရာကိုသွားပြီး

အကြောင်းအရင်းကို  ရှာဖွေဖို့

မျှော်လင့်ပါတယ်။ ဟုတ်တယ်။

အရေးကြီးဆုံးအချက်ကတော့

သူ့အမွေအနှစ်ကို နတ်ဆိုးမျိုးနွယ်ထဲ

မကျရောက်စေချင်ဘူး”

ယန်ယဲ့က “ဘာလဲ

ကောင်းကင်မျိုးနွယ်က ဘယ်သူမှ

မလုပ်နိုင်ဘူးလား…”

ကျောင်းကင်အင်ပါယာအရှင်က "ဘာလဲ ဒီအခွင့်အရေးကို မလိုချင်ဘူးလား..."

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၃၇၃

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့က

ကောင်းကင်အင်ပါယာအရှင်ကို

မျက်လုံးချင်း တည့်တည့် ကြည့်ကာ

“သူ့ကိုအရင်လွှတ်လိုက်”

ကောင်းကင်အင်ပါယာအရှင်က ခေါင်းကို

အနည်းငယ် ခါယမ်းလိုက်ပြီး

“ငါမလုပ်နိုင်ဘူး။ ဒါပေမဲ့ အမွေအနှစ်ကို

မင်းပြန်ယူလာနိုင်တာနဲ့

လွှတ်ပေးလိုက်မယ်။ စိတ်မပူပါနဲ့

ငါ့အတွက် မင်းကို လှည့်စားစရာ
အကြောင်းမရှိဘူး”

ယန်ယဲ့သည် ငြိမ်သွားသည်။ သူက
အသုံးချခံနေရသည်။ တစ်နည်းအားဖြင့်
ကောင်းကင်အင်ပါယာအရှင်က သူ့ကို
အသုံးချချင်နေသည်မှာ သိသာပါသည်။
သို့သော် ယုကျင်းက
ကောင်းကင်အင်ပါယာအရှင်၏

လက်ထဲတွင် ရှိနေသောကြောင့်

ငြင်းဆန်၍ မရပေ။

တစ်ချိန်တည်းမှာ

ကောင်းကင်အင်ပါယာအရှင်က "မင်းကို

နောက်ဆုံးတစ်ကြိမ် ထပ်ပေးမယ်

မသွားဘူးလား။ မင်းငြင်းရင် စိတ်မပူပါနဲ့

ငါမင်းကို သတ်မှာမဟုတ်ဘူး

မင်းဆက်ပြီး စိန်ခေါ်ချင်ရင် ဆက်သွားပါ

ငါ့ကောင်းကင်မျိုးနွယ်မှာ ပါရမီရှင်တွေ

အများကြီးပဲ တော်တော်များများက

မင်းကို နေ့တိုင်း တိုက်ခိုက်လိမ့်မယ်။

နှစ်တစ်ရာလောက်ကြာအောင်နေရင်

တောင် ပြဿနာမဟုတ်ဘူး”

ယန်ယဲ့က “ဟုတ်တယ် ငါသွားလိုက်မယ်။

ငါက ဘာလို့ မလုပ်ရမှာလဲ…”

ကောင်းကင်အင်ပါယာအရှင်က

ယန်ယဲ့ကို အချိန်အတော်ကြာ

စိုက်ကြည့်ပြီးနောက် အလင်းတန်းတစ်ခု
လင်းလက်လာပြီး ထိုနောက် ယန်ယဲ့၏
နဖူးထဲသို့ ဝင်ရောက်သွားသည်

သူက “ဒါက တည်နေရာပဲ။
သတင်းကောင်းကို စောင့်မျှော်နေမယ်”

ယန်ယဲ့က ဘာမှပြန်မပြောဘဲ
ထွက်သွားသည်။

အဖြူရောင်ဝတ်ရုံအဘိုးကြီးက “အရှင်

ငါကတော့ သူ့ကို တစ်ခါတည်း

ဖယ်ရှားပစ်ဖို့ အကြံပေးချင်တယ်။

သူ့အရည်အချင်းက

တကယ်ထိတ်လန့်စရာကောင်းစလို

သူ့ခွန်အားကလည်း

အရမ်းကြောက်စရာကောင်းတယ်။

အရမ်းကြောက်စရာကောင်းလို့ ကြိုပြီး

ဖယ်ရှားသင့်တယ် မထင်ဘူးလား...”

ကောင်းကင်အင်ပါယာအရှင်က “ဒါက တကယ်ထိပ်လန့်စရာကောင်းတယ်။ လူသားမျိုးနွယ်မှာ ပါရမီရှင်တွေတစ်ယောက်ပြီး တစ်ယောက်ပေါ်လာတာက တော်တော် အံ့သြစရာပဲ။ ကံကောင်းစွာနဲ့ သူနဲ့ လူသားအင်ပါယာအရှင်က မပြေနိုင်တဲ့ ရန်ငြိုးတွေရှိနေတယ်”

အဖြူရောင်ဝတ်ရုံအဘိုးကြီးက

“ဒါကြောင့် မင်းသူ့ကို

မသတ်တာလား…”ဟုမေးလိုက်သည်။

ကောင်းကင်အင်ပါယာအရှင်ကပြုံးပြီး

“ငါဘာလို့ လုပ်ရမှာလဲ…။ သူသေသွားရင်

ဖြစ်လာမဲ့ ပြဿနာတွေက ဘယ်တော့မှ

ပြီးဆုံးမှာ မဟုတ်ဘူး။ ဒါပြင် သူ့ကို

သတ်ချင်နေတာ

ငါတို့တစ်ယောက်တည်းတော့မဟုတ်ဘူး

။ ဒီလိုဆိုတော့ အခြားသူတွေကို ဘာလို့ သတ်ခွင့် မပေးလိုက်တာလဲ...။ ငါတို့က သူနဲ့ လူသားအင်ပါယာအရှင်တို့ အချင်းချင်းတိုက်ခိုက်စေပြီး နှစ်ယောက်စလုံး သေသွားရင် ပိုမကောင်းဘူးလား...”

အဘိုးကြီးက အနည်းငယ် ခေါင်းညိတ်လိုက်သည်။ “နားလည်ပြီ”

ကောင်းကင်အင်ပါယာအရှင် အဝေးကို
မျှော်ကြည့်လိုက်သည်။ ယန်ယဲ့
ထွက်ခွာသွားသည့်
လမ်းကြောင်းအတိုင်းဖြစ်သည်။

အချိန်အတော်ကြာအောင်
တိတ်ဆိတ်သွားပြီးနောက်
သူ၏အကြည့်များက
တဖြည်းဖြည်းအေးစက်လာကာ
"ကောင်းကင်အစောင့်တပ်သားတွေ

ဒီလောကမှာ သန်မာတဲ့သူနဲ့ အမြဲ

တွေ့ဆုံရတာကို

နားလည်သင့်တယ်မလား...”

အဘိုးကြီးက ခါးသက်သက်ရယ်မောပြီး

“သူတို့က ငါတို့ သူ့ကို

တိုက်ခိုက်ခွင့်ပေးလို့

စိတ်ပျက်လက်ပျက်ဖြစ်နေတယ်”

“သူ့ကိုတိုက်ခိုက်မှာလား...”

ကောင်းကင်အင်ပါယာအရှင်က

အေးစက်စက် ပြောလိုက်သည်။

“သူတို့က တိုက်ခိုက်ဖို့ပဲ

တောင်းဆိုနေတာလား...။

သာမန်စျာန်သခင်တွေတောင် အခုလက်ရှိ

သူ့ကို ဘာမှမလုပ်နိုင်တော့ဘူး”

အဘိုးကြီးက ခေါင်းညိတ်သည်။ သူက

တကယ့်ကို ညဏ်ကြီးရှင်ပါ”

ကောင်းကင်အင်ပါယာအရှင်က

အေးစက်စက် ရယ်မောလိုက်သည်။

“ဒါပေမဲ့ လူသားအင်ပါယာအရှင်က

သေချာပေါက် ခေါင်းကိုက်မှာ သူတို့က

အခုဆို မပြေနိုင်တဲ့ ရန်သူတွေဖြစ်နေပြီး။

အဓိပတိဓားက သူ့လက်ထဲမှာ ရှိနေတယ်

ဒါကြောင့် သူတို့ကြားမှာ ပြန်ပြီး

သင့်မြတ်ဖို့ဆိုတာ

မဖြစ်နိုင်ဘူး။ လူသားအင်ပါယာအရှင်

ကလည်း ပြေလည်ဖို့

ကြိုးစားမှာမဟုတ်ဘူး”

အဘိုးကြီးက “ယုကျင်းက ဘယ်လိုလဲ…”

ကောင်းကင်အင်ပါယာအရှင်က

သူ၏မျက်လုံးများကို ဖြည်းညင်းစွာ

မှိတ်လိုက်ပြီး “သူ့ကို

အခုလောလောဆယ်

အသက်ရှင်ခွင့်ပေးထားလိုက်ပါ”

ယန်ယဲ့ထွက်သွားသောကြောင့်

ကောင်းကင်မြို့တော်သည်

တဖန်ပြန်လည်ငြိမ်သက်သွားသည်။

သို့သော်လူတိုင်းက သူ့ကို

တွေးနေကြသည်။ သို့မဟုတ်

ကောင်းကင်မျိုးနွယ်တစ်ခုလုံးက

ကောင်းကင်ကမ္ဘာသို့တစ်ယောက်တည်း

ရောက်လာပြီး

လူငယ်မျိုးဆက်သစ်များကို

စိန်ခေါ်ခဲ့သော လူသားတစ်ယောက်အား

သတိရနေသည်ဟု ပြောသင့်သည်။

ထိုပြင် ကောင်းကင်မျိုးနွယ်သည်

တစ်ခုတည်းသော မျိုးနွယ်မဟုတ်ပေ။

အခြားမျိုးနွယ်ခြားများ အားလုံးလည်း

ယန်ယွဲ့လုပ်ဆောင်ခဲ့သမျှကို

သိရှိခဲ့ကြသဖြင့်

ယန်ယွဲ့ဟူသောအမည်သည်

လောကသုံးပါးတစ်ခုလုံးကို
ပျံ့နှံ့သွားခဲ့သည်။

လောကသုံးပါးတွင် နောက်ထပ်
ထူးခြားသောညဏ်ကြီးရှင်
တစ်ယောက်ရှိခဲ့သည်။ သူ၏နာမည်က
ယန်ယဲ့ဟူ၍ပင်။ ထိုပြင် အချို့က
ကောင်းကင်ကမ္ဘာရှိ ယန်ယဲ့၏
လုပ်ဆောင်ချက်များ ခွန်အားနှင့်
ပတ်သက်၍ ကောလဟာလများပင်

ဖြန့်ကြက်ကြသည်။ ဤသို့ဖြင့်

ယန်ယွဲ့သည် လောကသုံးပါး၏

လူငယ်မျိုးဆက်၌

နံပါတ်(၁)ညာဏ်ကြီးရှင်အဖြစ်

ထင်မြင်လာကြသည်။

ဤအခိုက်အတန့်တွင် ယန်ယွဲ့သည်

ဓားပျံကို စီးနင်းလျက် ပျံသန်းနေခဲ့သည်။

နတ်ဆိုးကမ္ဘာ။

သူသည် ယုကျင်းအတွက်ကြောင့်

နတ်ဆိုးကမ္ဘာသို့ သွားနေခဲ့သည်။

ဤတစ်ကြိမ်တွင် ယန်ယဲ့သည်

ကောင်းကင်ဂိတ်တံခါးမှ

ပေါ်တင်ထွက်သွားသည်။ ထိုနေရာရှိ

အစောင့်များက သူ့ကို လုံးဝ

မတားခဲ့ကြပေ။

ရှင်းရှင်းပြောရလျှင်  အစောင့်များက

ယန်ယဲ့ကို ကောင်းကောင်းကြီး

မှတ်မိနေသည်။

အစောင့်တစ်ယောက်က

သက်ပြင်းတစ်ချက်ချရင်း “ဒီလူက

နောက်ဆုံးတော့ ထွက်သွားပြီ”

အစောင့်တစ်ယောက်က သူ့လက်ထဲက

ပုံတူကားချပ်ကို

တစ်ချက်ငုံ့ကြည့်လိုက်ပြီး

“ကံကောင်းတာက

အထက်အာဏာပိုင်တွေက ငါတို့ကို

သူ့ကိုမတားဖို့ ပြောခဲ့တယ်။ မဟုတ်ရင်

ငါတို့ တကယ် ဒုက္ခရောက်လိမ့်မယ်။

ဒီအလုပ်ကို လုပ်ရတာ

အရမ်းကြောက်စရာကောင်းတယ်။

လူသာမှားတားလိုက်ရင်ချက်ချင်းအသ

တ်ခံရမှာ စိုးရိမ်နေရတယ်”

ယန်ယဲ့သည် ကောင်းကင်ကမ္ဘာမှ
ထွက်လာပြီးနောက် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး ထွက်သွားရန်
ပြင်လိုက်သည်။ သို့သော်
သူ၏အမူအရာက ရုတ်တရက်
ပြောင်းလဲသွားသည်။

ဓားတစ်ချောင်းက သူ့နဖူးကို
ထိုးသွင်းလာသည်။

တစ်ချိန်တည်းမှာပဲ "လောကသုံးပါးရဲ့

နံပါတ်(၁) ညာဏ်ကြီးရှင်လား...။

နံပါတ်(၁) ဓားကျင့်ကြံသူလား...။ ဒီလိုဆို

မင်းက အားနည်းလိုက်တာ"

ခဏအကြာတွင် လူငယ်တစ်ယောက်က

ယန်ယွဲ့ရှေ့မှာ ရပ်နေသည်ကို

တွေ့လိုက်ရသည်။ သူသည်

အသက်(၂၀)ကျော်အရွယ်သာ

ရှိသေးပုံရ၏။ ဟန်ရိုးရာဝတ်စုံကို

ဝတ်ဆင်ထားကာ ဆံပင်များကို
စည်းနှောင်လျက် ခေါင်းနောက်ဖက်
ချထားသည်။ ထိုပြင်
သူ၏နဖူးအလယ်၌ အနီရောင်
တလျှပ်လျှပ် တောက်ပနေသော
အမှတ်အသားတစ်ခု ရှိနေသည်။
အနီရောင်ကြောပန်း ပုံသဏ္ဍာန်ဖြစ်ကာ
အလွန်လှပသော်လည်း အလွန်
လျှို့ဝှက်ဆန်းကြယ်သည်။

ထိုပြင်သူ၏လက်ထဲ၌ အစိမ်းရောင်

ဓားတစ်ချောင်းကိုင်ဆောင်ထားသည်။

ဓားအဖျားက မြွေတစ်ကောင်၏

လျှာနှင့်တူကာ ယန်ယဲ့၏နဖူးကို

ဖိထားသည်။ ယန်ယဲ့ကို စိုက်ကြည့်နေစဉ်

လူငယ်၏မျက်နှာက အေးစက်စက်

အပြုံးတစ်ခုရှိနေသည်။ သို့သော်

ယန်ယဲ့၏အရေပြားအောက်တွင်

ရွှေရောင်အလင်းတောက်ပနေသည်ကို သတိမပြုမိခဲ့ပါ။

လူငယ်က စကားဆက်ပြောရန် ပြင်လိုက်စဉ် ယန်ယဲ့က ဓားကို ဆတ်ခနဲ ဆွဲထုတ်ပြီး မီတာ (၃၀၀)အကွာသို့ ပြန်ဆုတ်သွားခဲ့သည်။ ထိုလူက သူ့ဓားကိုဝှေ့ယမ်းလိုက်ရာ အလင်းတန်းများ မှိန်ဖျော့ဖျော့လင်းလက်သွားသည်။

ထိုနောက်သူ၏နှုတ်ခမ်းထောင့်မှ အပြုံးတစ်ခုပေါ်လာကာ “အပြင်လောက ကိုရောက်တာနဲ့ မင်းနာမည်ကို ငါကြားလိုက်တယ် မင်းဟာ လောကသုံးပါးရဲ့ နံပါတ်(၁)ညဏ်ကြီးရှင် မင်းဟာ လောကသုံးပါးရဲ့ နံပါတ် (၁) ဓားကျင့်ကြံသူ ဖြစ်တယ်လို့လည်း ပြောကြတယ်။ အခုတော့ မင်းရဲ့ နာမည်

ဂုဏ်သတင်းက လုံးဝ

မထိုက်တန်ဘူးနဲ့တူတယ်”

ထိုလူငယ်က ရယ်မောရင်း “မင်းကို

အံ့အားသင့်သွားစေတယ်လို့

ပြောမယ်ဆိုတာငါသိတယ်။ ကောင်းပြီ

မင်းကို

နောက်ထပ်အခွင့်အရေးပေးမယ်။ ဆက်

သွားပါ အရင်ဆုံး လှုပ်ရှားလိုက်

လောကသုံးပါးရဲ့နံပါတ်(၁)

ဓားကျင့်ကြံသူက

ဘယ်လောက်သန်မာလဲ ကြည့်ပါရစေ”

ယန်ယွဲ့က ရှုတ်တရက် မေလိုက်သည်။

“မင်းခေါင်းထဲမှာ

တစ်ခုခုများမှားနေသလား...”

ထိုလူငယ်က အနည်းငယ်

ထိတ်လန့်သွားသည်။

ထိုနောက် သူ၏အပြုံးက တဖြည်းဖြည်း အေးခဲလာကာ “အခုမင်းကို ဒီလိုအခွင့်အရေး ပေးခဲ့မိတာ ငါနောင်တရတယ်”

သူ၏လက်ကောက်ဝတ်ကို ရုတ်တရက် ခါလိုက်သည်နှင့် ဓားစွမ်းအင်က ယန်ယဲ့ရှေ့သို့ ရုတ်တရက် ရောက်လာသည်။ သို့သော် ယန်ယဲ့က

သူ့လက်ချောင်းကို ပွတ်ဆွဲလိုက်ရုံဖြင့်

ဓားစွမ်းအင်က ပျောက်ကွယ်သွားသည်။

“ဟန်”

လူငယ်လေး၏ မျက်လုံးထဲမှ

အံ့အားသင့်စရာပေါ်လာပြီး“စိတ်ဝင်စားစ

ရာပဲ”

စကားပြောပြီးသည်နှင့်

သူ၏အစိမ်းရောင် ဓားကို မြှောက်ကာ

အဝေးမှယန်ယွဲ့ဆီသို့

လှမ်းထိုးလိုက်သည်။ ယန်ယွဲ့ရှေ့ရှိ

အာကာသ ပြင်က ကွဲထွက်သွားသည်။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့၏

အနီးတစ်ဝိုက်ရှိ မီတာ

ရာချီသော  အာကာသပြင်သည်

အက်ကွဲသွားသည်။

ဓားစွမ်းအင်ဖြင့် ဖြိုခွဲခံလိုက်ရသည်။

ဓားတစ်ချက်တည်းသာ

တိုက်ခိုက်လိုက်ခြင်းဖြစ်သော်လည်း

အလွန်ကို ကြောက်စရာကောင်းလှသည်။

သို့သော်လည်း နေရာတွင်ရပ်မနေကာ

လုံးဝထိခိုက်ပုံ မရသောကြောင့်

မျက်မှောင်ကြုတ်သွားသည်။

သူသည်ယန်ယဲ့ကို အချိန်အတော်ကြာ

စိုက်ကြည့်ကာ “တကယ်စိတ်ဝင်စားဖို့

ကောင်းတယ်”ဟု ဆက်ပြောသည်။

ယန်ယဲ့က ရုတ်တရက်

ပြောလိုက်သည်။ “မင်းမသေခင်

တစ်ခုခုမေးပါရစေ။

မင်းကိုဘယ်သူပို့လိုက်တာလဲ...”

လူငယ်က ရယ်မောရင်း “ဘာလို့လဲ မင်းကြောက်လို့လား...”

ယန်ယဲ့က ခေါင်းခါပြီး“ပေါင်းပင် မြက်ပင်တွေကိုအမြစ်ကနေ ဆွဲနှုတ်ချင်နေတာ”

လူငယ်က “ဟား...ဟား...ဟား...အို ယန်ယဲ့ ယန်ယဲ့ မင်းကတော်တော်ကို မောက်မာတာပဲ။ ပေါင်းပင်

မြက်ပင်တွေကို အမြစ်ကနေ

ဆွဲထုတ်မှာလား...ဘယ်လောက်ရယ်စရာ

ကောင်းလိုက်သလဲ။ ငါဘယ်သူလဲဆိုတာ

မင်းသိလား...”

စကားပြောပြီးသည်နှင့် သူ၏ ဘယ်ဘက်

ရင်ဘက်ကို ညွှန်ပြလိုက်ရာ ကွင်းစ

ကွင်းပိတ်ကူပဟော ရွှေရောင်

အက္ခရာလေးတစ်ပေါ်လာသည်။

လူငယ်က “ကဲ့ ငါဘယ်သူလဲဆိုတာ မင်းသိပြီးလာ...” ပေါင်ပင် မြက်ပင်တွေကို အမြစ်ကနေ ဆွဲနှုတ်ချင်သေးတာလား...။ ရယ်စရာလို့ မထင်ဘူးလား...”

လက်နက်လမ်းစဉ်။

ယန်ယွဲ့သည် ထိုလူငယ်က လက်နက်လမ်းစဉ်မှ ဖြစ်မည်ဟု

မမျှော်လင့်ထားခဲ့ပေ။

“လက်နက်လမ်းစဉ်က ငါ့ကို

အာရုံစိုက်လာပြီးထင်တယ်”

“သတ်ဖြတ်ခြင်းလမ်းကြောင်း၏

တံဆိပ်ပြားသခင်အသစ်”

လူငယ်က တဟားဟားရယ်ပြီး

“မင်းကတော်တော် အားနည်းတယ်။ ဒါဆို

ငါ့လက်ထဲကို

လက်နက်တံဆိပ်လွှဲပေးလိုက်။

ဒီလိုလုပ်လိုက်ခြင်းအားဖြင့် နောက်ထပ်

နှစ်နည်းနည်းလောက်

အသက်ရှင်နေနိုင်တယ်မဟုတ်လား…”

ယန်ယဲ့က စကားတစ်ခွန်းမှမပြောပေ။

သူ၏ ညာဘက်လက်ဝါးကို

ဖြည်းညင်းစွာ

မြှောက်လိုက်ပြီးနောက်  ဖြန့်လိုက်သည်။

ထိုခဏလေးမှာပဲ  ဓားတစ်ချောင်းက

သူ့လက်ဝါးပေါ်တွင် ပေါ်လာပြီး စတင်

လှည့်ပတ်လာသည်။

ဓားလှည့်ပတ်လာသည်နှင့်

သူ၏ပတ်ပတ်လည်တွင် စူးရှသော

ဓားအငွေ့အသက်များ

ပေါ်လာသည်။ ဤအခိုက်အတန့်တွင်

လူငယ်၏မျက်နှာက

တဖြည်းဖြည်း အေးစက်လာသည်။

ဤအချိန်တွင် ယန်ယဲ့၏ လက်ဝါးပေါ်ရှိ

လှည့်ပတ်နေသော ဓားက ရုတ်တရက်

ပျောက်ကွယ်သွားသည်။

ထိုနောက်

ဓားအူသံတစ်သံပဲ့တင်ထပ်လာပြီး

လူငယ်က တုံ့ပြန်ချိန်ပင်

မရလိုက်ဘဲ (၁၀)

ကီလိုမီတာအထိလွင့်ထွက်သွားသည်။

လူငယ်က သူ၏လက်ထဲမှ

အစိမ်းရောင် ဓားကို ငုံ့ကြည့်လိုက်ရာ

ထက်ပိုင်းပြတ်နေခဲ့သည်။

သူ၏လက်ကလည်း ကွဲထွက်နေသည်။

အဝေးကို မျှော်ကြည့်လိုက်ရာ

ယန်ယဲ့၏လက်ဝါးပေါ်တွင် နောက်ထပ်

ဓားတစ်ချောင်းပေါ်လာသည်ကို

တွေ့လိုက်ရသည်။ ဓားက

အလင်းတန်းများနှင့်အတူ

တဖျတ်ဖျတ်လက်နေကာ အဆက်မပြတ်

လျင်မြန်စွာ လှည့်ပတ်နေသည်။

လူငယ်လေး၏ မျက်လုံးထဲ၌

လေးနက်မှုများပေါ်လာကာ

မျက်နှာပျက်သွားသည်။

အချိန်သိပ်မကြာလိုက်ဘဲ

သူ၏ခန္ဓာကိုယ်ထဲမှ

အစိမ်းရောင်ချီစွမ်းအင်များ

ပေါ်လာသည်။ ထို့နောက်

သူ၏ပတ်ပတ်လည်တွင်

အစိမ်းရောင်ကြာပန်း ပုံသဏ္ဍာန်

ဓားစွမ်းအင်များ ထွက်ပေါ်လာသည်။

ယန်ယဲ့က "ဓားကြာပန်း"

လူငယ်က မျက်မှောင်ကြုတ်ကာ

"ဒီနည်းစနစ်ကို သိနေတာလား..."

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၃၇၄

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့က သူ့မျက်နှာပေါ်တွင်

ထူးဆန်းသော အမူအရာရှိနေခဲ့သည်။

ခဏအကြာတွင် သူ၏လက်ထဲမှ ဓားက

ပျောက်ကွယ်သွားပြီးနောက်

လူငယ်လေး၏ ပတ်ပတ်လည်ရှိ

ဓားကြာပန်းများ

တစ်ချိန်တည်းမှာပင် ရှေ့သို့ ချက်ချင်း

ပစ်ခတ်သွားလေသည်။ ထိုခဏလေးမှာပဲ

မရေမတွက်နိုင်သော ဓားကြာပန်းများက

ယန်ယွဲ့ကို ဖုံးလွှမ်းထားသည်။

လူငယ်က ယန်ယွဲ့၏ တိုက်ခိုက်မှုကို

ရှောင်တိမ်းနိုင်လိုက်သည်။ သို့သော်

သူသည် သူ့ကိုယ်သူ ကာကွယ်ရန်

မရွေးချယ်ခဲ့ပေ။

အပြန်အလှန်ဒဏ်ရာရဖို့သာ

ရွေးချယ်လိုက်သည်။ သို့သော်

ခဏအကြာတွင် သူသည် အလွန်

တုန်လှုပ်ခြောက်ခြားသွားခဲ့သည်။

ယန်ယွဲ့၏ဓားက ရုတ်တရက်

ရွေ့လျားလာပြီး

ဓားတစ်ချက်လှုပ်လိုက်တိုင်း

ဓားကြာပန်းများ ပျက်စီးသွားသည်။

အချိန်အနည်းငယ် အတွင်းမှာပဲ

ဓားကြာပန်းများ

ပျောက်ကွယ်သွားခဲ့သည်။

"မဖြစ်နိုင်ဘူး"

လူငယ်က ယန်ယဲ့ကို မယုံကြည်နိုင်စွာ

စိုက်ကြည့်နေသည်။ အကြောင်းမှာ

ဓားကြာပန်းမှာ

သူ၏အစွမ်းထက်ဆုံးနည်းစနစ်ထဲမှ

တစ်ခုဖြစ်သောကြောင့်ပင်။ သို့သော်

သာမန်စားချက်ဖြင့်

ဖျက်ဆီးခံလိုက်ရသည်။

စားကြာပန်း (ကြာပန်းစား)။

ယန်ယဲ့က

တဟားဟားရယ်မောလိုက်သည်။

သူသည်

ထိုစားနည်းစနစ်ကိုအရင်ကတည်းက

လေ့လာထားဖူးသည်။ ထိုကြောင့်

ဓားကြာပန်းနည်းစနစ်၏ စွမ်းအားနှင့်

ချို့ယွင်းချက်အားလုံးကို သိထားသည်။

လူငယ်က

သူ့အားတိုက်ခိုက်လိုက်ချိန်တွင်

သူ့စိတ်ထဲ၌ ကျိတ်ပြီး

ရယ်မောလိုက်သည်။

“ဒီနည်းစနစ်ကို မင်းဘယ်လိုသိတာလဲ...”

လူငယ်က ယန်ယဲ့ကို စိုက်ကြည့်ပြီး

“ဒါအပြင် မင်းဟာ နည်းစနစ်ရဲ့

အားနည်းချက်ကိုတောင်သိတယ်”

ယန်ယဲ့က ပုခုံးတွန့်လိုက်သည်။

ထိုစကားကြားသောအခါ လူငယ်သည်

ဒေါသထွက်သွားသည်။ သို့သော်လည်း

ယန်ယဲ့သည်  ရုတ်တရက်

ပျောက်သွားပြီးနောက်

ဓားစွမ်းအင်များက လူငယ်ကို
ဖုံးလွှမ်းသွားသည်။

အနီးကပ်တိုက်ခိုက်ခြင်း။

ယန်ယွဲ့သည် လူငယ်ကို
အနီးကပ်တိုက်ခိုက်လိုက်သည်နှင့်
တစ်ပြိုင်နက်
ပြန်ပြီးတိုက်ခိုက်နိုင်စွမ်းမရှိတော့ပေ။

လုံးလုံးလျားလျား ဖိနှိပ်ခံလိုက်ရသည်။
အသက်ရှူ (၁၀) ရှိုက်စာခန့်အကြာတွင်

“အုန်း…”

ပေါက်ကွဲသံကြီးထွက်ပေါ်လာပြီးနောက်
လူငယ်က လွင့်ထွက်သွားသည်။
နောက်ဆုံးတွင် သူ့ကိုယ်သူ မရပ်တန့်ခင်
(၃) ကီလိုမီတာကျော်အထိ
လွင့်ထွက်သွသည်။

ဤအချိန်မှာပဲ ယန်ယွဲ့သည်

လူငယ်လေးရှေ့တွေ့ရောက်နေခဲ့သည်။

ထိုနောက် ယန်ယွဲ့က ဓားကိုမြှောက်ကာ

ခုတ်ချလိုက်သည်။

“ဘုန်း…”

လူငယ်က

နောက်တစ်ကြိမ်လွင့်ထွက်သွားကာ

ပါးစပ်မှ သွေးများ အဆက်မပြတ်
အန်ထွက်လာခဲ့သည်။ ယန်ယဲ့က
နောက်တစ်ကြိမ် တိုက်ခိုက်ရန်
ပြင်လိုက်ပြီးနောက်  ရုတ်တရက်
ကောင်းကင်ကို မော့ကြည့်လိုက်သည်။

ခဏမျှငြိမ်သက်သွားပြီးနောက်
ဓားကိုပြန်ရုတ်ပြီး လူငယ်လေးဆီသို့
လှမ်းကြည့်ကာ "မင်း
ဘယ်လမ်းကြောင်းကလာလဲ

ငါ့ဂရုမစိုက်ဘူး။ ဒါပေမဲ့ မင်းနဲ့ကစားဖို့
အချိန်မရှိဘူးဆိုတာ သတိရပါ။
ဒါကြောင့် ဆက်မနေနဲ့တော့ ငါ့ကို
ထပ်ပြီးမရှာနဲ့တော့ မဟုတ်ရင် မင်းကို
သတ်ပစ်မယ်”

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့သည်
အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ
ကောင်းကင်ထက်သို့
ပျောက်ကွယ်သွားသည်။ သို့သော်

ကောင်းကင်ယံအထက်မှ

အလင်းတန်းတစ်ခု။ ရုတ်တရက်

ကြွေဆင်းလာသည်။ ၎င်း၏ပစ်မှတ်က

လူငယ်မဟုတ်ပေ။ ၎င်းက

အစောပိုင်းက  မီတာ

(၃၀)အကွာတွင်ရပ်နေသော ယန်ယွဲ့၏

နောက်ဖက်မှ နေရာပင်။

“အုန်း…”

ထိုနေရာသည် ပေါက်ကွဲထွက်လာသည်။

သို့သော်

သက်လတ်ပိုင်းအမျိုးသား၏လက်ဝါးက

ဖုံးလွှမ်းထားသည်။

လူငယ်က ကမန်းကတန်း

လျှောက်သွားပြီး "အကြီးအကဲယွမ်"

သက်လတ်ပိုင်းအမျိုးသားက

သူ့လက်ဝါးပေါ်မှ ဒဏ်ရာကို

တစ်ချက်ကြည့်လိုက်ပြီး “ခဏနေ့းနေရင် ငါသေလိမ့်မယ်“

လူငယ်က တိတ်ဆိတ်သွားသည်။
သူတို့က အမှန်ပင် ရှုံးနိမ့်ခဲ့သည်။

သက်လတ်ပိုင်းအမျိုးသားက
ကောင်းကင်ကိုမော့ကြည့်လိုက်သည်။
အဝေးဆီသို့ လွင့်မျောသွားသော
အလင်းတန်းတစ်ခုကို သူမြင်နေရဆဲ

ဖြစ်သည်။ မြင်နိုင်သောကြောင့်
လိုက်ပါသွားနိုင်ပေသည်။  သို့သော်
သူတို့က မလုပ်ရဲပေ။

"သတ်ဖြတ်ခြင်းလမ်းကြောင်းနဲ့
ငါတို့လမ်းကြောင်းက
ခိုင်မာတဲ့ဆက်ဆံရေးမရှိပေမဲ့။
ရန်ငြိုးရန်စလည်းမရှိဘူး။ ဒါကြောင့်
ဒီကိုလာပြီး သူ့ကိုရှာနေတာက

ငါတို့လမ်းကြောင်းကို

ပြဿနာရှာနေတာနဲ့မတူဘူးလား…”

လူငယ်က ခေါင်းငုံ့ပြီး“ငါမှားသွားပြီ”

သက်လတ်ပိုင်းအမျိုးသားက

“သတ်ဖြတ်ခြင်းလမ်းကြောင်းက

ပျက်စီးသွားတယ် ဒါပေမဲ့ သူတို့ရဲ့

သိုင်းပညာဦးရီးတော်က

အသက်ရှင်နေသေးတယ်ဆိုတာ မမေ့ပါနဲ့

တကယ်လို့

သူသာလောကသုံးပါးအပြင်ဘက်က

ကြယ်တာရာတိုက်ပွဲကွင်းပြင်ကိုမသွားရ

င် ရှေ့ဖြစ်ဟော လမ်းကြောင်းက

သတ်ဖြတ်ခြင်းလမ်းကြောင်းကို

ချေမှုန်းဖို့ မဖြစ်နိုင်ဘူး။ ဒါ့အပြင်

တကယ်လို့ ငါတို့ဘိုးဘေးပြန်လာပြီး

မတားခဲ့ရင်

ရှေးဖြစ်ဟောလမ်းကြောင်းက

တစ်ယောက်မှ

အသက်ရှင်ကျန်မှာတောင်မဟုတ်ဘူး”

သက်လတ်ပိုင်းအဘိုးအိုက

ခေါင်းယမ်းလိုက်ပြီး “ဒါပေမဲ့

သိုင်းပညာဦးရီးတော်က သတ်ဖြတ်ခြင်း

လမ်းကြောင်းကို ပြန်ပြီးတည်ဆောက်ဖို့

ရည်ရွယ်ထားတယ်။ ငါတို့ဘိုးဘေးက

ဒါကို ရှင်းရှင်းလင်းလင်းသိထားတော့

သူ့ကို သဘောတူညီချက်နဲ့

ခွင့်ပြုပေးထားတယ်။ နောက်ဆုံးတော့ ငါတို့ဘိုးဘေးက လက်နက်လမ်းစဉ်ကနေ သတ်ဖြတ်ခြင်းလမ်းကြောင်းကိုအပြီးတိုင် ဖယ်ရှားတာမဟုတ်ဘူး။ ဟုတ်တယ်။

ငါတို့ဘိုးဘေးက

ဒီလိုသာလုပ်လိုက်ရင်
သတ်ဖြတ်ခြင်းလမ်းကြောင်းရဲ့

ဦးရှီးတော်က သိသိသာသာ

ရှုံးသွပ်သွားလိမ့်မယ်”

လူငယ်က“ဘိုးဘေးက သူ့ကို

မထိန်းနိုင်ဘူးလား…”

“ဟုတ်တယ်”

သက်လတ်ပိုင်းအမျိုးသားက

ဆက်ပြောသည်။ “ဒါပေမဲ့

ငါတို့ဘိုးဘေးက သူ့ကို

အမြဲတမ်းစောင့်မနေနိုင်ဘူးလေ။

ငါတို့ဘိုးဘေးတွေအပြင်

လက်နက်လမ်းစဉ်က အခြားဘယ်သူမှ

သူ့ကိုအနိုင်မယူနိုင်ဘူး။ အခုတော့သူက

ဆက်ခံမဲ့သူကို ရွေးချယ်ခဲ့တယ်။

ဒါအပြင်သူက

သေဆုံးခြင်းကမ္ဘာမှာတောင်လုပ်ခဲ့တယ်။

သေချာတာကတော့ သူက

သတ်ဖြတ်ခြင်းလမ်းကြောင်းကို ပြန်ပြီး

တည်ဆောက်ဖို့ စီစဉ်နေပြီး။

ငါတို့ဘိုးဘေးတွေက ဒါနဲ့ပတ်သက်ပြီး

ဘာမှမလုပ်သေးတော့ သူတို့အကြားမှာ

သဘောတူညီချက်တချို့တော့

ရှိထားမှာပဲ ဒါကြောင့် ဒါဟာ

သတ်ဖြတ်ခြင်းလမ်းကြောင်းနဲ့

ရှေးဖြစ်ဟောလမ်းကြောင်းတို့ကြထဲက

ပဋ္ဌိပက္ခ ရန်ငြိုးတွေပဲ။ အဲ့ဒါကို

ငါတို့ပါဝင်လို့မရဘူး”

လူငယ်က တိုးတိုးလေးပြောလိုက်သည်

“သတ်ဖြတ်ခြင်းလမ်းကြောင်းရဲ့

တံဆိပ်ပြားသခင်အသစ်က

လူငယ်တစ်ယောက် ဒါအပြင်

ဓားကျင့်ကြံသူဆိုတာ ငါကြားမိတယ်။

ဒါကြောင့်ငါလာဖို့ ဆုံးဖြတ်လိုက်တာပဲ”

သက်လတ်ပိုင်းအမျိုးသားက ပြုံးပြီး "ကဲ အခု မင်းက သူ့ရဲ့ခွန်အားကို မြင်လိုက်ပြီးလား..."

လူငယ်က ခေါင်းညိတ်ပြီး "သူကအရမ်းသန်မာတယ်"

သက်လတ်ပိုင်းအဘိုးကြီးက ပြုံးပြီး "မသေဘဲပြန်လာနိုင်တဲ့လူက အားနည်းတဲ့သူဖြစ်နိုင်မလား...။ မင်းက

သေဆုံးခြင်းကမ္ဘာကို

အထင်အမြင်သေးတယ်လို့ ငါထင်တယ်။

အပြင်ကမ္ဘာက

ညဏ်ကြီးရှင်တွေသွားလည်နေတဲ့နေရာ

လို့ ထင်နေတာလား။ ဒီအပြင်လောကက

ပါရမီရှင်တွေကို

သူတို့ကယှဉ်လို့မရဘူးဟုတ်တယ်မလား.

..”

လူငယ်က တိတ်ဆိတ်သွားသည်။

သက်လတ်ပိုင်းအဘိုးကြီးက

သက်ပြင်းချပြီး “ကလေး ငါ့အသိအရ

ယန်ယွဲ့အပြင် မင်းကို

အသာလေးအနိုင်ယူနိုင်တဲ့

အခြားအဆင့်တူလူငယ်မျိုးဆက်

(၁၀)ယောက်ထပ်မနည်းရှိသေးတယ်။

သူတို့ထဲက တစ်ယောက်ချင်းစီတိုင်းက

မင်းကို

အသာလေးရိုက်နှက်သွားနိုင်တယ်။

လမ်းကြောင်းလေးခုက သူတို့ကို

ရွေးချယ်ထားပြီ။ ဒါအပြင်

တိတ်တဆိတ်စောင့်ကြည့်နေတယ်ဆို

တော့  ငါပြောတာကို သံသယမဝင်နဲ့

ငါတို့က သူတို့ကို စောင့်ကြည့်ဖို့

စီစဉ်နေတာ သူတို့အပြင်

ငါတို့အာရုံစိုက်မှုကို

တဖြည်းဖြည်းရလာတဲ့လူတွေလည်း

ရှိသေးတယ်။ သူတို့ထဲက

တစ်ယောက်ချင်းစီတိုင်းက

ထူးထူးခြားခြား

ညဏ်ကြီးရှင်တွေချည်းပဲ”

“ဒါဆိုယန်ယဲ့က ဘယ်လိုလဲ...”

လူငယ်က “သူတို့နဲ့ ယှဉ်ရင်

ဘယ်လိုနေလဲ...”

သက်လတ်ပိုင်းအမျိုးသားက

သူ့လက်ဝါးကို စိုက်ကြည့်ရင်း

အချိန်အတော်ကြာ

ငြိမ်သက်သွားပြီးနောက်“သူက

ထိပ်တန်းငါးယောက်ထဲမှာ အဆင့်

သတ်မှတ်ခံရနိုင်တယ်” ဟုပြန်ဖြေသည်။

“ထိပ်တန်းအဆင့် (၅)”

ယန်ယဲ့သည် ကောင်းကင်ကမ္ဘာမှ

ထွက်လာသည်နှင့် နတ်ဆိုးကမ္ဘာဆီသို့

တည့်တည့် ဦးတည့်လိုက်သည်။

လက်နက်လမ်းကြောင်းမှ

တစ်စုံတစ်ယောက် ရောက်လာမည်ကို

ထပ်ပြီး ဂရုမစိုက်တော့ပေ။

အနာဂတ်တွင် သူနှင့်

လက်နက်လမ်းစဉ်အကြားမှ

ပြဿနာများကို

ဖြေရှင်းမည်ဟုတ်သော်လည်း

ယခုတော့မဟုတ်သေးပေ။

သို့သော် ဤအဖြစ်အပျက်က

လက်နက်လမ်းစဉ်က သူ့အား

အာရုံစိုက်လာသည်ကို သဘောပေါက်

သွားစေခဲ့သည်။ မည်သို့ပင်ဖြစ်စေ

သတိထားခြင်းသည် အကောင်းဆုံးပင်။

တစ်ရက်ခန့်အကြာတွင်

ယန်ယဲ့သည် လွှသ်ပြင်ငယ်တစ်ခုဆီသို့

ရောက်ရှိလာသည်။ သို့သော်

လွင်ပြင်ကျယ် တစ်လျှောက်

မြက်ပြင်များ ညှိုးနွမ်းကာ

ဆိတ်သုဉ်းနေသော

မြင်ကွင်းတစ်ခုသာလျှင်

သူ့အမြင်အာရုံကို

ပြည့်နေခဲ့သည်။ အချိန်သိပ်မကြာလိုက်

ဘဲ သူ့အရှိန်ကို လျှော့ကာ ရပ်တန့်လိုက်သည်။ သူ့အရှေ့တွင် ခြောက်ကပ်နေသော ရေတွင်းပျက်တစ်ခုရှိနေသည်။ သို့သော် ရေတွင်းပျက်က အလွန်ကြီးမားကာ မီတာ (၃၀၀)ကျော်ကျယ်သည်။

နတ်ဆိုးကမ္ဘာ။

၎င်းသည် နတ်ဆိုးကမ္ဘာသို့

ဝင်ရောက်သည့်

ဂိတ်တံခါး(လမ်းကြောင်း)တစ်ခုပင်ဖြစ်

သည်။

ယန်ယွဲ့သည် ရေတွင်းကို

လှမ်းကြည့်လိုက်သည်။

အောက်ခြေအနက်မသိနိုင်ပေ။ သို့သော်

သူသည် တုံ့ဆိုင်းမနေဘဲ

ခုန်ချလိုက်သည်။ ယန်ယွဲ့၏ပုံရိပ်က

ရေတွင်းပျက်အောက်ခြေသို့

တဖြည်းဖြည်း ကျဆင်းသွားသည်။

ဤအခိုက်အတန့်တွင်

သူ၏ပတ်ပတ်လည်၌

အလင်းရောင်ဖျော့ဖျော့

တဖြည်းဖြည်းပေါ်လာသည်။ အဆိုပါ

ရေတွင်းက အာကာသလမ်းကြောင်း

(အာကာသလှောက်လမ်း) ဖြစ်နေလို့ပါ။

ခဏအကြာတွင် ယန်ယဲ့သည်

မူးဝေသွားသော်လည်း

သိပ်မကြာလိုက်ပေ။

ပျောက်ကွယ်သွားသည်။ ယန်ယဲ့သည်

မျက်လုံးဖွင့်လိုက်သည်နှင့်

အဆုံးအစမဲ့သော တောင်တန်းကြီးများ

သူ့အမြင်အာရုံအပြည့်ဖြစ်နေသည်ကို

မြင်လိုက်သည်။ ထိုပြင်

သူ၏ခြေထောက်အောက်၌

ပေါ်တယ်စနစ်လည်း ရှိနေခဲ့သည်။

နတ်ဆိုးကမ္ဘာ။

ဤအချိန်တွင် သူ့အနားမှ အသံတစ်သံ

ရုတ်တရက် ထွက်ပေါ်လာသည်။

"ကိုယ်နာမည်ကို မိတ်ဆက်ပါ"

ယန်ယဲ့သည် လှည့်ကြည့်လိုက်ရာ

အနက်ရောင်ချပ်ဝတ်တန်ဆာ

ဝတ်ဆင်ထားသည့်

သက်လတ်ပိုင်းအမျိုးသားတစ်ဦးကို

တွေ့လိုက်ရသည်။

ယန်ယဲ့က "ဘာဖြစ်လို့လဲ"

သက်လတ်ပိုင်းအမျိုးသားက

"နတ်ဆိုးကမ္ဘာထဲကိုဝင်တဲ့အပြင်လူတွေ

က အင်မော်တယ်သလင်းကျောက်

(၁၀၀)ပေးရမယ်”

“အင်မော်တယ်သလင်းကျောက် (၁၀၀)”

ယန်ယွဲ့သည်

သက်လတ်ပိုင်းအမျိုးသားကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

သိုလှောင်လက်စွပ်တစ်ကွင်းကို

ထိုလူဆီသို့ ပစ်ပေးလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက

သိုလှောင်လက်စွပ်ကို

တစ်ချက်ကြည့်လိုက်ပြီး "သွားလို့ရပါပြီ"

ယန်ယဲ့က "ငါ့ကို

တစ်ခုခုပြောနိုင်မလား…။

မကြာသေးခင်တုန်းက ဒီကိုလာတဲ့လူတွေ

အများကြီးရှိလား…"

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး "ဟုတ်တယ် မင်းလည်း ဒီနေရာက ပညာရှင်အပျက်အစီးနယ်မြေအတွက် ရောက်လာတာဖြစ်နိုင်တယ်။ ဟုတ်တယ်မလား..."

သက်လတ်ပိုင်းအမျိုးသားက စကားပြောရအဆင်ပြေသည်။ သူ၏သဘောထားက

ဖော်ရွေလွန်းလှသည်။ အကြောင်းမှာ

ဤနေရာသို့ ရောက်လာသူတိုင်းက

အားနည်းသူများ မဟုတ်ကြောင်း

ကောင်းကောင်းသိနေသောကြောင့်ပါ။

ထိုပြင် သူ့ရှေ့ရှိ လူငယ်က

နားမလည်နိုင်သလို ခံစားရသည်။

ယန်ယွဲ့သည်

အင်မော်တယ်သလင်းကျောက်များ

ပေးဆောင်ဖို့ ငြင်းဆိုလျှင်ပင်

သူ့အနေဖြင့်

ဘာမှလုပ်နိုင်မည်မဟုတ်ပေ။

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်။

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၃၇၅

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက “

တော်တော်များများက မကြာသေးခင်က

ဒီကိုရောက်လာတယ်။

မျိုးနွယ်ခြားအသီးသီးက

ညာဏ်ကြီးရှင်တွေချည်းပဲ။ ဒါပေမဲ့

ကောင်းကင်မျိုးနွယ်ကလူတွေ

ရောက်လာတာတော့ မမြင်ဖူးဘူး။ သူတို့ ဒီမှာရှိနေတာတော့ သေချာတယ်။ ဒါပေမဲ့ သူတို့ကပုန်းအောင်နေတာ ဖြစ်နိုင်တယ်”

ယန်ယဲ့က သက်လတ်ပိုင်းအမျိုးသားအားစိုက်ကြည့်ကာ “ကောင်းကင်မျိုးနွယ်လား…”

သက်လတ်ပိုင်းအမျိုးသားက ခေါင်းညိတ်ပြသည်။

“ကောင်းကင်မျိုးနွယ်က

ငါ့နတ်ဆိုးမျိုးနွယ်နဲ့

သေခြင်းရှင်ခြင်းရန်သူတွေဆိုတော့

သူတို့ဒီကို ပေါ်တင်မလာရဲကြတာ

သဘာဝပဲ။ ဒါပေမဲ့ ပညာရှင်အဆင့်

ပျက်စီးနယ်မြေက ကောင်းကင်မျိုးနွယ်နဲ့

သက်ဆိုင်နေတာဆိုတော့ သူတို့က ဒါကို

ရယူဖို့

သေချာပေါက်အရှုံးပေးမှာမဟုတ်ဘူးလို့

ငါထင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ

ငါနတ်ဆိုးမျိုးနွယ်ရဲ့

ညာဏ်ကြီးရှင်တွေက

ကြိုပြီးပြင်ဆင်ထားတယ်။ ဒါ့ကြောင့်

ကောင်းကင်မျိုးနွယ်ရဲ့ ညာဏ်ကြီးရှင်တွေ

ရောက်လာရင်တောင် သေချာပေါက်

ဒုက္ခရောက်လိမ့်မယ်”

ယန်ယဲ့က သက်လတ်ပိုင်းအမျိုးသားကို

စိုက်ကြည့်ကာ ပြုံးပြီး “ငါက

ကောင်းကင်မျိုးနွယ်မဟုတ်ဘူး။

ငါကလူသားမျိုးနွယ်ပဲ ”

ထို့နောက် နေရာမှာပင်

ပျောက်သွားသည်။

သက်လတ်ပိုင်းအမျိုးသားက

သိသိသာသာပြေလျော့သွားပြီး

သူ၏လက်သီးများကို

ဖြေလျော့လိုက်သည်။ သူ့လက်ထဲတွင်

အဆောင်တစ်ခုရှိနေသည်။ သူ၏ အဓိက တာဝန်မှာ ကောင်းကင်မျိုးနွယ်မှ ဉာဏ်ကြီးရှင်များကို စောင့်ဆိုင်းပြီး ရောက်ရှိလာပါက သတင်းပို့ရန်ဖြစ်သည်။

ယန်ယွဲ့သည်တောင်တစ်ခုတွင်ရပ်ကာ အဝေးဆီသို့လှမ်းမျှော်ကြည့်လိုက်သည်။ သူ၏အမြင်အာရုံတဆုံး မြင်မားသော

တောင်တန်းများသာ လွှမ်းခြုံနေသည်။

အဆုံးမသတ်နိုင်တော့သလိုပေ။

ယန်ယဲ့သည် သူ၏မျက်လုံးများကို

အနည်းငယ် မှိတ်ထားကာ

ခဏအကြာတွင် ပြန်ဖွင့်လိုက်ပြီး

“မိုးကုပ်စက်ဝိုင်းတောင်တန်း”

ဟုပြောလိုက်သည်။

မိုးကုပ်စက်ဝိုင်းတောင်တန်းသည်

ပညာရှင်အဆင့်

အပျက်အစီးနယ်မြေထွက်ပေါ်လာသော

နေရာဖြစ်သည်။ ယန်ယွဲ့သည် ခဏမျှ

ငြိမ်သက်သွားပြီးနောက် ညာခြေကို

တစ်ချက်ပုတ်လိုက်သည်။

သူ၏ခြေထောက်အောက်၌

ဓားတစ်ချောင်းပေါ်လာပြီးနောက်

အလင်းတန်းတစ်ခုအဖြစ်ပြောင်းကာ

ကောင်းကင်အထက်သို့

ပျံတတ်သွားသည်။ ယန်ယဲ့သည်

တိမ်တိုက်များအကြားတွင် ပျံသန်းနေပြီး

မျက်လုံးများကိုမှိတ်ထားသည်။

ထို့နောက် သူ၏အသိစိတ်ကို

ခန္ဓာကိုယ်ထဲသို့ ပို့လွှတ်လိုက်သည်။

ယန်ယဲ့သည်

နတ်ယင်မီးတောက်ရှိရာသို့သွားသည်။

"အကြီးအကဲ မင်းက

လက်နက်လမ်းစဉ်ရဲ့

ရှေးဖြစ်ဟောလမ်းကြောင်းနဲ့ပတ်သတ်

လို့ တစ်ခုခုများသိသလား”

ဟုမေးလိုက်သည်။

နတ်ယင်မီးတောက်က ခဏမျှ

တိတ်ဆိတ်သွားပြီး “ကလေး

လက်နက်လမ်းစဉ်ရဲ့

ရှေးဖစ်ဟောလမ်းကြောင်းကို

စိတ်ပူနေမဲ့အစား တာအိုလမ်းစဉ်ကိုပဲ

စိတ်ပူနေသင့်တယ် တာအိုလမ်းစဉ်မှာ

လမ်းကြောင်းအများကြီးမရှိဘူး။

လမ်းကြောင်းသုံးအိုပဲရှိတယ်။

လမ်းကြောင်းသုံးအိုက

အချင်းချင်းတိုက်ခိုက်နေကြတယ်။

ဒါဟာ လက်နက်လမ်းစဉ်ထက်တောင်

ပိုပြီး အန္တရာယ်ရှိနိုင်တယ်”

ယန်ယွဲ့က ခါးသက်သက်

ရယ်မောလိုက်သည်။ “ငါ့မှာ

လက်နက်လမ်းစဉ်နဲ့
တာအိုလမ်းစဉ်ရှိတယ်
တော်တော်ကောင်းတာဘဲ”

မင်းဒီလို ရေဝဲနှစ်ခုထဲကို ကျသွားတော့
အကျိုးကျေးဇူးတွေက
တော်တော်များတယ်မဟုတ်လား…”

နတ်ယင်မီးတောက်က ဆက်ပြောသည်။

“လက်နက်လမ်းစဉ်ကို

လျစ်လျူရှုထားလိုက်ရအောင်

တာအိုလမ်းစဉ်က မင်းကို မူလစေတီနဲ့

ငါ့သခင်ရဲ့အသိအမှတ်ပြုခံရတယ်။

ဒီအရာတွေက မင်းအတွက် ကြီးမားတဲ့

ကံကြမ္မာကောင်းတွေပဲ…။ ဟုတ်တယ်

တစ်ချိန်ထဲမှာပဲ အဲ့ဒါတွေက မင်းဟာ

အရာအများစုကို လွဲပြီး

ပခုံးပေါ်ထမ်းပိုးရမယ်လို့ ဆိုလိုတယ်။

ဒါပေမဲ့

သူတို့အမြဲတမ်းပြောနေတဲ့အတိုင်း

ဒီလောကမှာ ဘယ်အရာမှ

အလကားမရဘူး တစ်ခုခုလိုချင်ရင်

တစ်ခုခုတော့ နာကျင်ရတယ်

ပြန်ပြီးပေးဆပ်ရလိမ့်မယ်”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

“ငါနားလည်ပါတယ်

ငါ့ရဲ့အနာဂတ်လမ်းက

ဒုက္ခတွေနဲ့ပြည့်နေသလို ခံစားရတယ်”

နတ်ယင်မီးတောက်က “

ဒုက္ခကိုကြောက်နေတာလား”

ဟုမေးလိုက်သည်။

ယန်ယဲ့က ပြုံးပြီး “ဟုတ်တယ်

အမှန်တိုင်းပြောရင်

ငါလည်းကြောက်တာပေါ့”

နတ်ယင်မီးတောက်က “ဒါဆို

ပိုသန့်မာလာအောင်ကြိုးစား

မင်းကလုံလုံလောက်လောက်သန့်မာနေ

သရွေ့ သဘာဝအတိုင်း

ပြဿနာရှိမှာမဟုတ်ဘူး”

ယန်ယဲ့က

ခေါင်းကိုအနည်းငယ်ခါယမ်းလိုက်သည်။

“ဒါဟာ ငါအရင်တုန်းကထင်ခဲ့တာ

ဒါပေမဲ့ ငါက အခုပိုသန်မာလာလေလေ
ဒုက္ခတွေပိုပြီးရင်ဆိုင်ရလေလေဆိုတာ
သိလိုက်ရတယ်”

သူသည် ဆန်းကြယ်တိုက်ကြီးကနေ
ကျင့်ကြံခြင်းလမ်းစဉ်
စပြီးလျှောက်လမ်းကထဲက
တစ်လျှောက်လုံး မရေမတွက်နိုင်အောင်
သန်မာလာခဲ့သည်။
သို့သော် သူရင်ဆိုင်လာရသည့်ပြသနာ

များက ပျောက်ကွယ်မသွားဘဲ
ပို၍ပင်များပြားလာကာ
ကြီးမားလာခဲ့သည်။

ယန်ယဲ့သည် သူ၏အတွေးများကို
ထိန်းထားသည်။“မှန်တယ် ငါအသိအရ
ငါ့နောက်မှာ
မကောင်းဆိုးဝါးရတနာတစ်ခုရှိတယ်
မင်းဒါကို မြင်နိုင်မလား…”

နတ်ယင်မီးတောက်က

“ငါမလုပ်နိုင်ဘူး…”ဟု ပြန်ပြောသည်။

ယန်ယဲ့က အံ့ဩသွားသည်။

“ဘာလို့လဲ…”

နတ်ယင်မီးတောက်က “အဲ့ဒါက ငါ့ထက်အများကြီးအဆင့်ပိုမြင့်တယ်”ဟု ပြန်ဖြေသည်။

ယန်ယဲ့က အံ့အားသင့်သွားကာ

စကားမပြောနိုင်တော့ပေ။

နတ်ယင်မီးတောက်က “လောကသုံးပါးရဲ့

အနှစ်သာရနဲ့ ဆက်စပ်နေတယ်။

ဒီစကြဝဠာရဲ့ မူလစကြဝဠာဝိညာဉ်နဲ့အတူ

မွေးဖွားလာတယ်။  ဒါဟာ ပညာရှင်က

သူမကို ဖိနှိပ်ထားပေမဲ့

မသတ်ခဲ့တဲ့အကြောင်းအရင်းပဲ။

အဲ့ဒီပညာရှင်က သူမကို မသတ်နိုင်သလို

လုပ်နိုင်ရင်တောင် သတ်ရဲမှာမဟုတ်ဘူး။

လောကသုံးပါးရဲ့ တစ်စိတ်တစ်ပိုင်းကို

ဖျက်စီးလိုက်ရင်

မရေမတွက်နိုင်တဲ့လူတွေရဲ့ ဒေါသကို

ရင်ဆိုင်ရမှာပဲ”

ယန်ယဲ့က လေးနက်စွာပြောလိုက်သည်။

“သူက ငါ့ကိုဘာလို့ရွေးချယ်တာလဲ…”

နတ်ယင်မီးတောက်က “သူက

မင်းရှိနေတာကို

သဘောမကျတာဖြစ်နိုင်တယ်”

ယန်ယဲ့၏မျက်နှာက

မည်းမှောင်သွားသည်။

နတ်ယင်မီးတောက်က

ရုတ်တရက်ပြောခဲ့သည်။ “တကယ်တော့

မင်းပျော်နေသင့်တယ်

သူမလိုချိုးရတနာတွေက

အရမ်းဂုဏ်ယူတယ်။ သူမက

သာမာန်လူတွေကိုတောင်

အာရုံစိုက်တာမဟုတ်ဘူး။ ဒီတော့

အခုမင်းကိုသဘောကျနေပြီဆိုတော့

ဒါဟာ မင်းမှာအရမ်းထူးချွန်တဲ့

အလားအလာကောင်းတွေရှိတယ်ဆိုတာ

ကိုယ်စားပြုတယ် ဘာကြောင့်လဲဆိုတော့

သူမက လူအများစုကို

တစ်ချက်ကလေးတောင်

လှည့်မကြည့်တတ်လို့”

ယန်ယဲ့က ခါးသက်သက်ရယ်မောရင်း

“ငါမေးပါဦးမယ် မင်းကိုသတ်ချင်နေတဲ့

သူတစ်ယောက်က မင်းနောက်ကို

နောက်ကနေ တစ်ကောက်ကောက်

လိုက်နေပေမဲ့ အဲ့ဒီလူကို မမြင်ရတဲ့အခါ

မင်းပျော်နေမလား…။ ဒါဆို

တစ်ခုခုပြောလိုက် အခုချက်ချင်း ငါ့ကိုဘာလို့မတိုက်ခိုက်တာလဲ…”

“ဒါက မူလစေတီကြောင့်ပဲ ”

နတ်ယင်မီးတောက်ကဆက်ပြောလိုက်သည်။ “မင်းဆီမှာ မူလစေတီရှိနေတုန်း အထဲကိုဝင်မလာရဲဘူး။ ဟုတ်တယ် အဲ့ဒါအတွက် ချွင်းချက်တစ်ခုရှိတယ် ဥပမာအနေနဲ့ မင်းက

အပြင်းအထန်ဒဏ်ရာရပြီး

သတိလစ်နေရင် အဲ့ဒီချိန်မှာ သူမက

အရာအားလုံးကို စွန့်စားပြီး

ကြိုးစားနိုင်တယ်။ မင်းကို သူမရဲ့

သခင်ဖြစ်အောင်အသိအမှတ်ပြုခိုင်းတာ

အောင်မြင်သွားတာနဲ့ မူလစေတီတောင်မှ

ဘာမှတတ်နိုင်မှာမဟုတ်ဘူး”

ယန်ယဲ့က

အနည်းငယ်မျက်မှောင်ကြုတ်သွားပြီး

“ငါ့ကို
သူ့သခင်အဖြစ်အသိအမှတ်ပြုစေချင်တ
ယ်။ သူဘာ့ကြောင့်မလုပ်နိုင်တာလဲ
ငါနားမလည်ဘူး”

“ဝါးမျိုတာ”

နတ်ယင်မီးတောက်က “သူမက
မင်းမှာရှိတဲ့ အရာအားလုံးကို
ဝါးမျိုနိုင်တယ် မင်းရဲ့ ကံကြမ္မာက

ကံကြွေးတွေ အတိုချုံးပြောရရင် သူမက

အရာခပ်သိမ်းကို ဝါးမျိုနိုင်တယ်။

ဟုတ်တယ်  နောက်တစ်ခုရှိကောင်းရှိနိုင်

ပေမဲ့ ဘာ့ကြောင့်လဲဆိုတော့

ငါလည်းမသိဘူး

မင်းမှာအခွင့်အရေးရှိရင်

သူမကိုမေးလို့ရတယ်”

ယန်ယဲ့က နတ်ယင်မီးတောက်ကို စိုက်ကြည့်ကာ "ဘာလို့ ဒီလိုသောက်စကားများနေတာလဲ..."

"ငါလား..."

နတ်ယင်မီးတောက်က "လုပ်မှာမဟုတ်ဘူး။ တိုတိုပြောရရင် မင်းကံကောင်းပါစေ"

ယန်ယဲ့က ခေါင်းယမ်းပြီး

တိတ်တဆိတ်လဲလျောင်းနေသော

ဇိအာထံ လျှောက်သွားလိုက်သည်။

ကောင်းကင်ငယ်က

သူမအနားတွင်ရှိနေသည်။

ယန်ယဲ့က “သူမသတိပြန်ရဖို့အတွက်

ဘယ်လောက်ကြာမလဲ…”ဟုမေးလိုက်သ

ည်။

ကောင်းကင်ငယ်က

တိတ်ဆိတ်နေခဲ့သည်။

ယန်ယဲ့က သူမကို စိုက်ကြည့်ရင်း

“ဘာဖြစ်လို့လဲ...”

ကောင်းကင်ငယ်က

ခေါင်းကိုအနည်းငယ်ခါယမ်းလိုက်သည်

“သူမက မူလစိတ်ဝိဉာဉ်နည်းနည်းလေး

ထိခိုက်တယ်လို့ ထင်ခဲ့ပေမဲ့။ အခုတော့

ငါထင်ထားတာထက်ပိုဆိုးနေတယ်။

ဒါပေမဲ့ အကြောင်းအရင်းကို တိတိကျကျ

မဆုံးဖြတ်ရသေးဘူး”

ယန်ယဲ့၏ ချက်ချင်းအေးစက်သွားသည်။

“ ကောင်းကင်အင်ပါယာရှင်က

သူမကိုတစ်ခုခုလုပ်ခဲ့သလား…”

ကောင်းကင်ငယ်က "ဒါတော့

ငါလည်းမသိဘူး။ ငါ့ကို

လဝက်လောက်အချိန်ပေးပါ တကယ်လို့

သူမနိုးမလာသေးရင်

ကောင်းကင်အင်ပါယာအရှင်က

သေချာပေါက် တစ်ခုခုလုပ်လိုက်တာလို့

သက်သေပြလိုက်တာ"

ယန်ယဲ့က သူ၏မျက်လုံးကို

ဖြည်းညင်းစွာမှိတ်လိုက်ပြီး"တကယ်လို့

သူသာ တကယ်လုပ်ခဲ့တာမှန်ရင်
ငါကကောင်းကင်အင်ပါယာအရှင်ကို
သေွးနဲ့ဆေးကြောခိုင်းမယ်”

ဇိအာက
သူ၏ပြောင်းပြန်ကြေးခွံဖြစ်သည်။
သူမကိုမည်သူမျှထိခွင့်မပေးနိုင်ပေ။

ယန်ယွဲ့သည် ကောင်းကင်ငယ်နှင့်
အချိန်အတော်ကြာအောင်

စကားပြောပြီးနောက်

သူသွားနေသည့်နေရာကို

ရောက်ခါနီးနေလေရာ မှူလစေတီထဲမှ

ပြန်ထွက်သွားခဲ့သည်။

တစ်နာရီခန့်အကြာတွင် ယန်ယဲ့သည်

ရပ်တန့်သွားသည်။ သူနှင့်

သိပ်မဝေးလှသောနေရာတွင်

ကျောက်တုံးမြို့ကြီးတစ်မြို့ရှိနေသည်။

အရောင်အသွေးစုံလင်သော

ကျောက်တုံးမျိုးစုံဖြင့်တည်ဆောက်ထား

သည်။ ထို့ကြောင့် မြို့သည်

အလွန်ကြီးမားပုံရပြီး

ခိုင်ခံ့သည်ဟုခံစားရလေသည်။

ယန်ယဲ့သည်

မြို့ရိုးကိုမျှော်ကြည့်လိုက်သောအခါ

ကျောက်တုံးမြို့ရိုးပေါ်တွင်

စကားလုံးနှစ်လုံးကိုတွေ့လိုက်ရသည်။

စာလုံးများက ကျောက်တုံးဖြင့်
ဖန်တီးထားခြင်းပင်။

ကျောက်တုံးမြို့တော်။

ယန်ယွဲ့သည် မြို့ဝင်ပေါက်ကို ခဏ
စိုက်ကြည့်နေပြီးနောက်
လမ်းလျှောက်ဝင်လာလိုက်သည်။
အတားအဆီးမရှိဘဲ မြို့ထဲသို့
ဝင်လာခဲ့သည်။ သို့သော်

မြို့ထဲဝင်လာသည်နှင့်

သန်မာထွားကျိုင်းသောလူတစ်ယောက်

က သူ့ရှေ့တွင်ပိတ်ရပ်ထားသည်။

ထိုလူက

နတ်ဆိုးမျိုးနွယ်၏အဖွဲ့ဝင်တစ်ယောက်ပ

င်ဖြစ်သည်။

ယန်ယဲ့က

ထိုလူကိုစိုက်ကြည့်လိုက်ပြီး“မင်းတစ်ခုခု

လိုသေးလား...”ဟုမေးလိုက်သည်။

လူငယ်က ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်သည်။

“ကောင်းကင်မျိုးနွယ်လား”

ယန်ယဲ့က

ခေါင်းခါလိုက်သည်။“မဟုတ်ဘူး”

လူငယ်က ယန်ယွဲ့၏ဝတ်ရုံအစကို

ရုတ်တရက်ဆွဲကိုင်လိုက်ပြီး

အပေါ်ဆွဲမြှောက်ကာ “ဒါပေမဲ့ မင်းက

လူယုတ်မာ

ကောင်းကင်မျိုးနွယ်လို့ ငါဘာလို့ခံစားရ

တာလဲ…”

ယန်ယဲ့က လူငယ်ကို

စူးစူးရဲရဲစိုက်ကြည့်ကာ“ငါပြောပြီးပြီ

ငါမဟုတ်ဘူး”

လူငယ်၏ ပါးစပ်ထောင့်တွင်

ပြင်းထန်သော အပြုံးတစ်ခုက

“အခုတော့ ငါမှန်တယ်ဆိုတာ

ပိုပြီးသေချာနေပြီ”

ယန်ယဲ့၏လက်တစ်ဖက်က ရုတ်တရက်
လျှပ်ရှားသွားသည်။ သူက လူငယ်၏
လည်ချောင်းကို
ဆတ်ခနဲဖမ်းဆုပ်လိုက်သည်။

သို့သော် လူငယ်က
အေးစက်စွာပြုံးလိုက်ပြီး“ငါ့ခန္ဓာကိုယ်က
မင်းကို အမှိုက်လို့ ထင်နေတာလား”

“ခလွပ်”

အရိုးကွဲသံများရုတ်တရက်

ထွက်ပေါ်လာသည်။

လူငယ်၏အသံက

ချက်ချင်းရပ်တန့်သွားသော်လည်း

မသေခဲ့ပေ။

ယန်ယဲ့က စကားမပြောဘဲ လူငယ်ကို

မြေပြင်နှင့် ဆောင့်ပြီးရိုက်ချလိုက်သည်။

“ဘုန်း…”

မြေပြင်က ပေါက်ကွဲသွားသည်။

Translated by NyiNyiSo

May Be:

…အပိုင်း ၂၃၇၆

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

မြေပြင်က ကွဲထွက်သွားသည်။

ယန်ယဲ့သည် လူငယ်၏ရင်ဘက်ပေါ်
ခြေထောက်ကို နင်းလိုက်သည်။

“လာ... ငါ့ကိုပြောပါ”

“ငါက အခုကော
ကောင်းကင်မျိုးနွယ်ဝင်လား…”

လူငယ်က ယန်ယွဲ့ကို စိုက်ကြည့်နေသည်။

ယန်ယွဲ့က သူ၏ ညာခြေထောက်ကို
ထပ်ပြီး နင်းလိုက်သည်။

“ဖူး…”

လူငယ်၏ ပါးစပ်ထဲမှ

သွေးများစီးကျလာသည်။

ယန်ယဲ့က ခေါင်းငုံ့ပြီးလူငယ်ကို

စိုက်ကြည့်ကာ “မင်းမကျေနပ်ဘူးလား...”

လူငယ်က ဒေါသတကြီးနှင့် “မင်းက

ငါထင်တဲ့အတိုင်း မောက်မာတဲ့

ကောင်းကင်မျိုးနွယ်ပဲ"

“ဟုတ်လား…”

ယန်ယဲ့၏ ပါးစပ်ထောင့်တွင် အေးစက်သောအပြုံးတစ်ခုက “ငါ ဒါကိုဖြေရှင်းရတာ ကျွမ်းကျင်တယ်”

စကားပြောပြီးသည်နှင့် လူငယ်ကို ဆွဲမကာ မြေပြင်နှင့် ထပ်ပြီး ဆောင့်ရိုက်လိုက်သည်။

“ဘုန်း…ဘုန်း…”

မြေပြင်သည် ပြိုကျသွားသည်။
ဤအချိန်တွင် ယန်ယဲ့သည်
လူငယ်၏ခြေထောက်တစ်ဖက်ကို
ဆုပ်ကိုင်ကာမြေပြင်နှင့်
အဆက်မပြတ် ဆောင့်ရိုက်ချလိုက်သည်
။ မြေပြင်သည် အဆက်မပြတ်
ကွဲအက်လာလေသည်။
မရေမတွက်နိုင်သော

ကျောက်တုံးကျောက်ခဲများ၊ သွေးများ

ပတ်ဝန်းကျင်သို့ ဖြန်းခနဲဖြန်းခနဲ

ဖြစ်သွားကာ

လုံးဝကြောက်စရာကောင်းသော

မြင်ကွင်းတစ်ခုဖြစ်လာသည်။

ဤအတောအတွင်း နတ်ဆိုးမျိုးနွယ်မှ

ကျင့်ကြံသူ အများအပြား ဤနေရာတွင်

စုရုံးလာကြသည်။

"ရပ်လိုက်စမ်း…"

အဝေးဆီမှ ဒေါသတကြီး အော်ဟစ်သံ ရုတ်တရက် ထွက်ပေါ်လာသည်။ သို့သော်လည်း ယန်ယွဲ့သည် ရပ်တန့်ရန်မပြုပေ။ လူငယ်ကို မြေပြင်နှင့် ဆက်လက်ထုရိုက်နေခဲ့သည်။

"မင်းဘယ်လို လုပ်ရဲသလဲ…"

နောက်ထပ် ဒေါသတကြီးအော်သံ တစ်သံ ထွက်ပေါ်လာပြီးနောက် ပုံရိပ်တစ်ခုက ယန်ယဲ့ဆီသို့ ခုန်ဝင်လာသည်။ ယန်ယဲ့က ရပ်လိုက်ပြီး နောက်လှည့်ကာ လက်သီးဖြင့် ထိုးချလိုက်သည်။

“ဘုန်း…”

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး ပုံရိပ်က နောက်ပြန်လွင့်ထွက်သွားသည်။

ယန်ယဲ့ကို တိုက်ခိုက်ခဲ့သူက

သံချပ်ကာဝတ်အမျိုးသားတစ်ဦးဖြစ်သ

ည်။ ထိုလူက အသက်(၃၀)

ဝန်းကျင်ခန့်ရှိပြီး ခန္ဓာကိုယ်က

ထွားကျိုင်းလှသည်။ ယန်ယဲ့က

သူ့ရှေ့တွင် ကလေးတစ်ယောက်လိုပါ။

ထိုလူက သူ၏လက်သီးကို တစ်ချက်

ငုံ့ကြည့်လိုက်သည်။ သူ၏လက်သီးက

ကွဲအက်သွားပြီး အရိုးများပင်
မြင်နေရလေသည်။

သံချပ်ကာဝတ်တပ်သားက ယန်ယွဲ့ကို
မော့ကြည့်ရင်း သူ့မျက်လုံးထဲတွင်
လေးနက်မှုတစ်ခု ပေါ်လာပြီး
“မင်းကဘယ်သူလဲ…”

ယန်ယဲ့က လူငယ်ကို ဘေးသို့

ကန်ထုတ်လိုက်သည် “ဘာဖြစ်လို့လဲ…”

ဟုမေးလိုက်သည်။

“သူက ကောင်းကင်မျိုးနွယ်ကလာတာ”

သေလုမျောပါးဖြစ်နေသော လူငယ်က

ရုတ်တရက် အော်ပြောလိုက်သည်။

“ကောင်းကင်မျိုးနွယ်”

ထိုစကားကို ကြားသောအခါ

နတ်ဆိုးမျိုးနွယ်မှ လူတိုင်းက ယန်ယဲ့ကို

စိုက်ကြည့်နေသည်။

သူတို့၏အကြည့်တွင်

ရန်လိုသောအကြည့်များရှိနေသည်။

သံချပ်ကာဝတ်တပ်သားကတော့

သူ၏အကြည့်များက အေးစက်သွားကာ

တိုက်ခိုက်ရန်ပြင်နေသည်။

ဤအချိန်တွင် ယန်ယဲ့က

လူငယ်လေးရှေ့တွင် ပေါ်လာသည်။

ထိုနောက် လူငယ်ကို ဆွဲမကာ

“ဘာလို့မင်းကို ရိုက်နှက်ခဲ့တာလဲ

သိလား…။ မင်းဟာ ငါက

ကောင်းကင်မျိုးနွယ်ဝင်မဟုတ်ဘူးဆိုတာ

သိနေပေမဲ့ ငါ့ကို ဆက်ပြီး ပြဿနာရှာဖို့

ဖိအားပေးနေတုန်းပဲ”

စကားပြောပြီးနောက် ယန်ယဲ့က

လူငယ်ကို ပါးဖြတ်ရိုက်ချလိုက်သည်။

ပါးရိုက်သံကျယ်လောင်စွာ

ထွက်ပေါ်လာပြီးနောက် လူငယ်က

လွင့်ထွက်သွားသည်။ မြေပြင်ပေါ်

ပြုတ်ကျမလာခင် ၁

ကီလိုမီတာကျော်အထိပင်

လွင့်ထွက်သွားခဲ့သည်။

လှူငယ်ကို ပါးဖြတ်ရိုက်လိုက်ပြီးနောက်
ယန်ယဲ့က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး “ငါက
လူသားပါ”

“လူသားတစ်ယောက်လား...”

ဤနေရာရှိ လူတိုင်း
အံ့အားသင့်သွားကြသည်။

ဤအချိန်တွင် ယန်ယဲ့သည် သူ၏
အငွေ့အသက်ကို ထုတ်လွှတ်လိုက်သည်။
သူ့ထံမှ လူသားအငွေ့အသက်ကို
အာရုံခံလိုက်သည်နှင့် တစ်ပြိုင်နက်
နတ်ဆိုးမျိုးနွယ်မှ
လူများစွာ၏အမူအရာများသည်
အနည်းငယ် သက်သာလာခဲ့သည်။

လူတိုင်း (နတ်ဆိုးအဖွဲ့ဝင်များ)က
ကောင်းကင်မျိုးနွယ်မှ လာသော

ကျင့်ကြံသူများကို တိုက်ခိုက်ရန်အတွက်

ရောက်လာကြခြင်းပင်။ သို့သော်လည်း

ယန်ယဲ့သည်

ကောင်းကင်မျိုးနွယ်မှမဟုတ်ပေ။

ဤသို့ဖြင့် အတော်များများက

ထွက်သွားပါတော့သည်။ ယန်ယဲ့လည်း

ထပ်ပြီးမတိုက်ခိုက်တော့ဘဲ

ထွက်သွားတော့သည်။

သူသည်ပြဿနာရှာဖို့

ရောက်လာခြင်းမဟုတ်ပေ။

သို့သော်လည်း တစ်စုံတစ်ယောက်က

သူ့ဆီလာပြီး ပြဿနာရှာနေရင်တော့

နောက်ဆုတ်မည် မဟုတ်ပေ။

သတ်သင့်လျှင်

သတ်ရမည်။ ရိုက်နှက်သင့်ရင်

ရိုက်နှက်ရပါမည်။

ဤအချိန်တွင် လူငယ်တစ်ယောက်က ယန်ယွဲ့ရှေ့တွင် ရုတ်တရက် ပေါ်လာသည်။

“မင်းက လူသားလား…။ ငါလည်း လူသားတစ်ယောက်ပဲ။ ငါ့နာမည်က လောင်ဖန်း။ တွေ့ရတာ ဝမ်းသာပါတယ်”

ယန်ယွဲ့သည် သူ့ရှေ့မှလူကို စူးစိုက်ကြည့်နေရင်းမျက်လုံးထဲမှ

အနည်းငယ်အုံ့ဩသွားသည်။
အကြောင်းမှာ ထိုလူငယ်က
အမြင်တာအိုသခင်
ဖြစ်နေသောကြောင့်ပင်။

တာအိုသခင်။

ထိုလူငယ်က အသက် (၃၀)နှစ်
အောက်ဖြစ်သော်လည်း
အမြင်တာအိုသခင် ဖြစ်နေပါပြီး။

တစ်နည်းအားဖြင့် ထိုလူငယ်၏

ပင်ကိုစွမ်းရည်က တော်တော်လေးကို

ကြီးမားလှသည်။

ယန်ယဲ့က သူ့အတွေးများကို

ထိန်းလိုက်ပြီး "ယဲ့ယန်"

သူ၏အမည်းအရင်းကို ဖုံးကွယ်ထားရန်

သဘာဝကျကျပြန်ဖြေခဲ့သည်။

ပုန်းရမည်ကို မကြောက်သော်လည်း

ယန်ယွဲ့ဟူသောအမည်က
ပြဿနာအများကြီး ဖြစ်လာစေနိုင်သည်။

လောင်ဖန်းက ပြုံးပြီး "အစ်ကိုယွဲ့
ငါထင်တာမမှားရင် မင်းဟာ ပညာရှင်
အပျက်အစီးနယ်မြေအတွက်
ဒီကိုရောက်နေတာ မဟုတ်လား..."

ယန်ယွဲ့က ခေါင်းညိတ်လိုက်ပြီး
"မင်းလည်း အတူတူပဲ မဟုတ်လား..."

လောင်ဖန်းက ပြုံးပြီး “ကြည့်ရတာ

ငါတို့မှာ ဘုံရည်မှန်းချက်တစ်ခုရှိတယ်။

ဟုတ်တယ် ငါမှာ

အခြားမိတ်ဆွေတစ်ယောက်ရှိတယ်။

မင်းငါတို့နဲ့ပူးပေါင်းဖို့

ဆန္ဒရှိသလားလို့ သိပါရစေ”

လောင်ဖန်းက “အစ်ကိုယ့်မင်းက

ပညာရှင်အဆင့်

အပျက်အစီးနယ်မြေအကြောင်း

သိပ်မသိသေးတာဖြစ်နိုင်တယ်” ဟု

ဆက်ပြောလိုက်သည်။

ယန်ယဲ့က

ခေါင်းညိတ်လိုက်သည်“ဟုတ်တယ်

ငါသိပ်မသိဘူး။ ဘာအကြောင်းလဲ...”

လောင်ဖန်းက “ဒါက

မိုးကုပ်စက်ဝိုင်းတောင်တန်းမှာတည်ရှိတ

ယ်။ နတ်ဆိုးကမ္ဘာနဲ့ ပင်လယ်ကမ္ဘာရဲ့

နယ်နိမိတ်မှာ တည်ရှိတယ်။

မိုးကုပ်စက်ဝိုင်းတောင်တန်းလို့

ခေါ်တာက သမုဒ္ဒရာမျိုးနွယ်စုရဲ့

တစ်ဖက်ခြမ်းက

မိုးကုပ်စက်ဝိုင်းအစွန်းမှာ ရှိနေလို့ပဲ”

ယန်ယဲ့က “မင်းဘာပြောဖို့

ကြိုးစားနေတာလဲ...”

လောင်ဖန်းက ပြုံးပြီး “အစ်ကိုယ့်
ပညာရှင်အဆင့် အပျက်အစီးနယ်မြေက
တနင်ဖို့မလွယ်ဘူး ငါတို့ရင်ဆိုင်ရမဲ့
အန္တရာယ် သုံးခုရှိတယ်။ ပထမအချက်
နတ်ဆိုးမျိုးနွယ်နဲ့ ပင်လယ်မျိုးနွယ်ရဲ့
လူငယ်မျိုးဆက်သစ် ကျင့်ကြံသူတွေ။
ပညာရှင်အဆင့်
အပျက်အစီးနယ်မြေအတွက်
အရင်းအမြစ်တွေစုဆောင်းဖို့ စပြီး

လုယက်တယ် သတ်ဖြတ်ကြတယ်။
မိုးကုပ်စက်ဝိုင်းတောင်ပေါ်မရောက်ခင်
လူတော်တော်များများကုန်မယ်လို့
သတင်းတွေ ထွက်ပေါ်နေတယ်”

သူက ခဏရပ်ပြီး “ဒုတိယ အန္တရာယ်က
တောင်ခြေမှာရှိတယ်။  အဲ့ဒီနေရာမှာ
လျှို့ဝှက်ဆန်းကြယ်တဲ့
စွမ်းအင်အမျိုးအစား
အနည်းငယ်ရှိတယ်။ တစ်ချိန်က

ဈာန်သခင်တွေကိုတောင်

သတ်ဖြတ်ခဲ့တယ်။ တတိယ

အန္တရာယ်ကတော့

မျိုးနွယ်ခြားအသီးသီးက

ညာဏ်ကြီးရှင်တွေပဲ။ ငါတို့က

အမွေအနှစ်ကို ရရင်တောင်

အန္တရာယ်ကင်းကင်းထွက်ခွာနိုင်ဖို့က

မဖြစ်နိုင်သလောက်ပဲ။ ဒါဆို

ညီအစ်ကိုတွေရှာဖို့ လိုတယ်
မဟုတ်လား...”

ယန်ယဲ့က ခနတုံ့ဆိုင်းသွားပြီး
“ကောင်းပြီ” ဟု ခေါင်းညိတ်လိုက်သည်။

သူသည်
မိုးကုပ်စက်ဝိုင်းအကြောင်းသိပ်မသိသော
ကြောင့် လောင်ဖန်းတို့ အဖွဲ့နှင့်အတူ
ခရီးဆက်ခြင်းက ပြီးပြည့်စုံသော

အကြံအစည်ပင်။

မိုးကုပ်စက်ဝိုင်းတောင်တန်းသည်

ပညာရှင်အဆင့်

အပျက်အစီးနယ်မြေရှိသည့်

တောင်တန်းပင်။ ၎င်းသည်

ပုံမှန်နေရာမဟုတ်ကြောင်း

သိသာပါသည်။

ယန်ယဲ့ သဘောတူသည်ကို

မြင်သောအခါ လောင်ဖန်းက ပြုံးပြီး

“ကျေးဇူးပြုလို့ ငါနဲ့ လိုက်ခဲ့ပါ”

ထိုနောက်တွင် ယန်ယဲ့သည်

ကျောက်တုံးမြို့မှ ထွက်ကာ

လောင်ဖန်းနောက်သို့ လိုက်လာခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက်

မြို့အပြင်ဘက်

တောင်ကုန်းငယ်တစ်ခုသို့

ရောက်လာသည်။ ထိုနေရာတွင်
အမျိုးသားတစ်ဦးနှင့်
အမျိုးသမီတစ်ဦးကို တွေ့လိုက်ရသည်။

အမျိုးသားက  ခရမ်းရောင်ဝတ်စုံဝတ်ဆ
င်ထားပြီး
လှံတစ်ချောင်းကိုင်ဆောင်ထားသည်။
အမျိုးသမီးကတော့ တိမ်ဖြူဝတ်စုံကို
ဝတ်ဆင်ထားကာ သူမ၏ ခါးတွင်
ဓားတစ်ချောင်း ချိတ်ဆွဲထားသည်။

နှစ်ယောက်စလုံးက

ချောမောလှပကြသည်။

ခရမ်းရောင်ဝတ်လူငယ်က

ယန်ယဲ့ကိုကြည့်ကာ “ဒါကဘယ်သူလဲ...”

ဟုမေးလိုက်သည်။

လောင်ဖန်းကပြုံးပြီး “ဒါက အစ်ကို

ယဲ့ယန်ပါ။ သူ့ကို ကျောက်တုံးမြို့မှာ

တွေ့ခဲ့တယ်”

သူက ယန်ယဲ့ကို ကြည့်ကာ

အမျိုးသားနှင့် အမျိုးသမီးကို ညွှန်ပြပြီး

“ဒါက  လူသားမျိုးနွယ်ထဲက

အစ်ကိုစုရှစ်၊ သူမလည်း

လူသားမျိုးနွယ်ထဲကပဲ သူ့ရဲ့ နာမည်က

မိန်းကလေး အားရှဲ့”

စုရှစ်နှင့် အားရှဲ့က ယန်ယဲ့ကို ခဏစိုက်ကြည့်လိုက်ပြီး ခေါင်းညိတ်ကာ နှုတ်ဆက်ကြသည်။

ယန်ယဲ့လည်း သူတို့ကို ခေါင်းညိတ်ပြပြီး လောင်ဖန်းကို လှည့်ကြည့်ကာ “ငါတို့ အခုသွားကြမလား…”

လောင်ဖန်းက ပြုံးပြီး “ဒါပေါ့ ငါတို့က အချိန်မဖြုန်းနိုင်ဘူး”

ထိုနောက်တွင် သူတို့အထွဲက

တောင်ကုန်းမှ ထွက်ခွာပြီး

မိုးကုပ်စက်ဝိုင်းတောင်တန်းသို့

ဦးတည်လိုက်ကြသည်။

မိုးကုပ်စက်ဝိုင်းတောင်တန်းသည် အချိန်

(၄)နာရီလောက်သာ ကွာဝေးသည်။

ပျံသန်းသွားပါက အနည်းဆုံး

(၁၀)မိနစ်အောက်သာ ကြာပါလိမ့်မည်။

သို့သော် လူတိုင်းက

သက်ရှိပစ်မှတ်များဖြစ်လာနိုင်သော
ကြောင့် ပျံသန်းကြခြင်းမရှိပေ။

လောင်ဖန်းက ရုတ်တရက်
“မင်းတို့တွေလည်း ယန်ယွဲ့ လာမယ်လို့
ထင်လား…” ဟုမေးလိုက်သည်။

ထိုစကားကြားသောအခါ ယန်ယွဲ့သည်
အံ့သြသွားသည်။

စုရှစ်က “သူလာသင့်တယ်။
ပညာရှင်အဆင့် အပျက်အစီးနယ်မြေက
ငါတို့လို ကျင့်ကြံသူတွေအတွက်
ကြီးမားတဲ့ ကံကြမ္မာကောင်းချီးတစ်ခုပဲ။
ဒါကို သူက
လက်မလွှတ်လောက်ဘူးထင်တယ်”

အားရှဲ့က ရုတ်တရက်ပြောခဲ့သည်။
“သူလာမယ်လို့ မျှော်လင့်ပါတယ်”

ယန်ယဲ့က သူမကို ကြည့်ပြီး "ဘာလို့လဲ..."

သို့သော် အားရှဲ့က စကားတစ်ခွန်းမှ ပြန်မပြောပေ။

Translated by NyiNyiSoe